# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်    ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ကြာသပတေးနေ့၊    အတွဲ [၅၅]၊ အမှတ် [၁၃၄]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၁**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ္မစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟတ်ဆန်ရိုဟာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီများ ဖွဲ့စည်းရန်လျာထားမှုနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းမှု အတည်ပြုဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ ဖွဲ့စည်းရန်လျာထားမှုနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီဖွဲ့စည်းမှုကို အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

အစီအစဉ်အရ **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ** ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ**တွင် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောသန်းထွဋ်နှင့် ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်

*စာမျက်နှာ ၇ ကော်လံ ၁* ■



**အသစ်ပြန်လည်တည်ဆောက်သည့် မိတ္ထီလာကန်ကူးတံတား**

တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၄)မှ အသစ်ပြန်လည်တည်ဆောက်သည့် မိတ္ထီလာကန်ကူးတံတား ဒုတိယ (နှစ်လမ်းသွား) ပေ ၆၀၀ ထပ်မံတိုးချဲ့တည်ဆောက်မှု လုပ်ငန်းခွင်ကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။ (အဆိုပါတံတားတည်ဆောက်မှုမှာ လက်ရှိတွင် ၈၅ ရာခိုင်နှုန်းကျော်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။) **ချမ်းသာ(မိတ္ထီလာ)**

## မင်္ဂလာဈေးမီးလောင်ဆိုင်ရှင်များ စည်ပင်ဘဏ်မှ စတင်ငွေချေးနိုင်ပြီ

**သတင်း-မြင့်မောင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန်  ဖေဖော်ဝါရီ  ၁၀**

ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မီးလောင်ခံရသူ ဆိုင်ပိုင်ရှင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ဘဏ်က ငွေကျပ်တစ်ဘီလီယံကို အချိုးကျထုတ်ချေးပေးသွားမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ ရက်မှစတင်၍ ချေးငွေများထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အရင်တုန်းက ဒီချေးငွေကို အလကားရမလားလို့ လျှောက်ထားတဲ့သူ ၈၀၀ ကျော်လောက်ရှိတယ်။ အခုပြန်ဆပ်ရမယ်ဆိုတော့ လျော့သွားတယ်။ အခု ဒီချေးငွေကိုလျှောက်ထားတဲ့သူက ၆၅၁ ဦးရှိတယ်။ အတိုးကတစ်နှစ်ကို တစ်ဆယ်ရာခိုင်နှုန်းဆိုတော့ တစ်နေ့ ရှစ်ကျပ်လောက်ပဲကျတယ်။ ဆပ်တာကတော့ တစ်နှစ်အတွင်းပြန်ဆပ်ရမှာ ဖြစ်ပါတယ်" ဟု ဌာနမှူး ဦးစံရွှေထွန်းက ပြောသည်။

*စာမျက်နှာ ၈ ကော်လံ ၄* ■

## ပြည်ထောင်စု၊ တည်တံ့ခဲ့သော (၆၉)နှစ်အချိန်ကာလနှင့် စစ်မှန်သော ချစ်ခြင်းတရား

*စာမျက်နှာ-၆*

## နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်

*စာမျက်နှာ-၉*

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော်  ဖေဖော်ဝါရီ  ၁၀**

ယနေ့မြန်မာစံတော်ချိန် နံနက် ၁၁ နာရီခွဲတိုင်းထွာချက်များအရ အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ **(မိုး/ဇလ)**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာ့စီးပွားရေးမြို့တော်

မြန်မာနိုင်ငံ၏ ဗဟိုအချက်အချာတွင် အုပ်ချုပ်ရေးမြို့တော်ဖြစ်သည့် နေပြည်တော်ပေါ်ပေါက်လာပြီးနောက် ရန်ကုန်မြို့တော်ကို စီးပွားရေးမြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကြသည်။ လူဦးရေ ခုနစ်သန်းခန့်နေထိုင်သည့် ရန်ကုန်မြို့ကြီးသည် ကုန်းကြောင်း၊ ရေကြောင်းနှင့် လေကြောင်းတို့ဖြင့် ခရီးသွားလာနိုင်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ထိတွေ့ဆက်ဆံနိုင်သော ပင်လယ်ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ ပြည်တွင်း ပြည်ပ ကူးလူးဆက်ဆံ၍ ကုန်စည်များ စီးဆင်းမှု အားအကောင်းဆုံးမြို့ကြီးလည်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဤသို့စီးပွားရေးအချက်အချာကျမှုကို အခြေခံပြီးမြို့ပြ စီးပွားရေးအင်အားတောင့်တင်းသော အခြေအနေမှသည် နိုင်ငံ စီးပွားတောင့်တင်းခိုင်မာမှုကို တည်ဆောက်သွားရန် လိုအပ်ပေသည်။ စီးပွားရေးကို အခြေခံပြီးဖွံ့ဖြိုးတိုးတက်သောမြို့တော်ကြီး အဖြစ် တည်ဆောက်သွားရန် ကြိုးပမ်းလျက်ရှိသည်။ သို့သော် ခရီးသွားရေးလုပ်ငန်းအများစုမှာ ငါးစာချစီးပွားရေးအနေအထားတွင်ရှိနေဆဲ ဖြစ်သည်။ ဥပမာအားဖြင့် တက္ကစီထောင်၍ ဝင်ငွေကောင်းလျှင် တက္ကစီထောင်သူများ များလာသည်။ ဘတ်စ်ကားလိုင်းက ဝင်ငွေကောင်းလျှင် ဘတ်စ်ကားထောင်သူများလာသည်။ လုပ်ငန်းအများစုမှာ အခြားသူများ အောင်မြင်မှုရထားသော လုပ်ငန်းများကို ဝိုင်းလုပ်နေကြသည်။ ငါးပွက်ရာငါးစာချစီးပွားရေး အဝန်းအဝိုင်းအတွင်းမှာသာ ရှိနေကြသည်။ တီထွင်ဆန်းသစ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းသောလုပ်ငန်းများ အားနည်းနေသည်။

အမှန်စင်စစ် တီထွင်ဆန်းသစ်မှုများနှင့် အရည်အသွေးကောင်းပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကုန်ထုတ်လုပ်ငန်းများသည် ငါးစာချစီးပွားရေးထက် များစွာအကျိုးရှိနိုင်သည်။ မျက်မှောက်ခေတ်သည် တီထွင်ဆန်းသစ်သူများက မိမိတို့၏ စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်များကို အသစ်အသစ်သောတီထွင်ဆန်းသစ်မှုများဖြင့် ဈေးကွက်ကို ကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာအောင် ကြိုးပမ်းအားထုတ်နေချိန်ဖြစ်သည်။ တီထွင်ဆန်းသစ်မှုမရှိလျှင် အမြဲတမ်း ခေတ်နောက်ကျနေမည်သာဖြစ်သည်။ သူများနောက်လိုက်ဖြစ်ခြင်းကြောင့် ရေရှည်စီးပွားရေးတိုးတက်မှု မရနိုင်ချေ။ တီထွင်ဆန်းသစ်သောကမ္ဘာတွင် အမြဲတမ်းတီထွင်ကြံဆလုပ်ကိုင်ကြမှသာ ရေရှည်ကြီးပွားနိုင်သည်။ ခိုင်မာသော စီးပွားရေးအသိုက်အဝန်းတစ်ရပ်ကို ထူထောင်သွားနိုင်ပေလိမ့်မည်။ ယခုအခါ အာဆီယံစီးပွားရေးအသိုက်အဝန်းကိုလည်း ထူထောင်ထားပြီဖြစ်သည်။ မိမိတို့တီထွင်ဆန်းသစ်မှုများနှင့် အရည်အသွေးမီ ထုတ်လုပ်မှုများကို ပြည်တွင်းမှာသာမက ဒေသတွင်းနိုင်ငံများအထိ လွတ်လပ်စွာ ဖြန့်ကြက်နေပြီဖြစ်သည်။

သို့ဖြစ်၍ ရန်ကုန်မြို့တော်ကြီးသည် စီးပွားရေးမြို့တော်ကြီးအဖြစ် သတ်မှတ်ထားသည့်အလျောက် ကူးသန်းရောင်းဝယ်ရေး မြို့တော်အနေအထားမှသည် ဒေသတွင်းနိုင်ငံများရှိ စီးပွားရေး မြို့တော်များကဲ့သို့ ဖြစ်အောင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ ပညာရှင်များ၊ တီထွင်ထုတ်လုပ်သူများ၊ စွန့်ဦးလုပ်ငန်းရှင်များ ပူးပေါင်းကာ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်မှုအပေါ် အရှိန်အဟုန်အားကောင်းစွာ မြင့်တင်သွားကြရမည်ဖြစ်ပါကြောင်း။ ။


## မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ကျေးလက်ဒေသ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကျောက်ဖြူ ဖေဖော်ဝါရီ ၁၀

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းပြဲမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာ ၁၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ပထမပတ်က အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသဦးစီးမှူး ဦးအောင်ထွန်းက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်နှင့် အားနည်းချက်၊ အားသာချက်များကို ချင့်ချိန်ပြီး လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၁၅၇)

## ၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး။

၂။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

၃။ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

၄။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

၅။ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

## (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြု မြင်းခြံ-တလုပ်-ဆီမီးခုံကတ္တရာလမ်းသစ်ဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းခြံ-တလုပ်-ဆီမီးခုံ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က မြင်းခြံမြို့နယ် တလုပ်ကျေးရွာ အဝင်မုခ်ဦး၌ ကျင်းပသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြင်းခြံ-တလုပ်-ဆီမီးခုံလမ်းပိုင်းကို လမ်းအရှည် ရှစ်မိုင် လေးဖာလုံအား ကတ္တရာခင်းပြီးစီးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးအတွက် ကျေးလက်လမ်းတံတား၊ ရေပေးဝေရေး၊ ကျေးလက်အိမ်ရာဆောက်လုပ်ပေးနိုင်ရေး၊ ဆိုလာဖြင့် မီးလင်းရေး၊ မဟာလျှပ်စစ်ဓာတ်အားလိုင်းမှတစ်ဆင့် ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် မြစိမ်းရောင်ကျေးရွာ



စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇုတ်သုတ်-ဇုက္ကလိတံတားဖွင့်

ဘီးလင်း ဖေဖော်ဝါရီ ၁၀

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအတွင်းရှိ ဘီးလင်းမြို့နယ် ဇုတ်သုတ် -ဇုက္ကလိတံတားကို ဖေဖော်ဝါရီဒုတိယပတ်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းက တံတားဆောက်လုပ်မှုအခြေအနေများအား ရှင်းလင်းပြောကြားပြီး ယခုဖွင့်လှစ်ခဲ့သည့်တံတားသည် ကျေးရွာသူ ကျေးရွာသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဆိုပါတံတားကို ကျိုက်ထီးဆောင်းဆရာတော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဝေဝေ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၂-၂၀၁၆

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၀၇၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)


| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၀·၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၉·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၀၀·၃၀ |
| ထိုင်း | တစ်ဘတ် | ၃၅·၁၃၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၈·၁၀၆ |
| တရုတ် | တစ်ယွမ် | ၁၈၇·၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄·၉၆ |

ခင်ရတနာ-စုစည်းသည်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်တည်ဆောက်ရေးဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကော်မရှင်ခွင့်ပြုမိန့်ဖြင့်ဆောင်ရွက်နေသော Yangon Aerodrome Co., Ltd. က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ခြင်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်စစ်ဆေးကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌက လေဆိပ် အဆောက်အအုံသစ်၏ မြေညီထပ်အတွင်း ဆိုက်ရောက်ခရီးသည်များ Check-in Check-out ဆောင်ရွက်မည့်နေရာနှင့် နားခိုမည့်နေရာ၊ ခရီးဆောင်အိတ်များအား စနစ်တကျ ကိုင်တွယ်ဖြေရှင်းမည့်နေရာများ၊ အကောက်ခွန်ဧရိယာ တည်ဆောက်နေမှု အခြေအနေ၊ ပထမထပ်အတွင်း နိုင်ငံကူးလက်မှတ်စစ်ဆေးမည့်နေရာ၊ ထွက်ခွာမည့်ဂိတ်နေရာ၊ Terminal နှင့် ခရီးသည်များ ဝင်ထွက်သွားလာမည့် ပေါင်းကူး တံတားတည်ဆောက်နေမှုများ၊ ဒုတိယထပ်အတွင်း စျေးဆိုင်များနှင့် စားသောက်ဆိုင်များ ထားရှိမည့်နေရာ၊ တတိယထပ်အတွင်း Terminal နှင့် ပေါင်းကူးတံတားတည်ဆောက်နေမှုတို့၏ တိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရှင်းလင်းဆောင်အတွင်း Yangon Aerodrome Co., Ltd. ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များ၊ ခရီးသည်များ ဝင်ထွက်သွားလာနိုင်မှုအခြေအနေများ၊ အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ လက်ရှိလေဆိပ်၏ facilities အခြေအနေများနှင့် တည်ဆောက်ပြီးစီးသည့်နောက် ဖြစ်ပေါ်လာမည့် facilities အခြေအနေများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Project Master Plan ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် လေဆိပ်လုပ်ငန်းများ စီမံခန့်ခွဲဆောင်ရွက်မှု၊ လွှဲပြောင်းဆောင်ရွက်နေသည့်အခြေအနေများနှင့် လေယာဉ်ရပ်နားရန် Apron တည်ဆောက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဇင်ယော်က တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်မရှင်အဖွဲ့ဝင်အသီးသီးက လိုအပ်သည့် အကြံပြုချက်များ၊ ဆက်လက်ဆောင်ရွက်မည့် ကိစ္စများအား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌက လေဆိပ်ဘေးကင်းလုံခြုံမှု အစီအစဉ်များ စနစ်တကျစီမံထားရှိရန်၊ လေဆိပ်အဆင့်မြှင့်တင်ရေးလုပ်ငန်းကို နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်၍ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ စီမံကိန်းလုပ်ငန်းအားဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ခရီးစဉ်နှင့် ခရီးသည်များ အရေအတွက်ပေါ်မူတည်၍ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ကော်မရှင်သို့ တင်ပြဆောင်ရွက်ရန်၊ အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု၊ လိုအပ်သော နေရာချထားမှု၊ ပြေးဆွဲမည့်လေယာဉ်များ စီမံထားရှိမှုတို့ကို သက်ဆိုင်ရာ တာဝန်ခံဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ တာဝန်ခံထားသည့် ကတိကဝတ်များအတိုင်း ဆောင်ရွက်ရန်၊ လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုအစီအစဉ်များ ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီရန်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ့်စ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီရန်အစ္စလာမ့်စ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုဟာမက် ဂျာဗက် ဇာရစ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



**ဖေဖော်ဝါရီ ၁၀ ရက်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ Diplomatic Service Day အထိမ်းအမှတ်ညှော့ခံပွဲအခမ်းအနား တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Vasily POSPELOV ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားအား ယနေ့ နံနက် ၁၀ နာရီခန့်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ရတနာစံပြဘုန်းတော်ကြီး ပညာသင်ကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်း (MWCDF)မှ ဥက္ကဋ္ဌဒေါက်တာ ဒေါ်ဝေဝေသာနှင့် အဖွဲ့ဝင်များ၊ ရတနာစံပြ (ဘက) ကျောင်းမှ ဆရာဆရာမကိုးဦးနှင့် ကျောင်းသားကျောင်းသူ ၃၁၀ တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တနန္ဒိယသဒ္ဓမ္မဇောတိကထံမှ တရားနာယူကြပြီးMWCDF အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သင်္ကန်းနှင့်ဝတ္ထုငွေများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြဝင်းက မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ်ပြုလုပ်ရခြင်းရည်မှန်းချက်မှာ ကလေးများသည် နောင်တွင်ဖြောင့်မတ်တည်ကြည်သော၊ မွန်မြတ်သော စိတ်ထားဖြင့် နိုင်ငံချစ်စိတ်မွေးမြူ၍ လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသော ကျောင်းသားကျောင်းသူလေးများအား မြန်မာနိုင်ငံကလေးများနေ့နှင့် ပတ်သက်သည့် မေးခွန်းများ၊ အထွေထွေဗဟုသုတများ၊ ဉာဏ်စမ်းမေးမြန်း၍ ဆုများချီးမြှင့်ခဲ့ကာ တက်ရောက်လာသူများကို အစားအသောက်များ ကျွေးမွေးလှူဒါန်းခဲ့ကြောင်းနှင့် ထိုကဲ့သို့ စုစုပေါင်းလှူဒါန်းမှုမှာ ငွေကျပ် ၆၁၇၈၉၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❐ *ကျော်ဖုံးမှ*

အခြေအနေအား ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့် အဖွဲ့လည်း ကြည့်ရှုစစ်ဆေးသည်။

ဖြစ်စဉ်တွင် လေယာဉ်ပေါ်၌ လိုက်ပါလာသည့် တပ်မတော်(လေ)မှ လေသူရဲဗိုလ်မှူးတစ်ဦး၊ တွဲဖက်လေသူရဲဗိုလ်ကြီးနှစ်ဦးနှင့် လေယာဉ်အဖွဲ့သား အုပ်ခွဲတပ်ကြပ်ကြီး တစ်ဦး ပေါင်းလေးဦးသေဆုံးပြီး လေယာဉ်အဖွဲ့သား ဒုတိယတပ်ကြပ်တစ်ဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် နေပြည်တော် တပ်မတော်ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူစဉ် မွန်းတည့် ၁၂ နာရီခန့်တွင် ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ လေယာဉ်တွင်ပါရှိသည့် Cockpit Voice Recorder (CVR)နှင့် Flight Data Recorder (FDR)တို့မှတစ်ဆင့် စုံစမ်းဖော်ထုတ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော် (လေ) မှ BEECH-1900 D အလတ်စားသယ်ယူပို့ဆောင်ရေး လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများအား တာဝန်ရှိသူများက စစ်ဆေးနေမှုကိုတွေ့ရစဉ်။** (ဓာတ်ပုံ-သူဇာလှိုင်-စက်မှု)

# ပြည်ထောင်စုနေ့ဂုဏ်ပြု အင်းဝဘဏ်လီမိတက်၏ ၃၉ ခုမြောက် ဟုမ္မလင်းဘဏ်ခွဲဖွင့်လှစ်

**ဟုမ္မလင်း ဖေဖော်ဝါရီ ၁၀** - (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ ၃၉ ခုမြောက် ဘဏ်ခွဲဖြစ်သော ဟုမ္မလင်းဘဏ်ခွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၃၆ မိနစ်က အမှတ်(၁၅၄) ခိုပဲဝရပ် အကွက်အမှတ်(၉) ခိုင်သဇင်လမ်း ဟုမ္မလင်းမြို့ရှိ အဆောက်အအုံ၌ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြသိန်း၊ နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ဟုမ္မလင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟုမ္မလင်းမြို့တွင် အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲတစ်ခုဖွင့်လှစ်ခြင်းဖြင့် ဟုမ္မလင်းမြို့ပေါ်နှင့် မြို့နယ်အတွင်းနေထိုင်သူ တိုင်းရင်းသားပြည်သူများအားလုံး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စအဝဝအား ဟုမ္မလင်းဘဏ်ကို ဗဟိုပြုကာ မြန်မာပြည်အနှံ့အပြားသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ရထားတိုက်မှုဖြစ်ပွားသည့်နေရာ၌ ဒဏ်ရာရရှိသူတစ်ဦးအားကယ်ဆယ်ရေးပြုလုပ်နေစဉ်။

# ဂျာမနီရထားတိုက်မှု မီးရထားဝန်ထမ်းများ၏ချွတ်ချော်မှုကြောင့်ဟုဆို

**ဘာလင် ဖေဖော်ဝါရီ ၁၀**

ဂျာမနီတောင်ပိုင်း ဘာဗာရီယာပြည်နယ်၌ အင်္ဂါနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် ရထားခေါင်းချင်းဆိုင်တိုက်မှုကြောင့် လူ ၁၀ ဦး သေဆုံးခဲ့ရပြီး အဆိုပါဖြစ်ရပ်သည် မှားယွင်းသော သတင်းပေးပို့မှုစနစ်ကြောင့် ဖြစ်သည်ဟု ဂျာမန်သတင်းမီဒီယာက ဖော်ပြသည်။

မီးရထားအမှုထမ်းတစ်ဦးက နောက်ကျနေသည့်ရထားကို အလံဝှေ့ယမ်းပြရန်အတွက် အလိုအလျောက်အချက်ပြစနစ်ကို လုပ်နေကျ မဟုတ်သည့် ရပ်တန့်မှုမျိုးဖြင့် ရပ်တန့်လိုက်ခြင်းကြောင့်ဖြစ်ကြောင်း ဂျာမနီပိုင်သတင်းစာတစ်စောင်က ဖော်ပြခဲ့သည်။

ရထားသည် ရထားသံလမ်းအကူးအပြောင်းတွင် ဆုံမှတ်သို့ အချိန်ကိုက် ဝင်ရောက်လာခြင်းမရှိခဲ့ဟု သိရသည်။ ရထားတိုက်မှုဖြစ်ပွားစဉ် ခရီးသည် ၁၇ ဦး တို့ ပြင်းထန်စွာထိခိုက်ဒဏ်ရာရခဲ့ပြီး တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိသည်ဟု ဒေသဆိုင်ရာရဲများနှင့် မီဒီယာများက ပြောသည်။ ပျောက်ဆုံးနေသူတစ်ဦးမှာ အသက်ရှင် လွတ်မြောက်ဖွယ်ရာမရှိကြောင်း ရဲအရာရှိတစ်ဦးက အင်္ဂါနေ့တွင် အခိုင်အမာ ပြောဆိုခဲ့သည်။

ရထားတိုက်မှုဖြစ်ပွားခဲ့သည့် ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ခရီးသည် ၁၅၀ ခန့် လိုက်ပါလာကြသည်ဟု သိရသည်။

**(ဆင်ဟွာ)**

# အမေရိကန်နှင့် အိန္ဒိယတို့ တောင်တရုတ်ပင်လယ်ပြင်အတွင်း ရေကြောင်းကင်းလှည့်မှု ပူးတွဲပြုလုပ်ရန်ပြင်ဆင်နေ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၀**

အမေရိကန်နှင့် အိန္ဒိယတို့သည် ရေကြောင်းကင်းလှည့်မှုများပူးပေါင်းဆောင်ရွက်ရန် ပြောဆိုဆွေးနွေးလျက်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးကပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးမှုသည် ရေပိုင်နက်အတော်များများကို တောင်းဆိုနေသည့် တရုတ်နိုင်ငံအား စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။

တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် သဘောထားကွဲလွဲမှုတွင် အမေရိကန်က ၎င်း၏ မဟာမိတ်တပ်များနှင့် အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံများကို ပိုမိုစုစည်းညီညွတ်ကြစေရန် တိုက်တွန်းခဲ့သည်။ စပရက်လီကျွန်းစုအတွင်း၌ ပေကျင်းက လူလုပ်ကျွန်းခုနစ်ကျွန်း တည်ဆောက်လိုက်သည့်အတွက် တင်းမာမှုများမြင့်တက်နေဆဲ ဖြစ်သည်။

အိန္ဒိယနှင့် အမေရိကန်တို့သည် နှစ်အနည်းငယ်အတွင်းအိန္ဒိယသမုဒ္ဒရာတွင် စစ်ရေးလေ့ကျင့်မှုများပူးပေါင်းလုပ်ဆောင်ရင်း နှစ်နိုင်ငံစစ်ရေးဆက်ဆံရေး မြှင့်တင်ခဲ့ကြသည်။ ယမန်နှစ်က စစ်ရေးလေ့ကျင့်မှုတွင် ဂျပန်ရေတပ်မတော် ပါဝင်ခဲ့သည်။

အိန္ဒိယရေတပ်အနေဖြင့် ယခုကဲ့သို့ အခြားနိုင်ငံများနှင့် ရေကြောင်းပူးတွဲကင်းလှည့်မှုမျိုး ပြုလုပ်ခဲ့ဖူးခြင်းမရှိခဲ့ဟု ရေကြောင်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသို့ ပြောကြားခဲ့သည်။

ကုလသမဂ္ဂအလံတော်အောက်တွင် အိန္ဒိယအစိုးရ၏ နိုင်ငံတကာနှင့် စစ်ရေး ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမည့် မူဝါဒကိုပြောင်းလဲလိမ့်မည်မဟုတ်ဟု ၎င်းက ပြောကြားခဲ့သည်။

**(ရိုက်တာ)**

၂၀၁၆ ဇန်နဝါရီလက ကိုလံဘိုဆိပ်ကမ်းရှိ အိန္ဒိယရေတပ်၏အကြီးဆုံး လေယာဉ်တင်သင်္ဘောကို သီရိလင်္ကာကျောင်းသားများ လေ့လာနေစဉ်။



# မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ဂျပန်တိုးမြှင့်

မြောက်ကိုရီးယားသင်္ဘောတစ်စင်းကို တွေ့ရစဉ်။



**တိုကျို ဖေဖော်ဝါရီ ၁၀**

ဂျပန်အစိုးရသည် မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုကို ဆန့်ကျင်သည့်အနေဖြင့် အရေးယူပိတ်ဆို့မှုအသစ်ပြုလုပ်ရန် နောက်ဆုံးညှိနှိုင်းမှု ပြုလုပ်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ကြေညာသည်။ ယင်းဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို တာဝေးပစ်နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ဒုံးကျည်ပစ်လွှတ်မှုအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းက ယုံကြည်လက်ခံထားကြောင်း သိရသည်။

မြောက်ကိုရီးယား သင်္ဘောများနှင့် မြောက်ကိုရီးယားဆိပ်ကမ်းမှ ထွက်ခွာလာသည့် အခြားတိုင်းပြည်များမှသင်္ဘောများ ဂျပန်ဆိပ်ကမ်းသို့ဝင်ရောက်ခြင်းမပြုရန် တားမြစ်မှုများနှင့်အတူ လူသားချင်းစာနာနားလည်မှု အပါအဝင် အခြားကန့်သတ်မှုများလည်းအရေးယူပိတ်ဆို့မှုအသစ်တွင် ပါဝင်ကြောင်း သိရသည်။ ကန့်သတ်မှုများပြုလုပ်ရန် ဆုံးဖြတ်ချက်များကြောင့် ဂျပန်နိုင်ငံမှ မြောက်ကိုရီးယားသို့ ငွေလွှဲပို့သည့် ပမာဏလည်း သိသာစွာကျဆင်းသွားကြောင်း သိရသည်။

ထို့အပြင် မြောက်ကိုရီးယားနိုင်ငံမှ နိုင်ငံခြားသားအင်ဂျင်နီယာများ ဂျပန်နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်ခွင့်ကို တားမြစ်ရန် အစိုးရက စီစဉ်နေကြောင်း သိရသည်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်မှုကိုတုံ့ပြန်ရန် ၎င်း၏အစိုးရအဖွဲ့ကို အရေးယူပိတ်ဆို့မှုများနှင့်ပတ်သက်ပြီး ပြင်းပြင်းထန်ထန်ကိုင်တွယ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အရေးယူပိတ်ဆို့မှုများ ပြုလုပ်သည့် အစီအစဉ်အပေါ် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အမေရိကန်သမ္မတဘားရက်အိုဘားမား၊ တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးတို့နှင့် သီးခြားဖုန်းဖြင့် ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့ နိုင်ငံတော်လုံခြုံရေးကောင်စီဝန်ကြီးများအစည်းအဝေးပြီးနောက် အစိုးရအဖွဲ့အစည်းအဝေးတွင် မြောက်ကိုရီးယားနိုင်ငံအပေါ် ပြင်းထန်သောအရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား အေးဂျင့်များက ဂျပန်နိုင်ငံသားများကို ပြန်ပေးဆွဲခြင်းအပေါ် မြောက်ကိုရီးယားအစိုးရက ကြားဝင်ကူညီမှုပြုလုပ်ပြီးနောက် ဂျပန်နိုင်ငံသည် ၂၀၁၄ခုနှစ် ဇူလိုင်လက မြောက်ကိုရီးယားနိုင်ငံအပေါ် ပြုလုပ်ထားသော အရေးယူပိတ်ဆို့မှုအချို့ကို ရုပ်သိမ်းပေးခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# မြောက်ကိုရီးယားဂြိုဟ်တု ကမ္ဘာပတ်လမ်းကြောင်းအတွင်းလှည့်ပတ် နိုင်ငံတကာက ပြင်းပြင်းထန်ထန်တုံ့ပြန်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**

မကြာသေးမီက မြောက်ကိုရီးယားမှ လွှတ်တင်လိုက်သော ဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း လှည့်ပတ်လျက်ရှိသော်လည်း ကမ္ဘာမြေသို့ သတင်းအချက်အလက်များ ပြန်ပို့ပေးနိုင်ခြေမရှိကြောင်း အမေရိကန်သတင်းရပ်ကွက်က ပြောသည်။

ပြုံယမ်းအစိုးရအနေဖြင့် ၎င်း၏ဒုံးပျံနည်းပညာတွင် ထူးခြားသော စွမ်းဆောင်နိုင်မှု အထောက်အထားများကို ယခုအထိတိုင်အောင် မတွေ့ရသေးကြောင်း ကျွမ်းကျင်သူများက ပြောသည်။

"မြောက်ကိုရီးယားရဲ့ဂြိုဟ်တုကတော့ ကမ္ဘာပတ်လမ်းကြောင်းထဲမှာ ပုံမှန်လည်ပတ် သွားလာနေပါပြီ။ သူတို့ရဲ့ ထိန်းချုပ်မှုအောက်မှာတော့ အခက်အခဲတွေရှိနိုင်ပါတယ်" ဟု အမေရိကန် ထိပ်တန်းတာဝန်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောသည်။

အဆိုပါဂြိုဟ်တုမှာ ၂၀၁၂ ခုနှစ်က လွှတ်တင်ခဲ့သော ဂြိုဟ်တုနှင့် မတူညီကြောင်း ၎င်းကပြောသည်။ သို့သော်လည်း ဂြိုဟ်တုသစ်သည် ကမ္ဘာမြေသို့ သတင်းအချက်အလက်များ ပေးပို့နိုင်သည်ဟု မထင်မိကြောင်း အခြားသော သတင်းရပ်ကွက်တစ်ခုက ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပြင်းပြင်းထန်ထန် တုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်သမ္မတဘားရက်အိုဘားမားက ဂျပန်နှင့် ကိုရီးယားခေါင်းဆောင်များအား တနင်္လာနေ့ ညပိုင်းတွင် ဖုန်းဆက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဂျပန်နိုင်ငံ အမျိုးသားအခွန်တော်ဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခု ဟက်ကာတိုက်ခိုက်ခြင်းခံရ

**တိုကျို ဖေဖော်ဝါရီ ၁၀**

ဂျပန်နိုင်ငံအမျိုးသားအခွန်တော်ဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခု အွန်လိုင်းပေးချေမှုများကို လက်ခံခြင်းမပြုမီ ဗုဒ္ဓဟူးနေ့အစောပိုင်းက နှောင့်ယှက်မှုများနှင့်ကြုံတွေ့ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဌာနဆိုင်ရာအရာရှိများက ဖြစ်နိုင်သည့် ဆိုက်ဘာတိုက်ခိုက်မှုများကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့နံနက် ၈ နာရီခွဲဝန်းကျင်ခန့်မှစပြီး ယင်းဝက်ဘ်ဆိုက်သည် ငွေလွှဲပို့ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များယွင်းမှုများဖြစ်ပေါ်ခဲ့ပြီး အချို့စာမျက်နှာများကို လက်ခံမှုပြုရာတွင် အဆင်မပြေမှုများနှင့်ကြုံတွေ့ရကြောင်း အရာရှိများကပြောကြားခဲ့သည်။ ယင်းအေဂျင်စီသည် အခွန်ဆောင်မှုများကို လာမည့်အင်္ဂါနေ့တွင် စတင်လက်ခံမည်ဖြစ်ကြောင်းသိရသည်။ တွစ်တာစာမျက်နှာပေါ်ရှိအကြံပြုချက်များကို ကိုးကား၍ အေဂျင်စီမှအရာရှိများက အမည်မသိကွန်ပျူတာ ဟက်ကာအုပ်စုက အေဂျင်စီဝက်ဘ်ဆိုက်ကို ရည်ရွယ်ချက်ထားတိုက်ခိုက်နေကြောင်း ဖော်ပြခဲ့သည်။

ကွန်ပျူတာဟက်ကာအုပ်စုသည် ဝန်ဆောင်မှုငြင်းဆန်ခြင်းနည်းပညာ (DDoS) ကိုအသုံးပြု၍အရေးကြီးအချက်အလက်များ ခိုးယူမှုပြုရန်ကြိုးစားခြင်းဖြစ်နိုင်ကြောင်း၊ ယင်းနည်းပညာသည် ဝက်ဘ်ဆိုက်များကို အချက်အလက်ဖောင်းပွမှုများဖြစ်စေကာ နှောင့်နှေးကြန့်ကြာမှုများပေါ်ပေါက်စေနိုင်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

❖ *ကျောဖုံးမှ*

ဖြစ်ခဲ့တယ်။ အခုအချိန်ထိလည်း အများရဲ့လေးစားတာကို ခံရတယ်။ ဒီလို မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား နှစ်ပတ်လည်ကို နေပြည်တော် တပ်ကုန်းမှာ သွားဖျော်ဖြေရမယ် ဆိုတော့ ပရိသတ်အသစ်တွေနဲ့ တွေ့ရမှာဖြစ်လို့ ရင်ခုန်ပါတယ်”ဟု အဆိုတော် နီနီခင်ဇော်က ပြောသည်။

“တီဗွီကနေ တိုက်ရိုက်ထုတ်လွှင့်မှာမို့ Channel အတွက် ရင်ခုန်စရာဖြစ်သလို ပရိသတ်အတွက်လည်း ရင်ခုန်စရာဟု ၎င်းကဆိုခဲ့ပြီး MRTV ကို နှစ်(၇၀)ပြည့်မှ နှစ်(၇၀၀)၊ နှစ်(၇၀၀၀)မက အောင်မြင်မှုတွေနဲ့ ရပ်တည်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်”ဟုလည်း ၎င်းက တစ်ဆက်တည်း ဆုမွန်ခြွေခဲ့သည်။

မြန်မာ့ရုပ်မြင်သံကြားကို ၁၉၈၀ ပြည့်နှစ်တွင် စတင်ထုတ်လွှင့်ခဲ့ပြီး မြန်မာ့အသံကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်တည်ထောင်ခဲ့၍ ယခုနှစ်လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာ နှစ်ပေါင်း (၇၀)ပြည့်တော့မည်ဖြစ်သည်။

သို့အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ ၁၅ ရက်အထိ ရေဒီယို အစီအစဉ်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဂုဏ်ပြုအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

“မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်မှာ ပါဝင်သီဆိုခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သီချင်းအေးလေးတွေပဲ ဆိုဖြစ်မှာပါ။ ဒီပွဲနဲ့လိုက်ဖက်မယ့် သီချင်း လေး၊ ငါးပုဒ်တော့ ဆိုမယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက နှစ်(၇၀)ပြည့်ဆိုတော့ နည်းတဲ့သက်တမ်း မဟုတ်ဘူး။ အလွန်အောင်မြင်ခဲ့တယ်။ အခုချိန်အထိ ရပ်တည်နိုင်ခဲ့တယ်။ နောင်နှစ်ပေါင်းများစွာလည်း ရပ်တည်နိုင်ပါစေလို့ ဆုတောင်းပါတယ်”ဟု တေးသံရှင် ချမ်းချမ်းက ပြောသည်။

အဆိုတော်ဝေလ၏ “မိတ်ကပ်မကြိုက်သော သီချင်းများ၊ ခင်လေးစိမ်းတယ်၊ သူငယ်တန်း၊ ပြတ်တုန်းလပ်တုန်း ၂၃” တေးသီချင်းများကလည်း ပွဲမဝင်ခင်လေ့ကျင့်စဉ်မှာပင် ရင်ခုန်စေခဲ့သည်။

“မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်မှာ ဝင်ရောက်ဖျော်ဖြေရတဲ့အတွက် ဝမ်းသာပါတယ်။ သီဆိုရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက တစ်ကြိမ်တစ်ခါမှ ဒီလိုမလုပ်ဖူးဘူး။ နှစ်(၇၀)ပြည့်မှာ အခြားအဆိုတော်တွေ အများကြီးနဲ့ ပွဲလုပ်တာကောင်းပါတယ်။ နောက်နှစ်တွေလည်း လုပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားက ထုတ်လွှင့်မှုအနေနဲ့ အလွန်ကောင်းပါတယ်။ နှစ်ပေါင်းများစွာ အောင်လည်းအောင်မြင်ခဲ့ပြီး နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့ပါစေလို့ ဆုတောင်းပါတယ်”ဟု အဆိုတော် ဝေလက ပြောသည်။

ရန်ကုန်မြို့ (၉)မိုင်ရှိ အင်ပါယာ တေးဂီတအဖွဲ့ စတူဒီယို၌ အင်ပါယာ တေးဂီတအဖွဲ့၏ ဂီတစွမ်းပကားလက်သံများကား လေ့ကျင့်စဉ်မှာပင် ပြောင်မြောက်လှသည်။

“မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်မှာ သီချင်းသီဆိုမှုတွေအတွက် တီးဝိုင်းအနေနဲ့ သီချင်းတိုက်နေတာဖြစ်ပါတယ်။ MRTV က ဒီပွဲအစီအစဉ်ကို တစ်ခါမှတိုက်ရိုက်ထုတ်လွှင့်မှုမရှိဘဲ အခုအကူအညီတောင်းတယ်။ ဒါကြောင့် တီးဝိုင်းအပါအဝင် တေးသံရှင်ခုနစ်ဦး ဖျော်ဖြေမှာပါ။ တေးသံရှင်တွေကတော့ ဇော်ဝင်းထွဋ်အပါအဝင် ရင်ဂို၊ ဇော်ပိုင်၊ ဝေလ၊ ချမ်းချမ်း၊ နီနီခင်ဇော်နဲ့ ဆုန်သင်းပါရ်တို့ပါပါတယ်”ဟု အင်ပါယာတေးဂီတအဖွဲ့ မန်နေဂျာ ဦးသန့်ဇော်က ပြောသည်။



အင်ပါယာတေးဂီတအဖွဲ့ မန်နေဂျာ ဦးသန့်ဇော်



ဝေလ

“အင်ပါယာ တီးဝိုင်းအနေနဲ့ နှစ်(၇၀)ပြည့်မှာ ပျော်ရွှင်စွာ ဆင်နွှဲမှာပါ။ မြို့ကြီးတွေမှာ အများဆုံး ဖျော်ဖြေခဲ့တာ၊ အခုနယ်မြို့လေးမှာ သီဆိုဖျော်ဖြေရမယ့် ခံစားချက်ကတော့ မတူဘူးပေါ့။ တပ်ကုန်းမှာ ပရိသတ်အသစ်တွေနဲ့ တွေ့ရမှာ ရင်ခုန်ပါတယ်။ နှစ်(၇၀)ပြည့်ပွဲမှာ MRTV ဝန်ထမ်းတွေအပြင် အနီးအနားက ပရိသတ်တွေပါ ကြည့်ကြမယ်လို့ သိရပါတယ်။ MRTV နှစ်(၇၀)ပြည့်မှသည် နောင်နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့နိုင်ပါစေလို့ အင်ပါယာတီးဝိုင်းကိုယ်စား ဆုတောင်းပါတယ်”ဟု ၎င်းကပြောသည်။

ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်မြို့ ဝင်ဒါမီယာရှိ လူနေတိုက်အိမ်တစ်လုံး၌ ဗမာ့အသံ (Burma Broadcasting Service -BBS)ဟု စတင်သန္ဓေတည်ခဲ့ပြီး ထိုမှ မြန်မာ့အသံ၊ ယင်းမှ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်ဟူသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဖြစ် ဆင့်ကဲဖြစ်တည်လာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မကြာမီရက်များအတွင်း နှစ်ပေါင်း(၇၀) တိုင်ချေတော့မည်။ သို့အတွက် အနုပညာရှင်များသာမက မြန်မာပြည်သူ အပေါင်းကလည်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပါဝင်ဆင်နွှဲကြပါစို့ဟု နှိုးဆော်လိုက်ပါသည်။



စတူဒီယို၌ အင်ပါယာတေးဂီတအဖွဲ့ လေ့ကျင့်စဉ်။

❍ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းမှ နေလင်းထွန်းနှင့် ဟိန်းသီဟဇော်တို့နှစ်ဦးသာ လာရောက်လေ့ကျင့်ခဲ့ခြင်းမရှိပေ။ ထို့ပြင် ဒဏ်ရာ ပြဿနာကြောင့် ကလပ်အသင်းများတွင် ပါဝင်ကစားနိုင်ခြင်းမရှိသေးသည့် ကစားသမားများလည်း လာရောက်လေ့ကျင့်ခဲ့ပြီး ဒူးဒဏ်ရာကြောင့် ကာလရှည်ကြာစွာ အနားယူနေရသည့် ကွင်းလယ်လူ ငြိမ်းချမ်းအောင်မှာလည်း အသင်းနှင့်အတူ စတင်လေ့ကျင့်ခဲ့သည်။ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ငြိမ်းချမ်းအောင်ကို ကျော်မင်းဦးနှင့် တွဲဖက်ကာ အပေါ့စားလေ့ကျင့်မှုများ ပြုလုပ်စေခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၃ ရက်က စတင်လေ့ကျင့်ခဲ့ပြီး မတ် ၁၀ ရက်အထိ အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် ထပ်မံလေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၉ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲနောက်ဆုံးပွဲစဉ်အဖြစ် လက်ဘနွန်အသင်းနှင့် အဝေးကွင်းပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲမတိုင်မီ မတ် ၂၃ ရက်၌ စင်ကာပူ လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။

## နေရာကွက်ကျား မိုးဆက်လက်ရွာမည်

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။

# သစ်တာကြိုးဝိုင်းများအတွင်း ကော်ဖီစိုက်ကေ ပြုစုထိန်းသိမ်းမှုကွင်းဆင်းစစ်ဆေးပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပြင်ဦးလွင်မြို့နယ် သစ်တောနယ်မြေများအတွင်းရှိ သစ်တောကြိုးဝိုင်းလေးခုအတွင်း လုပ်ငန်းရှင် ၆၀၅ ဦး၏ ကော်ဖီစိုက်ပျိုးထားသည့် ၁၁၅၅၂ ဧက စိုက်ပျိုးပြုစုထိန်းသိမ်းထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုမည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို နေပြည်တော် သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**



အဆိုပါရှင်းလင်းပွဲကို ကော်ဖီစိုက်ပျိုးသည့် လုပ်ငန်းရှင်စုစုပေါင်း ၄၄၄ ဦး တက်ရောက်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက် ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ ၁၀-၂-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူနှစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ တစ်ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့်တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့်ရှစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၁၂ ဦး၊ ပေါင်းလုပ်ငန်းအသစ် ၂၈ ဦးနှင့် သတင်းအေဂျင်စီအသစ်တစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။ ထုတ်ဝေသူအမည်ပြောင်း ၁၂ ဦးတို့ကိုလည်း ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၄၃ ဦးနှင့် အသစ်လျှောက်ထားသူ ၂၆၂ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက်သက်တမ်းတိုး ၉၉၁ ဦးနှင့်အသစ်လျှောက်ထားသူ ၇၁၅ ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ် လျှောက်ထားသူ ၂၆ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၃၀၃၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူ သုံးဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြည်ထောင်စု၊ တည်တံ့ခဲ့သော (၆၉)နှစ် အချိန်ကာလနှင့် စစ်မှန်သောချစ်ခြင်းတရား

ကြယ်စင်ဖေသင်

**နေပြည်တော်၏ ဖေဖော်ဝါရီလ ဆောင်းရာသီကား သဘာဝကျကျ အေးမြနေဆဲဖြစ်သည်။ ဆောင်းရာသီ၏အေးမြမှုကို အခန်းအတွင်း၌ခံစားရင်း အမိမြန်မာနိုင်ငံ၏ သမိုင်းဝင်ခဲ့သော၊ သမိုင်းတင်ခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့အကြောင်း ခေါင်းထဲရောက်လာသည်။ ဤနေ့ဤအချိန်အခါနီးလာတိုင်းညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ ချစ်ခင်ခြင်း စသည့် ပေါင်းစည်းခြင်းနှင့်ပတ်သက်သောအတွေးတို့သည် အစဆွဲထုတ်စရာမလိုဘဲ ခေါင်းထဲမှ အလိုအလျောက်ထွက်လာကြ၏။ မကြာမီကျရောက်တော့မည့် ပြည်ထောင်စုနေ့အတွက် အခမ်းအနားများ နိုင်ငံအနှံ့ကျင်းပနိုင်ရေးအတွက် ပြင်ဆင်နေကြပေတော့မည်။ ယခုနှစ်တွင် သွေးချင်းညီအစ်ကိုတို့ညီညာပြု၍ ပြည်ထောင်စုတည်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ၆၉ နှစ်ပင်ရှိခဲ့ပြီ။**

ပြည်ထောင်စုနေ့ အကြောင်းတွေးနေခိုက် တိုက်တိုက်ဆိုင်ဆိုင်မိတ်ဆွေတစ်ယောက်ဆီမှ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ဟု ရေးသားထားသော စာအိတ်လေးတစ်အိတ်ရောက်လာသည်။ စာအိတ်ကိုဖွင့်ကြည့်လိုက်သောအခါ ပြည်ထောင်စု အမှတ်တရ ပို့စကတ်လေးကိုတွေ့လိုက်ရသည်။ ထိုပို့စကတ်လေးကိုကြည့်ရင်း ပြီးခဲ့သည့်နှစ်က နေပြည်တော်တွင် ကျင်းပသည့် ပြည်ထောင်စုနေ့နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားသို့ စာရေးသူတက်ရောက်ခွင့်ရခဲ့သည်ကို ပြန်လည်သတိရလာမိသည်။ အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမရှေ့၌ကျင်းပသည်။ တက်ရောက်ခွင့်ရသူများမှာ အစမ်းလေ့ကျင့်မှုအတွက် ပထမနှစ်ရက်သွားရောက်ရသည်။ အိမ်မှ နံနက်စောစော၅နာရီခွဲတွင် ထွက်၍ ၆ နာရီထိုးခါနီးတွင် အခမ်းအနားကျင်းပမည့် နေရာတွင်ရောက်ရှိနေရာယူသည်။ အနွေးထည်ထူထူဝတ်လာခဲ့သော်လည်း ခေါင်းအဆောင်းပါမလာခဲ့။ အနွေးထည်က အအေးဒဏ်ကို ပြည့်ပြည့်ဝဝအကာအကွယ်မပေးနိုင်။ အအေးဒဏ်ကို သတိပြုနေရင်း အခမ်းအနားစင်မြင့်ဆီသို့ လှမ်းကြည့်လိုက်သောအခါ ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်းက စင်မြင့်ရှေ့ရောက်ရှိပြီး သတိအနေအထားယူနေလေပြီ။ ပရိသတ်များ မတ်တတ်ရပ်၍ နိုင်ငံတော်အလံကို အရိုအသေပြုရတော့မည့်အချိန်တွင် အလံတိုင်ထိပ်ရှိ အလံတော်ကို တစ်ချက်လှမ်းမျှော်ကြည့်မိသည်။ နိုင်ငံတော်အလံကနှင်းမှုန်ကြားထဲ တစ်ချက်တစ်ချက်ဝှေ့ယမ်းလျက်ရှိနေသည်။

ထိုသို့ကြည့်နေရင်း မိနစ်အနည်းငယ်အတွင်း စာရေးသူ၏ စိတ်အလျဉ်သည် အေးမြသောဆောင်းနှင်းမှုန်များကို ဖြတ်ကျော်၍ လွန်ခဲ့သော ၆၉ နှစ်က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ကလေး၏ မြင်ကွင်းများဆီသို့ ရောက်ရှိသွားသည်။ ယခုအချိန်ကဲ့သို့ ဆောင်းရာသီကာလ၊ ထိုမြို့လေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် ပင်လုံစာချုပ်ချုပ်ဆိုမည့် အခမ်းအနားကြီးထဲတွင် ရှိခဲ့ကြလိမ့်မည်။ ပြင်းထန်လှသည့် တောင်ပေါ်ဒေသ၏ အအေးဒဏ်ကို သတိမမူ၊ ဂရုမပြုနိုင်ဘဲ နိုင်ငံလွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိနိုင်ရေးပေါ်တွင်သာ အာရုံညွတ်နေကြပေလိမ့်မည်။

ပင်လုံမြို့လေးတွင် ချုပ်ဆိုခဲ့ရသောပင်လုံစာချုပ်သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လန်ဒန်တွင်ချုပ်ဆိုခဲ့သော အောင်ဆန်း-အက်တလီစာချုပ်ကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်ဖြစ်သည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပြန်လည်ပေးရတော့မည့် အခြေအနေရှိလာသောအခါ ၎င်းတို့၏အကျိုးစီးပွားအတွက် ဆက်လက်အုပ်ချုပ်အမြတ်ထုတ်လိုသော ရည်ရွယ်ချက်ဖြင့် တောင်တန်းဒေသများကို ချန်လှပ်နိုင်ရန် ကြိုးစားခဲ့ကြသည်။ အောင်ဆန်း-အက်တလီ စာချုပ်ထဲတွင်တောင်တန်းဒေသနှင့် ပြည်မတို့ အတူတကွ လွတ်လပ်ရေးရလိုသည့် ဆန္ဒရှိကြောင်းကို သက်သေပြနိုင်ရမည့် အခြေအနေကိုပါ ထည့်သွင်းချုပ်ဆိုလျက် ထိန်းချုပ်ထားသကဲ့သို့ တောင်တန်းဒေသနှင့် မြန်မာပြည်မ မပူးပေါင်းနိုင်ရေးအတွက်ကိုလည်း နည်းလမ်းအမျိုးမျိုးဖြင့် သွေးခွဲမှုများလုပ်ဆောင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်တွင်ရောက်ရှိနေချိန် မှာပင်လျှင် မြန်မာနိုင်ငံတောင်တန်းဒေသများ၌ ဗြိတိသျှတို့ သွေးခွဲမှုများလုပ်ဆောင်နေခဲ့သည်။ အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီးသည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံသို့ချက်ချင်းပြန်လည်ရောက်ရှိလာပြီး ပင်လုံသဘောတူညီမှုအတွက် စည်းရုံးလုပ်ဆောင်ခဲ့ရ၏။ ခက်ခဲပင်ပန်းသော ကြိုးစားအားထုတ်မှုများ အလွန်တွင် ပင်လုံသဘောတူညီမှုစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့ကြသည်။ သို့သော် ဗြိတိသျှတို့သည် လက်မခံနိုင်သေးဘဲစုံစမ်းရေးကော်မတီတစ်ရပ်ဖွဲ့စည်းကာ တောင်တန်းဒေသများမှ တိုင်းရင်းသားတို့၏ ဆန္ဒများကို ထပ်မံစုံစမ်းခဲ့ပြန်သည်။ ထိုစုံစမ်းရေး ကော်မတီမှအစီရင်ခံစာကို လက်ခံနိုင်သောအခါမှသာ ပင်လုံစာချုပ်ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှတို့အနေဖြင့် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို စမ်းသပ်သည့်သဘောဖြစ်ခဲ့၏။ သို့သော် မြန်မာတိုင်းရင်းသားတို့ရရှိထားသော စည်းလုံးညီညွတ်မှုမှာ အစစ်အမှန်ဖြစ်ကြောင်း ဗိုလ်ချုပ်နှင့် တိုင်းရင်းသားခေါင်းဆောင်များက ဗြိတိသျှတို့ကို ရဲရဲဝံ့ဝံ့ပြသနိုင်ခဲ့လေသည်။



၂၀၁၅ ခုနှစ် ၊ (၆၈)နှစ်မြောက် ၊ ပြည်ထောင်စုနေ့ အခမ်းအနား ပင်လုံပြည်ထောင်စုကျောက်တိုင်တွင် ပြည်ထောင်စုတိုင်းရင်းသားများ စုပေါင်း၍ စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ် သီချင်းဖြင့် တပျော်တပါး ကပြဖျော်ဖြေစဉ်(၁၂.၂.၂၀၁၅)

ဓာတ်ပုံ- မိုးလွင်ဦး(လှိုင်လင်း (မြန်/ဆက်))

ယခုကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကိုယ့်မြေကိုယ့်ရေတွင် ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်နိုင်စွမ်းရှိနေခြင်းမှာ လွန်ခဲ့သော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ဖြစ်ထွန်းခဲ့သော တိုင်းရင်းသားညီအစ်ကိုတို့ စည်းလုံးညီညွတ်ပါကြောင်း ထပ်လောင်းသက်သေပြနိုင်သည့် ပင်လုံစာချုပ်ကြောင့်ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံစာချုပ်တွင် တိုင်းရင်းသားများလက်မှတ်ရေးထိုးနိုင်ရေးအတွက် စည်းရုံးပြောဆိုရာတွင် ကတိကဝတ်များစွာဖြင့် ဆွဲဆောင်စည်းရုံးခဲ့သော်လည်း အဓိကအားဖြင့် ချစ်ခြင်းတရားပေါ်တွင် အခြေခံ၍သာ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ဗိုလ်ချုပ်၏ ရိုးသားမှု၊ ပွင့်လင်းမှု၊ စေတနာမှန်မှုများသည် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားညီအစ်ကိုများပေါ်တွင်ထားရှိသည့် စစ်မှန်သော ချစ်ခြင်းတရားသာဖြစ်ပေသည်။ အမုန်းသည် ပျက်စီးခြင်းကိုသာဖြစ်စေပြီး ချစ်ခြင်းဖြင့်သာ ကောင်းကျိုးဖြစ်ထွန်းမှုကို တည်ဆောက်နိုင်ပေမည်။ ထို့ကြောင့်လည်း ဗိုလ်ချုပ်ရရှိခဲ့သော စည်းလုံးချစ်ခင်မှုကောင်းကျိုးသည် ချစ်ခြင်းအားဖြင့်သာ ရရှိခဲ့ခြင်းဖြစ်သည်ဟု တထစ်ချပြောဆိုနိုင်ခြင်းဖြစ်သည်။

မိတ်ဆွေဖြစ်သူပေးခဲ့သော ပြည်ထောင်စုနေ့ပို့စကတ်လေး၏ နောက်ကျောဘက်တွင် ရေးသားထားသော ယခုနှစ် (၆၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို ပြန်ကြည့်မိသည်။

- ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူရေး၊
- ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး၊
- ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး၊
- တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး၊
- တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင် တိုင်းရင်းသားအားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

ဦးတည်ချက်များအားလုံးသည် ပြည်ထောင်စုအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ ရေရှည်အကျိုးစီးပွားဆီသို့ လည်းကောင်း၊ ခိုင်မြဲသောချစ်ကြည်ရင်းနှီးမှုဆီသို့ လည်းကောင်း ဦးတည်ထားသည်ကိုတွေ့ရသည်။ ဦးတည်ချက်များအားလုံး၏ အခြေခံအုတ်မြစ်သည် ချစ်ခြင်းတရားသာဖြစ်ပေလိမ့်မည်။ မည်သည့်စနစ်ပင်ကျင့်သုံးသည်ဖြစ်စေ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကြားတွင် စစ်မှန်သောချစ်ခြင်းတရားကို တည်ဆောက်ထားနိုင်မှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကိုတည်ဆောက်ထိန်းသိမ်းထားနိုင်ပေမည်။ အကြောင်းအမျိုးမျိုးကိုအခြေခံ၍ မတိုက်ဆိုင်မှုများစွာဖြင့်ဖြတ်သန်းခဲ့ရသော်လည်း ယခုထက်တိုင် ဥမကွဲ သိုက်မပျက်၊ မြန်မာပြည်မြေပုံမပျက် တည်ရှိနိုင်စွမ်းရှိနေခြင်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ပင်လုံစာချုပ်အပေါ်အခြေခံသော ချစ်ခြင်းတရားကြောင့်သာဖြစ်သည်။ ယခုအချိန်တွင် ခေတ်ကာလအခြေအနေနှင့်လိုက်လျောညီထွေရှိပြီး လက်တွေ့ကျကျ တွေးခေါ်စဉ်းစားမှုများဖြင့် စာချုပ်စာတမ်းများထက် ပိုမိုခိုင်မာသော ချစ်ခြင်းတရားများထွန်းကားလာစေရန် အားထုတ်ကြရတော့မည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြား ကိုယ်ချင်းစာနာမှု၊ အပြန်အလှန် နားလည်မှုများဖြင့် ဆွေးနွေးညှိနှိုင်းကာ ယုံကြည်မှုများတည်ဆောက်၍ သဘောထားမတိုက်ဆိုင်မှုများကို ကျော်လွှားကြရမည်၊ အမုန်းတရား အာဃာတများကိုလည်း ကျော်လွှားနိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။

> **မည်သည့် စနစ်ပင်ကျင့်သုံးသည်ဖြစ်စေ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများကြားတွင် စစ်မှန်သောချစ်ခြင်းတရားကို တည်ဆောက်ထားနိုင်မှသာလျှင် ရေရှည်တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကို တည်ဆောက်ထိန်းသိမ်းထားနိုင်ပေမည်။**

လွန်ခဲ့သော ဆယ်စုနှစ်ခုနစ်စုနီးပါးက ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချစ်ခြင်းတရားများပေါင်းစည်းတည်ဆောက်ခဲ့သော ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ဆက်လက်တည်တံ့စေရန်အတွက် ဤမြေဤရေပေါ်ရှိ တိုင်းရင်းသားညီအစ်ကိုများအားလုံးတွင် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ်ရှိနေသည်။ ထို့ကြောင့် ယခုပစ္စုပ္ပန်ကာလ အမိမြန်မာမြေပေါ်မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စစ်မှန်သည့် ချစ်ခြင်းတရားခွန်အားများ ပိုမိုအားကောင်းလာစေရေး ဆုတောင်း မျှော်လင့်လျက်ရှိနေကြလိမ့်မည်ဖြစ်ပေသတည်း။ ။

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။

■ *ရှေ့ဖုံးမှ*

မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ် တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းတို့ အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ကြေညာသည်။

ယင်းနောက် **လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ** ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက ပြည်ထောင်စု လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် လျာထားကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင်၊ ဒုတိယဥက္ကဋ္ဌများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်းနှင့် နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်တို့အပါအဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းရန် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

### ဥပဒေကြမ်း ပူးပေါင်းကော်မတီ အမည်စာရင်း

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးအေးသာအောင် | ဥက္ကဋ္ဌ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) | ဦးဇော်မင်း | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | နောင်ချိုမဲဆန္ဒနယ် | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | ချောင်းဆုံမဲဆန္ဒနယ် | ဒေါ်ခင်ငွေးကြွယ် | အဖွဲ့ဝင် |
| ၅။ | ပြည်ကြီးတံခွန်မဲဆန္ဒနယ် | ဦးကျော်စိုးလင်း | ။ |
| ၆။ | ပုသိမ်မဲဆန္ဒနယ် | ဦးဝေလှိုင်ထွန်း | ။ |
| ၇။ | လမ်းမတော်မဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | ။ |
| ၈။ | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူးချုပ်မောင်မောင် | ။ |
| ၉။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဦးအောင်ကြည်ညွန့် | ။ |
| ၁၀။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) | ဦးသိန်းလွင် | ။ |
| ၁၁။ | ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) | ဒေါ်ကျိန်ငိုက်မန် | ။ |
| ၁၂။ | မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) | ဒေါ်နွယ်နွယ်အောင် | ။ |
| ၁၃။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးကျော်ကျော် | ။ |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါက်တာမြတ်ညဏစိုး | အတွင်းရေးမှူး |
| ၁၅။ | ကျိုင်းတုံမဲဆန္ဒနယ် | ဦးစတီဖန် | တွဲဖက် အတွင်းရေးမှူး |

## ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်သဘာပတိအဖြစ် မယ်စဲ့မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအယ်လ်ဖောင်းရှိုအား သဘာပတိအဖြစ်တင်မြှောက်ပြီး ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှထွေးအား ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လွိုင်ကော်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်မြင့်အား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် သဘာပတိအဖြစ် ကောလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ဖြူဖြူဝင်းအား သဘာပတိအဖြစ် တင်မြှောက်ပြီး ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အင်းတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဘိုသန်းညွန့်အား လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

## ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက လွှတ်တော်ကော်မတီများ အတည်ပြုရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်အတည်ပြုချက်ရယူကာ ဥပဒေပြုရေးဆိုင်ရာကော်မတီကို ဥက္ကဋ္ဌ ဦးတင်အောင်၊ အတွင်းရေးမှူး ဦးမြင့်စိုးနှင့် ကော်မတီဝင်ငါးဦးဖြင့်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌ ဒေါက်တာကျော်ဦး(ခ) ဦးအောင်ကျော်ဦး၊ အတွင်းရေးမှူး ဦးစံထွန်းနှင့် ကော်မတီဝင်ငါးဦးဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကိုဥက္ကဋ္ဌ ဦးစောသောင်းတင်(ခ)ဦးသောင်းတင်၊ အတွင်းရေးမှူး ဦးစိုးသန်းနှင့် ကော်မတီဝင်ငါးဦးဖြင့်လည်းကောင်း၊ ဒေသန္တရစီမံကိန်း၊ အရအသုံးငွေစာရင်းနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီကို ဥက္ကဋ္ဌ ဦးအောင်ကြည်၊ အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် ကော်မတီဝင် ငါးဦးဖြင့်လည်းကောင်း ဖွဲ့စည်းကြောင်း ကြေညာသည်။

ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့်နေ့ရက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ အချိန်မီအသိပေးအကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးလွှတ်တော် သဘာပတိအဖြစ် ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်စန်းစန်းဝင်းအား သဘာပတိအဖြစ် တင်မြှောက်ပြီး စလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးတာအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့သစ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇော်မျိုးဝင်းအား လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**တနင်္သာရီ ဖေဖော်ဝါရီ ၁၀**

ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် သဘာပတိအဖြစ် ကရင်တိုင်းရင်းသားမဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် စောလုကာအား သဘာပတိအဖြစ် တင်မြှောက်ပြီး ထားဝယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခင်မောင်အေးအား လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရေဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကြည်စိုးအား လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



(၆၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်ကုန်း-ချောင်းဖျား-သရက်ကုန်းကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ အိမ်မဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသန်း၊ မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်သိန်း၊ အိမ်မဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

# တိုင်းဒေသကြီး၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအမည်စာရင်းများ

| | | |
|---|---|---|
| **ကချင်ပြည်နယ်** | - ဦးထွန်းတင်(ဗန်းမော်မြို့နယ် မဲဆန္ဒနယ်အမှတ် -၂) | ဥက္ကဋ္ဌ |
| | - ဦးဒိန်ခန်ဖုန်(ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ်-၂ ) | ဒုတိယဥက္ကဋ္ဌ |
| **ကယားပြည်နယ်** | - ဦးလှထွေး(ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဥက္ကဋ္ဌ |
| | - ဦးတင်မြင့်(လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ကရင်ပြည်နယ်** | - ဦးစောချစ်ခင်(လှိုင်းဘွဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဥက္ကဋ္ဌ |
| | - ဒေါ်နန်းသူဇာဝင်း (ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| **ချင်းပြည်နယ်** | - ဦးဇိုဘွဲ့(ဟားခါးမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးအောင်သန်း(မင်းတပ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | - ဦးသန်း(ကသာမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးဘိုသန်းညွန့်(အင်းတော်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဒုတိယဥက္ကဋ္ဌ |
| **မန္တလေးတိုင်းဒေသကြီး** | - ဦးအောင်ကျော်ဦး(ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဒေါက်တာခင်မောင်ဌေး(ပြင်ဦးလွင်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **မကွေးတိုင်းဒေသကြီး** | - ဦးတာ(စလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးဇော်မျိုးဝင်း (မြို့သစ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ပဲခူးတိုင်းဒေသကြီး** | - ဦးခင်မောင်ရင် (လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးကြည်ဇင် (ကျောက်တံခါးမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ဧရာဝတီတိုင်းဒေသကြီး** | - ဦးအောင်ကျော်ခိုင် (အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးစံမင်းအောင် (ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ရန်ကုန်တိုင်းဒေသကြီး** | - ဦးတင်မောင်ထွန်း( ဒဂုံမြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးလင်းနိုင်မြင့် (ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **တနင်္သာရီတိုင်းဒေသကြီး** | - ဦးခင်မောင်အေး(ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးကြည်စိုး (ရေဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **မွန်ပြည်နယ်** | - ဒေါ်တင်အိ(သံဖြူဇရပ်မြို့ မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးမင်းမင်းဦး (ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ရခိုင်ပြည်နယ်** | - ဦးစံကျော်လှ (ပုဏ္ဏားကျွန်း မဲဆန္ဒနယ်အမှတ် -၁) | ဥက္ကဋ္ဌ |
| | - ဦးဖိုးမင်း (ရသေ့တောင် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |
| **ရှမ်းပြည်နယ်** | - ဦးစိုင်းလုံးဆိုင် (ကျိုင်းတုံ မဲဆန္ဒနယ်အမှတ်-၁) | ဥက္ကဋ္ဌ |
| | - ဦးစဝ်အောင်မြတ် (ရွာငံမြို့နယ် မဲဆန္ဒနယ်အမှတ်-၂) | ဒုတိယဥက္ကဋ္ဌ |

**ရှေ့ဖုံးမှ**

"တစ်နှစ်အတွင်း ပြန်မဆပ်နိုင်ဘူးဆိုရင်တော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို ပြန်လျှောက်ထားရမှာဖြစ်ပါတယ်။ အရင်တုန်းက ဒီလို မီးလောင်မှုဖြစ်စဉ်တွေမှာ ပြန်လည်ညှိနှိုင်းပေးတာတွေ လည်းရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဇန်နဝါရီ ၉ ရက်က ဖြစ်ပွားခဲ့သော အဆိုပါ စျေးမီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်း ဆုံးရှုံး မှုဖြစ်ပွားခဲ့ရာ ၎င်းတို့၏စီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်ရေးအတွက် လိုအပ်လျက်ရှိသည့်ငွေကြေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဘဏ်က ငွေကျပ်တစ်ဘီလီယံကို အချိုးကျထုတ်ချေးပေးသွားမည် ဖြစ်၍ လျှောက်ထားသူ ၆၅၁ ဦးရှိသည့်အနက် တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းအထက် ရရှိနိုင်မည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ မီးဘေးသင့်ဆိုင်ခန်းပိုင်ရှင်များအား နိုင်ငံတော်၏ထောက်ပံ့ကြေးအဖြစ် ထောက်ပံ့ပေးသွားရန် စီစဉ်လျက်ရှိရာ ဆိုင်ရှင်တစ်ဦးလျှင် ငွေကျပ်ခုနစ်သိန်း အထိရရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သိရသည်။ ချေးငွေများကို သက်ဆိုင်ရာဆိုင်ခန်းအထောက်အထား များနှင့်အတူ စည်ပင်ဘဏ်တွင် ဖေဖော်ဝါရီ ၁၁ ရက်မှ စတင်ကာ ထုတ်ချေးပေးသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

# ကျိုက်ဒုံတိုက်နယ်ဆေးရုံ၌ ဆိုလာဖြင့် ၂၄ နာရီ မီးလင်းပြီ

**ကျိုက်ဒုံ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ တိုက်နယ်ဆေးရုံမီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများကို ဂျပန်နိုင်ငံ (BHA) အဖွဲ့၏ လှူဒါန်းမှုဖြင့် ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ၌ ဖေဖော်ဝါရီ ဒုတိယပတ်က ဆိုလာစနစ်ဖြင့် စတင်မီးလင်းပြီဖြစ်ကြောင်း သိရသည်။

ဆိုလာတပ်ဆင်မှုကို Earth Renewable Energy Co., Ltd. က တာဝန်ယူတပ်ဆင်ပေးပြီး ဆိုလာပြား တစ်ချပ် လျှင် ၁၄၅ ဝပ် အချပ် ၂၀၊ ဘက်ထရီ ၁၅၀ (mAh) ၂၄လုံး၊ ဝပ် ၂၀၀၀ အင်ဗာတာတစ်လုံး၊ LED မီးလုံး ၇ ဝပ် ၁၂ လုံး၊ ၅ ဝပ် ၄၈ လုံး၊ ဆော့ကတ် ရှစ်ပေါက်ပါရှိပြီး တန်ဖိုးငွေကျပ်သိန်း ၁၀၀ ကျော်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဆိုလာများအသုံးပြုနိုင်စေရေးအတွက် ဂျပန်နိုင်ငံ (BHN) အဖွဲ့ တာဝန်ခံတစ်ဦးက ဆိုလာအသုံးပြုမှု ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ကျိုက်ဒုံ(မြန်/ဆက်)**



## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၁၁-၂-၂၀၁၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆ း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အနုပညာသတင်းအစီအစဉ်
- ၁၃း၁၀ - သုခုမရင်ခွင် အငြိမ့်သဘင် **တစ်နိုင်လုံးရွှေအငြိမ့်**

**ညပိုင်း**

- ၁၇း၁၅ - မြန်မာ့ရုပ်မြင်ဖန်သားပြင်မှ ကြည်နူးခံစားတစ်ခါကတေးများ
- ၁၇း၃၅ - ထာဝရပြည်ထောင်စုရဲ့ စွမ်းအား (NRC)
- ၁၈း၁၀ - MRTV အနာဂတ်လင်းလက်တောက်ပလျက်
- ၁၈း၄၀ - တွေ့ကြုံဝေမျှတိုင်းရင်းသားဝန်ထမ်းများ ရဲ့ဘဝ (NRC)
- ၁၉း၁၀ - မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀) ပြည့်အထိမ်းအမှတ် ဆိုကြမယ်၊ ပျော်ကြ မယ် ဆု(၃)ကြိမ်နှင့်အထက် ရရှိသူများ၏ ဖျော်ဖြေမှုအစီအစဉ်
- ၁၉း၂၅ - မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀) ပြည့်အထိမ်းအမှတ် စတီရီယိုတေးသံရှင် များ၏ ဖျော်ဖြေမှုအစီအစဉ်
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - ပြည်ထောင်စုအမွေပင်လုံမြေ
- ၂၁း၀၀ - ပြည်တွင်းသတင်း၊
- - မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နှစ်(၇၀)ပြည့်အထိမ်းအမှတ် မြန်မာသံစဉ် ဂန္ထဝင်သီချင်းများ(မာမာအေး)
- - Talented Stars of NRC Channel

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေး ပါသည်။**

## စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများ သိရှိစေရန် အသိပေးကြေညာချက်

- မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေသြဇာများကို စိုက်ပျိုးရေး လုပ်ကိုင်သူများသုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။
- ယခုအခါတွင် စျေးကွက်အတွင်း မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများ ရောင်းဝယ်ခြင်းများ၊ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများရှိနေကြောင်း သိရှိရပါသည်။
- အောက်ဖော်ပြပါမြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှုအာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။
- ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။
- မြေသြဇာထုတ်လုပ်၊ တင်သွင်းသည့်ကုမ္ပဏီ၊ လုပ်ငန်းများ၊ မြေသြဇာရောင်းချသည့်အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေပုဒ်မ(၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅)တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေသြဇာကော်မတီ**

## မှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း

| စဉ် | မြေသြဇာအမည် | ဖော်ပြထားသော စံချိန်စံညွှန်းများ | တွေ့ရှိရာဒေသ |
|---|---|---|---|
| ၁။ | ဟာမိုနီပဲမျိုးစုံအထူးရွက်ဖျန်းဆေး A<br>ဟာမိုနီပဲမျိုးစုံအထူးရွက်ဖျန်းဆေး B | (NPK:30%) | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၂။ | ရှင်းသန့် အမိုင်နို အသီးအပွင့် အားဆေးရည် | (စံချိန်စံညွှန်း မပါရှိပါ။) | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ |
| ၃။ | ဒွိလယ်သမား(၂) ရွက်ဖျန်းအားဆေးရည် | (စံချိန်စံညွှန်း မပါရှိပါ။) | ရန်ကုန်မြို့မ၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄။ | Enriched Compost Fertilizer<br>Shwe Myay Si<br>Organic Fertilizer Factory<br>Taungoo (25)Kg | (N:9%,P:3%,K:2%+TE) | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅။ | Foliar Fertilizer (ယိုးဒယားစာ) (aos 3) | (စံချိန်စံညွှန်းမပါရှိပါ။) | ကျိုက်မရောက်မြို့နယ်၊ မွန်ပြည်နယ် |

# တောင်ငူ၌ မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမြင့် ၁၅ ပေရှိ ဗိုလ်ချုပ်ကြေးရုပ်တုကြီးထားရှိ

**တောင်ငူ ဖေဖော်ဝါရီ ၁၀**

တောင်ငူမြို့ (၁၇)ရပ်ကွက် ကန်လမ်း ကေတုမတီကျုံးအနီးရှိ ဗိုလ်ချုပ်ရုပ်တုရင်ပြင်၌ ယခင်ထားရှိသည့်ရုပ်တုအစား မြန်မာနိုင်ငံ၌ အကြီးဆုံး အမြင့် ၁၅ ပေရှိသည့် မတ်တတ်ရပ်ကြေးရုပ်တုကြီးကို ဖေဖော်ဝါရီ ၁၀ ရက်က ရန်ကုန်မြို့မှ တောင်ငူမြို့သို့ သယ်ဆောင်လာရာ တောင်ငူမြို့ခံများက လမ်းတစ်လျှောက် သောင်းသောင်းဖြဖြ ကြိုဆိုကြပြီး နံနက် ၁၀ နာရီခွဲတွင် အဆိုပါနေရာ၌ တပ်ဆင်ခဲ့သည်။



ယခုတပ်ဆင်သည့် ဗိုလ်ချုပ်ကြေးရုပ်တုကြီးကို ထုဆစ်သည့် ကိုအောင်ကျော်ထွန်းက "ဒီဗိုလ်ချုပ်ရုပ်တုကြီးကို နိုဝင်ဘာ ၁၃ ရက်က ယဉ်ကျေးမှုတက္ကသိုလ် ပန်းပုခန်းမမှာ စထုခဲ့တယ်။ ရုပ်တုက အမြင့် ၁၅ ပေ၊ ကြေးပိဿာချိန် ၄၅၀ ကျော်ရှိတဲ့ ကြေးရုပ်တုကြီးဆိုတော့ တာဝန်ကြီးတယ်။ ပထမဆုံး ရွှံ့စထုတော့ ရွှံ့ကကြာလာရင် ပြိုကျတတ်တယ်။ ရွှံ့အိတာတွေ၊ ခြောက်သွေ့တာတွေကို အများကြီးထိန်းသိမ်းခဲ့ရတယ်။ ပုံကိုတူအောင်ထုရတာက တန်ဖိုးအကြီးဆုံးနဲ့ အဓိကကျတဲ့အပိုင်းပဲ၊ ကြေးသွန်းတဲ့နေရာမှာလည်း မကွေးက မြင်းစီးကြေးရုပ်တို့၊ အမေရိကားက လေပါတီရုပ်တုတို့ကို သွန်းလုပ်တဲ့ နည်းနဲ့ထုလုပ်ခဲ့တာ၊ ရိုးရာနည်းမဟုတ်တော့ ဂရုစိုက်ရတာ၊ ပိုများတယ်။ ကျွန်တော်တို့အဖွဲ့ရယ် ယဉ်ကျေးမှုတက္ကသိုလ်က ကထိက ကိုတင့်ဇော်ဦးနဲ့အဖွဲ့က ပါဝင်ကူညီပေးပြီး ကြေးသွန်းတဲ့အပိုင်းမှာတော့ ဗိုလ်ချုပ်မွေးနေ့ အချိန်မီအောင် ကိုအောင်မင်းနဲ့အဖွဲ့က ထုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့ထုလုပ်ခဲ့တဲ့ ဆီလီကွန်ရုပ်တုတွေက စစ်သမိုင်းပြတိုက်မှာ ၆၀ လောက်ရှိတယ်။ စစ်တက္ကသိုလ်ကျောင်းထဲက ဆီလီကွန်ရုပ်တုတွေ၊ စစ်သူနာပြုတက္ကသိုလ်ထဲက ရုပ်တုတွေကို ကျွန်တော်ထုလုပ်ခဲ့တယ်။ ကျွန်တော် ထိုင်းနိုင်ငံမှာ သုံးဆယ့်ခုနစ်မင်း နတ်ပုံတွေကို ပန်းချီဆွဲပြီးပြသခဲ့တယ်။ အဲဒီကနေ တစ်ဆင့် စင်ကာပူနိုင်ငံမှာ ဒဿဂီရိပုံတွေကို ပန်းချီဆွဲပြီးပြသခဲ့တယ်။ အဲဒီနောက်ပိုင်း ၂၀၁၅ ခုနှစ် နတ်မောက်မြို့မှာ ဗိုလ်ချုပ်ရုပ်ပုံ ဆီလီကွန်ရုပ်တုကို ထုလုပ်ခဲ့တယ်။

"အခု ဗိုလ်ချုပ်ရုပ်တုကို ပြုလုပ်ခြင်းအားဖြင့် နောင်လာနောက်သားတွေ ဗိုလ်ချုပ်ကြေးရုပ်ကိုမြင်ပြီး သမိုင်းကြောင်းကို မေးလာကြရင် စည်းနဲ့ကမ်းနဲ့ လုပ်တတ်တဲ့အကျင့်၊ တိုင်းပြည်ချစ်တဲ့စိတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ လူငယ်တွေမှန်ကန်တဲ့လမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်မယ်" ဟု ပန်းပုပညာရှင် ကိုအောင်ကျော်ထွန်းက ပြောပြသည်။

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းကို ခေတ်လူငယ်များ သိရှိစေရန်၊ အားကျအတုယူနိုင်စေရန်၊ လွတ်လပ်ရေး၏တန်ဖိုးကို သိရှိနားလည်ကာ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်၊ သမိုင်းအစဉ်အလာကြီးမားသော ကေတုမတီ(တောင်ငူမြို့)၌ အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူကြေးရုပ်တုတည်ရှိပြီး နှစ်စဉ် ဗိုလ်ချုပ်မွေးနေ့အခမ်းအနားများ ကျင်းပခြင်းဖြင့် အမျိုးဂုဏ်ကျက်သရေ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ မဟာဝိဇယစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်မှ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီတွင် အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၊ မော်တော်ယာဉ်လိုင်းများ၊ အခြားအသင်းအဖွဲ့များအပါအဝင် ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပွဲတော်ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို သုံးညတိုင်တိုင် ည ၇ နာရီမှစ၍ ဓမ္မရက္ခိတ ဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၄ ရက်) နံနက် ၇ နာရီတွင် မဟာဝိဇယစေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအားအမှူးထား၍ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ရာ အလှူရှင်များပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်းနှင့် ညတရားပွဲများသို့ လာရောက် တရားတော်များနာယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာလျှောက်မေးပွဲအောင် သံဃာတော်များအား ဘွဲ့တံဆိပ်တော်ဆက်ကပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပခဲ့သော(၉၈)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည်သံဃာတော်များအား တပို့တွဲလဆန်း ၆ ရက်(ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေအနီးရှိ ချမ်းသာကြီးတန်ဆောင်း၌ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်ဆက်ကပ်မည်ဖြစ်ရာ တပည့်ဒါယကာ၊ ဒါယိကာမများ လာရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကြိုတင်ဆောင်ရွက်

**မလှိုင် ဖေဖော်ဝါရီ ၁၀**

၂၀၁၆ ခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်မည်ဟု မြန်မာနိုင်ငံ မိုးလေဝသပညာရှင်က ခန့်မှန်းထားပြီး အဆိုပါကာလများအတွင်း ပူပြင်းခြောက်သွေ့၍ ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်သောကြောင့် မိမိတို့မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုမျိုး မကြုံတွေ့ရအောင် ရေပြတ်လပ်နိုင်သော ကျေးရွာများ၌ ကြိုတင်စီမံမှုများထားရှိနိုင်ရန်အတွက် ညှိနှိုင်းစည်းဝေးကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီက မလှိုင်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က နွေရာသီကာလတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ခေါ်ယူဆွေးနွေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလင်းထိုက်မြင့်က ရေပြတ်လပ်နိုင်သော ကျေးရွာများ၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ကြိုတင်စီမံထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လယ်ဗျားကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်က ကျေးရွာ၌ အိမ်ခြေ ၁၈၀ ရှိပြီး လူဦးရေ ၁၀၀၀ ကျော် နေထိုင်ကြောင်း၊ လယ်ဗျားကန်ကို အားထားနေရသော်လည်း ၂၀၁၅ ခုနှစ်တွင် ကန်ရေဝင်ရောက်မှုမရှိသဖြင့် အရပ်တွင်း (လက်ငင်တွင်း)များကိုသာ အသုံးပြုနေရကြောင်း၊ စက်ရေတွင်း လေး၊ ငါးတွင်း ရှိသော်လည်း တစ်ပြိုင်တည်းအသုံးပြုပါက နွေရာသီတွင် ရေပြတ်လပ်ပါကြောင်း၊ နှစ်မိုင်ခန့်ဝေးသော တောင်သာနယ်စွန်းလွန်းကျေးရွာကို သွားရောက်သယ်ယူရကြောင်း၊ ရေဝယ်ယူမည်ဆိုပါက စားအုန်းဆီ ၁၇ ပုံးပါ လှည်းတစ်စီးလျှင် ငွေကျပ် ၅၀၀၀ ပေးရကြောင်း လက်ရှိရေသုံးစွဲမှုနှင့် ရေလိုအပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ အလားတူ တက်ရောက်လာသော ကျေးရွာများကလည်း တစ်ရွာချင်းအလိုက် လက်ရှိရေသုံးစွဲမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့က ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်မှုအပေါ် လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုသက်ရောက်မှု (EL-Nino Effect) ရှိနိုင်ပြီး အပူချိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများကြုံတွေ့နိုင်သဖြင့် လုပ်သားပြည်သူများအပါအဝင် တောင်သူလယ်သမားများအနေဖြင့် အောက်ဖော်ပြပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) သောက်သုံးရေနှင့်စိုက်ပျိုးရေကို စနစ်တကျချွေတာသုံးစွဲရန်၊

(၂) နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် သက်တမ်းတိုအထွက်ကောင်းမျိုးများဖြစ်သည့် ရွှေသွယ်ရင်၊ သီးထပ်ရင်၊ ပုလဲသွယ်၊ ရက်(၉၀) စသော စပါးမျိုးများရွေးချယ်အသုံးပြုစိုက်ပျိုးရန်၊ သက်လတ်၊ သက်ကြီးစပါးမျိုးများအသုံးမပြုရန်၊

(၃) ပျိုးသက်မှန်စိုက်ပျိုးနိုင်ရေးအလေးထားဆောင်ရွက်ရန်၊

(၄) နွေစပါးစိုက်ပျိုးရာတွင်လိုက်နာဆောင်ရွက်သင့်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAP) ၁၄ ချက်ကို အတတ်နိုင်ဆုံးလိုက်နာကျင့်သုံးရန်၊

(၅) စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိအောင် လယ်ကြားမြောင်းစနစ်ကောင်းမွန်ရေးလယ်သမားအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊

(၆) လယ်ကန်သင်းများတွင် စိမ့်ပေါက်၊ ယိုပေါက်မရှိစေရေး အမြဲကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန်၊

(၇) နွေစပါးခင်းများတွင်ပေါင်းမြက်ကင်းရှင်းအောင်ဆောင်ရွက်ရန်၊

(၈) ရေရရှိနိုင်မှုနည်းပါးသောဧရိယာများတွင်နွေနှမ်း၊ ပဲတီစိမ်းတို့ကို သီးနှံပြောင်းလဲစိုက်ပျိုးရန်၊

(၉) လိုအပ်ချက်များရှိပါက သက်ဆိုင်ရာစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများ သောက်သုံးရေ အခက်အခဲ ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံကြီးကုန်းကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ အိမ်ခြေ ၁၀၀ ကျော်ရှိပြီး အဝီစိတွင်းမှ ရေမအောင်မှုကြောင့် နွေရာသီမရောက်မီ၌ပင် သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့လာရကြောင်း အင်တာနက်သတင်းအရ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များသည် ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့ရခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းရွာကျေးရွာအလယ်၌ ၂၀၀၇ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပေးခဲ့သည့် နှစ်လက်မစက်ရေတွင်းတစ်တွင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တူးဖော်ပေးခဲ့သည့်လေးလက်မစက်ရေတွင်းတစ်တွင်း၊ ပုဂ္ဂလိကပိုင်အဝီစိစက်တပ်တွင်းသုံးတွင်း၊ လက်နှိပ်တုံကင်တွင်းလေးတွင်း၊ ရွာအရှေ့ဘက်နှင့် အရှေ့မြောက်ဘက်တွင် ခြောက်ပေအကျယ်ရှိ အုတ်ရေတွင်းနှစ်တွင်းရှိပြီး ရေတွင်းအားလုံး ရေများထွက်ရှိ၍ သုံးစွဲလျက်ရှိကြောင်း၊ လက်နှိပ်တုံကင်တွင်းများနှင့် အုတ်ရေတွင်းများမှာ ရေရရှိမှုကြောင့် ရေသုံးစွဲရာတွင် လွယ်ကူလုံလောက်မှုရှိကြောင်း မင်းရွာကျေးရွာအတွင်းမှ ဒေသခံပြည်သူတစ်ဦးကပြောကြားသည်။

အဆိုပါကျေးရွာ၌ တန်ခူးလနှင့် ကဆုန်လတွင်သာ သောက်သုံးရေအခက်အခဲနှင့်ကြုံတွေ့ရသဖြင့် အများပိုင်စက်ရေတွင်းများအား သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ကျေးရွာပြည်သူများထံမှ စက်သုံးဆီဖိုးစုဆောင်း၍ သုံးစွဲလေ့ရှိကြောင်း သိရသည်။ **နိုင်ဝင်း**

## လှိုင်းအသင့်အတင့်ရှိမည်

၁၀-၂-၂၀၁၆

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။** (မိုး/ဇလ)

# မတူကွဲပြားသည့် တိုင်းရင်းသားဘာသာစကားများမှသည် ယဉ်ကျေးသိမ်မွေ့သည့်လူမျိုးများအဖြစ် ရောက်ရှိလာပုံ ညီလာခံတွင်ဖော်ထုတ်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

ဘာသာစကားနှင့် ယဉ်ကျေးမှုမျိုးစုံသည့်အခြေအနေမျိုးရှိ ဘာသာစကားဆိုင်ရာမူဝါဒနှင့် စပ်လျဉ်းသည့် နိုင်ငံတကာညီလာခံကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် မန္တလေးတက္ကသိုလ်က ကြီးမှူးကျင်းပလျက်ရှိသည်။ **(ယာပုံ)**

ပညာရေးဝန်ကြီးဌာနမှ ကျင်းပသည့် ပညာရေးဘာသာစကား မူဝါဒ၊ လူမှုရေးပေါင်းစည်းမှု (Language, Education and Social Cohesion LESC) ပဏာမခြေလှမ်းတစ်စိတ်တစ်ပိုင်းဖြစ်ပြီး ထိုညီလာခံကို ပညာရေးဝန်ကြီးဌာနက စီစဉ်ကာ သြစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်နှင့် ယူနီဆက်တို့မှ ပူးပေါင်းကူညီထားသည်။ ပညာရေးနှင့် ဘာသာစကားအဖွဲ့များက ပညာရေးဘာသာစကားမူဝါဒ၊ လူမှုရေးပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုအစရှိသည့် အတွေ့အကြုံများ တိုးတက်အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကို နယ်ပယ်အသီးသီးမှပညာရှင် ၃၀၀ ကျော်တို့က တင်ပြဆွေးနွေးသွားမည်ဖြစ်သည်။

"ပြည်တွင်းနဲ့ နိုင်ငံတကာမှ ပညာရှင်တွေက အလွန်အရေးပါတဲ့ အကြောင်းအရာတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာတမ်းတွေ တင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့မတူကွဲပြားခြားနားတဲ့ တိုင်းရင်းသားဘာသာစကားတွေကို ၎င်းတို့ရဲ့ အမျိုးသားစည်းလုံးမှု၊ တိုင်းရင်းသားအခွင့်အရေးတွေ၊ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးတိုးတက်မှုစတဲ့ အကျိုးစီးပွားကိုရှေးရှုပြီး တန်ဖိုးထားကာကွယ် စောင့်ရှောက်သွားဖို့ဆွေးနွေးနိုင်မယ့် မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။ ဒီဆွေးနွေးမှုတွေဟာ ကလေးသူငယ်တွေ ထိရောက်စွာ သင်ကြားနိုင်ရန်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်နေတဲ့ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေကို အထောက်အကူပြုမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဘာသာစကားဆိုင်ရာ မူဝါဒတည်ဆောက်နိုင်ရန် တရားဝင်မူဘောင်တစ်ခုကို တင်ပြဆွေးနွေးမည့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြက ပြောကြားသည်။

"ဘာသာစကားမျိုးစုံ တတ်ကျွမ်းတာက ၂၁ ရာစုရဲ့ စာပေပညာရပ်အသစ်၊ လူတိုင်းအတွက် ကျွမ်းကျင်ရာတစ်ခုလို့လည်း ပြောလို့ရပါတယ်"ဟု မဲလ်ဘုန်းတက္ကသိုလ် ဘာသာစကားနှင့် ပညာရေးကျွမ်းကျင်တတ်မြောက်မှုဆိုင်ရာ ပါမောက္ခ Joseph Lo Bianco က ပြောသည်။




"တိုင်းရင်းသား လူနည်းစု ဘာသာစကားပြောနေတဲ့ ကလေးသူငယ်တွေကို ဘာသာစကားနှစ်မျိုးကျွမ်းကျင်တဲ့သူတွေ ဖြစ်လာစေဖို့ ဘယ်လိုနည်းတွေနဲ့ ကျွန်တော်တို့ အကောင်းဆုံးပညာသင်ကြားစေမလဲ၊ နိုင်ငံတစ်နိုင်ငံမှာ ဘာသာစကားကြွယ်ဝမှု အရင်းအမြစ်တွေကို အခြေခံပြီး လူမှုရေးပေါင်းစည်းမှုနဲ့ နိုင်ငံသားအချင်းချင်း နားလည်မှုတွေကို ဘယ်လိုနည်းတွေနဲ့ အကောင်းဆုံးအကျိုးရှိအောင် လုပ်ဆောင်ကြမလဲဆိုတဲ့မေးခွန်းတွေက ညီလာခံမှာပါဝင်သူတွေက ဆွေးနွေးမယ့်အကြောင်းအရာတွေပဲဖြစ်ပါတယ်"ဟု ပါမောက္ခ ဂျိုးဇက်က ပြောသည်။

ညီလာခံတွင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်ရုံး၏ကူညီမှုဖြင့် နိုင်ငံပေါင်းစုံ ပညာရေး၊ ဘာသာစကားမူဝါဒ၊ လူမှုရေးပေါင်းစည်းမှု LESC ပဏာမခြေလှမ်းနှင့်သက်ဆိုင်သည့် စာအုပ်များ စတင်ဖြန့်ဝေမည်ဖြစ်ကာ ယင်းစာအုပ်များတွင် မြန်မာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ပြုလုပ်ထားသော သုတေသနများ ပါဝင်ပြီး မိခင်ဘာသာစကားကို အခြေခံသည့် ပညာရေး(အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများအတွက်) အရေးကြီးကြောင်းကို မီးမောင်းထိုးရေးသားထားသည်များပါဝင်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အင်းတော်မြို့နယ်တွင် ရေကျော်တံတား ရေထိန်းနံရံဆောက်လုပ်



**အင်းတော် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမပေါ်ရှိ ပင့်တင်ရေကျော် ရေထိန်းနံရံ ဆောက်လုပ်မှုကို လမ်းအထူးအဖွဲ့(၉)က တည်ဆောက်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယခင်ရေကျော်လမ်းတွင် မိုးတွင်းကာလ၌ တောင်ကျချောင်းရေများ ကျပြီး ရေကျော်လမ်းနိမ့်သဖြင့် ဆိုင်ကယ်၊ မော်တော်ကား၊ ယာဉ်ကြီးယာဉ်ငယ်များမှာ ရေကျသည်ထိ စောင့်ရသောကြောင့် ခရီးသွားပြည်သူများ ခရီးနှောင့်နှေးကြန့်ကြာမှုနှင့် ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ခရီးသွားပြည်သူများ ခရီးနှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် အသားတံတားများအစား ကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်း၊ ရေကျော်တံတားများ ဆောက်လုပ်ပေးခြင်းကြောင့် သွားလာရေးအဆင်ပြေ ချောမွေ့စေပြီး ဒေသခံပြည်သူများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာကာ ရာသီမရွေး သွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

# အွန်လိုင်းကြော်ငြာများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို မိုဘိုင်းဖုန်း အသုံးပြုရောင်းချလာ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

အွန်လိုင်းကြော်ငြာများ၏ ၈၀ ရာခိုင်နှုန်းခန့်ကို မိုဘိုင်းဖုန်းများအသုံးပြု၍ ရောင်းချလာကြောင်း မြန်မာ့အခမဲ့ ကြော်ငြာဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www. ads.com.mmက ထုတ်ပြန်ခဲ့သည်။

"ကြော်ငြာအများစုကို အသုံးပြုသူတွေက မိုဘိုင်းကနေ ကြည့်ရှုတာက ၈၀ ရာခိုင်နှုန်းလောက်ရှိပြီး ကျန် ၂၀ ရာခိုင်နှုန်းကို လက်တော့နဲ့တက်ဘလက်ကနေရောင်းချလာတာကို တွေ့ရပါတယ်။ လက်ရှိမှာ အိုင်တီနဲ့ ဆက်စပ်ပစ္စည်းတွေက လူကြိုက်အများဆုံးကဏ္ဍတစ်ခုဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်မှာလည်း လူတွေပိုပြီး အသုံးပြုလာတယ်။ အွန်လိုင်းကနေပြီး စီးပွားရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်လာတာ တွေ့ရတယ်။ အနောက်တိုင်းနဲ့အာရှနိုင်ငံတချို့မှာ တွင်ကျယ်စွာ အသုံးပြုမှုက ဆယ်စုနှစ်တစ်စုကျော်နေပါပြီ"ဟု အဆိုပါဝက်ဘ်ဆိုက်၏ Head of Public relation ဖြစ်သူ Mr. Elijah Htang က ဆိုသည်။

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက်သည် ၂၀၁၅ ခုနှစ် အလွန်တွင် အသုံးပြုသူပိုမိုမြင့်တက်လာကြောင်းနှင့် လက်ရှိပြည်တွင်း စမတ်ဖုန်းအသုံးပြုသူများ၏ ၆၀ ရာခိုင်နှုန်းခန့်မှာ အွန်လိုင်းဝက်ဘ်ဆိုက်များ Social Media များကို ကျယ်ပြန့်စွာအသုံးပြုလာသည်ကိုတွေ့ရကြောင်း သိရသည်။

**မွန်းဦးနဒီ**

# ဗီယက်နမ်နိုင်ငံသားပျောက်ဆုံးခဲ့သည့် ပိုက်ဆံအိတ် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့က ပြန်လည်ရှာဖွေပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် ညောင်ရွှေမြို့ မြို့လယ်ရပ်ကွက်ရှိ Rich Land Motel တွင် တည်းခိုနေထိုင်သည့် ဗီယက်နမ်နိုင်ငံသား Mr. Le Binh Giang သည် ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီက ဖောင်တော်ဦးဘုရားနှင့် အင်းတိန်ရွာသို့သွားရောက်လည်ပတ်စဉ် မြန်မာငွေကျပ် ၂၅၅၀၀ ATM ကတ်ခြောက်ခုထည့်ထားသော ပိုက်ဆံအိတ်မှာ လမ်းတွင်ကျပျောက်သွားသဖြင့် ကူညီရှာဖွေပေးရန် ဖောင်တော်ဦးဘုရားရှိ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များထံသို့ လာရောက်အကြောင်းကြားခဲ့သည်။

တပ်ဖွဲ့စု(ရှမ်း)မှတပ်ဖွဲ့ဝင်များက အဆိုပါနိုင်ငံသားနှင့်အတူ ၎င်းသွားရောက်ခဲ့သည့်နေရာများကို လိုက်လံကူညီစုံစမ်းခဲ့ရာ ဖောင်တော်ဦးဘုရားဂေါပက အတွင်းရေးမှူး ဦးသန်းဝင်းက အဆိုပါ ပိုက်ဆံအိတ်ကို ဖောင်တော်ဦးဘုရားစံကျောင်းပေါ်ရှိ အလှူခံဌာနတွင်တွေ့ရှိသဖြင့် သိမ်းဆည်းထားကြောင်းသိရှိရ၍စိစစ်ပြီး ဗီယက်နမ်နိုင်ငံသားထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# မော်တော်ကားဈေးကွက်တွင် သိန်း ၁၀၀ ဝန်းကျင်ရှိ ကားများသာ အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မော်တော်ကားဈေးကွက်အတွင်း သိန်း ၂၀၀ ကျော်၊ ၃၀၀ ဝန်းကျင်ရှိ ကားများ အရောင်းအဝယ်မရှိဘဲ သိန်း ၁၀၀ ဝန်းကျင်ရှိ ကားများသာ အရောင်းအဝယ်ရှိကြောင်း ရန်ကုန်မြို့ လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းအတွင်းရှိ မော်တော်ယာဉ်ရောင်းဝယ်နေသူများထံမှ သိရသည်။

"နေ့စဉ်လာဝယ်တဲ့သူရှိပေမယ့် ပုံမှန်တော့မဟုတ်ဘူး။ ကြိုကြားလာဝယ်တဲ့သူတော့ ရှိပါတယ်။ အရောင်းအဝယ်အေးတယ်လို့ ပြောရမှာပေါ့။ နံပါတ်ထွက်ပြီးသား ကားလေးတွေပဲ အရောင်းအဝယ်ဖြစ်ကြတယ်"ဟု မော်တော်ယာဉ်အရောင်းအဝယ် လုပ်ကိုင်နေသူ ဦးကျော်နီက ပြောသည်။ အက္ခရာ J, K, H, I စသည့် နံပါတ်ထွက်ပြီးသားကားများသာ လက်ရှိတွင်အရောင်းအဝယ်အနည်းငယ်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မော်တော်ယာဉ်ရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးက "အခုနာမည်ပြောင်းထားရင် သိန်း ၁၀၀ ပတ်ဝန်းကျင် ကားလေးတွေဆိုရင် သုံးလေးသိန်းလောက်ပဲ ကျမယ်။ ဝယ်ထားတဲ့သူတွေက နာမည်ပြောင်းကြတာပေါ့။ အရောင်းအဝယ်လာလုပ်တဲ့သူကလည်း များသောအားဖြင့် အမည်ပေါက်ပဲလိုချင်ကြတာ"ဟု မော်တော်ယာဉ်အမည်ပြောင်းရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်အကြောင်းကို ရှင်းပြသည်။

**(၁၆၃)**



# ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ကြေးရုပ်တုဖွင့်လှစ်မည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၀**

ဖေဖော်ဝါရီ ၁၃ရက်တွင် ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ကြေးရုပ်တုဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဗိုလ်ချုပ်အောင်ဆန်း (၁၀၁)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်သည့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ၊ ဗိုလ်ချုပ်ပုံတူပန်းချီနှင့် ကာတွန်းပြိုင်ပွဲများ၊ ကလေးများသိမှတ်စရာ ဖတ်၊ မှတ်၊ စွမ်းရည်ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပမည်ဖြစ်ရာ သံဃာတော်များအား ဆွမ်းနှင့် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အမြင့် ကိုးပေ၊ ကြေးပိဿာချိန် ၆၃၀ ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကို မြို့ဦးအဝင် မိုးဟုတ်စေတီတော်ကြီးရှေ့နှင့် အာဇာနည်လမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ် ရင်ပြင်တွင် စိုက်ထူထားပြီးဖြစ်ကာ ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ဖွင့်ပွဲကျင်းပ၍ ခမ်းနားစွာ ဖွင့်လှစ်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**



# မတ္တရာမြို့တွင် လူထုကျန်းမာရေး အခမဲ့ကွင်းဆင်းကုသပေး

**မတ္တရာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ အမှတ် (၂)ရပ်ကွက် နံ့သာတောရ (မြောက်)ကျောင်း ဓမ္မာရုံ၌ ဆေးတက္ကသိုလ် မန္တလေးနှင့် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဒေသခံပြည်သူများအား လူထုကျန်းမာရေး(အခမဲ့) ကွင်းဆင်းဆေးကုသမှုများ ဖေဖော်ဝါရီ ၉ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လူထုကျန်းမာရေး ကွင်းဆင်းကုသမှုကို ဆေးတက္ကသိုလ်(မန္တလေး) ကာကွယ်ရေးနှင့် လူမှုဆေးပညာဌာနမှ ဒေါက်တာချမ်းငြိမ်းနှင့် ဒေါက်တာဟိန်းထက်တို့ ဦးဆောင်၍ မန္တလေးပြည်သူ့ဆေးရုံကြီး၊ ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးနှင့် အရိုးဆေးရုံကြီးများမှ အထူးကုဆရာဝန် ရှစ်ဦး၊ အလုပ်သင်ဆရာဝန်(၇/၂၀၁၅) အဖွဲ့ငယ်(၁)မှ အလုပ်သင်ဆရာဝန် ၅၅ ဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆေးကုသရာတွင် မြို့ပေါ်ရပ်ကွက်များမှ အထွေထွေရောဂါ ၄၀၊ မျက်စိဝေဒနာရှင် ၅၀၊ နား၊ နှာခေါင်း၊ လည်ချောင်း ဝေဒနာရှင် ၁၂ ဦး၊ သားဖွားမီးယပ် ကိုးဦး၊ သွားရောဂါ ငါးဦး၊ အရေပြားရောဂါ ၁၇ ဦး၊ ကလေး ခုနစ်ဦး၊ အရိုး ၃၈ ဦးနှင့် ခွဲစိတ်ကုသထားသူ ငါးဦး စုစုပေါင်းလူနာ ၁၈၃ ဦးအား အခမဲ့စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

လူထုကျန်းမာရေး ကွင်းဆင်းကုသမှုကို ဖေဖော်ဝါရီ ၂၃ ရက်တွင်လည်း မတ္တရာမြို့နယ်အတွင်းရှိ ရေနံ့သာကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံပြည်သူများအား အခမဲ့ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ဈေးကွက်ကျယ်ပြန့်လာ၍ ရေးမြို့နယ်မှ ကွမ်းသီးလုပ်ငန်းများ အဆင်ပြေ

**ရေး ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း အဓိကစိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သော ရာသီပေါ် ခြံထွက်ကွမ်းသီးအစိုများ ဈေးကွက်ကျယ်ပြန့်လာသဖြင့် တစ်ပိုင်တစ်နိုင် ရင်းနှီးမြှုပ်နှံ၍ ကွမ်းသီးစိုက်ပျိုးရေး လုပ်ကိုင်ကြသူများ အကျိုးအမြတ်များစွာရကာ အဆင်ပြေနေကြကြောင်း သိရသည်။

ရေးမြို့နယ်မှ ခြံထွက်ကွမ်းသီးများကို အိန္ဒိယနယ်စပ် ဒေသများဖြစ်သော ကလေးနှင့် တမူးမြို့များအပြင် မန္တလေး၊ မတ္တရာဒေသများအထိပါ စားသုံးသူများပြားလာ၍ ဈေးကွက်အတွင်း ဝယ်လိုအားမြင့်တက်လာကြောင်း၊ ကွမ်းသီးအသစ်များ ထွက်ရှိသည့် ဇန်နဝါရီလပိုင်းမှစ၍ ဈေးကွက်အတွင်း ကွမ်းသီးအစိုများ ပိုမိုဝင်ရောက်လာသည်။ ဈေးနှုန်းမှာလည်း ဈေးကောင်းရနေကြောင်း၊ ကွမ်းသီးအစိုများကို စိုက်ပျိုးသည့်တောင်သူများထံမှ တစ်လုံးလျှင် ၂၇ ကျပ်မှ ၂၉ ကျပ်ခန့်အထိ ပေးဝယ်ကြရသောကြောင့် တောင်သူများအနေဖြင့် ယခင်နှစ်များထက် ဈေးပိုမိုရရှိကြောင်း၊ ကွမ်းသီးဈေးကွက်ကျယ်ပြန့်လာသဖြင့် ကွမ်းသီးစိုက်တောင်သူများသာမက ကုန်သည်များပါ အကျိုးအမြတ်များရကြပြီးအဆင်ပြေကြကြောင်း ဒေသထွက်ကွမ်းသီးအစို အရောင်းအဝယ်လုပ်ကိုင်နေသူ ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

ရော်ဘာခြံနှင့်အတူကွမ်းသီးကိုတွဲ၍ စိုက်ပျိုးထားသည့် တောင်သူတစ်ဦးက "ဒီနှစ် ရော်ဘာဈေးကွက်မှာ ဘာမှထူးခြားမှု မရှိဘူး။ ရော်ဘာပေါက်ဈေးက တစ်ပေါင်ကို ကျပ် ၄၃၀ လောက်ပဲရတယ်။ ရတဲ့ဈေးနဲ့ ခြံကအလုပ်သမားနဲ့ စရိတ်တွေက မကိုက်ကြလို့ တချို့ခြံတွေက အစေးခြစ်လုပ်ငန်းကိုပါ ယာယီပိတ်ထားတယ်။ ကွမ်းသီးဈေးတော့ အရင်နှစ်တွေထက် ပိုပြီး အမြင့်ဈေးရလာလို့ ခြံအလုပ်သမားစရိတ်နဲ့ ကုန်ကျစရိတ်တွေကို ပြန်အစားထိုးနေရတယ်။ ဒီနှစ်က ကွမ်းသီးအခြောက်ပဲ ဈေးကောင်းနေတာမဟုတ်ဘဲ ကွမ်းသီးအစိုပါ ဈေးကောင်းရတဲ့အတွက် ရော်ဘာဘက်က တွက်ခြေမကိုက်ဖြစ်ပေမယ့် ကွမ်းသီးခြံစိုက်ထားသူ အများစုကတော့ အဆင်ပြေကြပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ရေးမြို့နယ်မှ ဒေသထွက်ကွမ်းသီးများမှာ ကွမ်းသီးအစို လက်လီဈေး တစ်လုံးလျှင် ၂၉ ကျပ်အထိ ရရှိနေပြီး ကွမ်းသီးအခြောက်မှာ တစ်ပိဿာလျှင် ကျပ် ၄၁၀၀ ခန့် ရနေကြောင်း၊ ဈေးကွက်များ ကျယ်ပြန့်လာကာ အိန္ဒိယနယ်စပ်ဒေသအထိပါ တင်ပို့ရောင်းချလာရသောကြောင့် ကွမ်းသီးပေါ်ချိန်တစ်လျှောက်လုံးတွင် ခြံရှင်နှင့်ကုန်သည်များပါ လုပ်ငန်းအဆင်ပြေနေကြကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

# ကချင်ပြည်နယ်၌ ၂၀၁၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါး ၃၁၃ မှု ဖမ်းဆီးနိုင်ခဲ့

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှု ၃၁၃ မှုကို ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိမှုများမှာ ဘိန်းဖြူ ၁၉၇ မှု၊ ဘိန်းစိမ်း ၁၄ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ မှု (ဆေးပြား ၅၈၃၆၂ ပြား)၊ ဘိန်းဆီမည်း ရှစ်မှု၊ အဝတ်ဘိန်း ကိုးမှု၊ ဘိန်းရည် တစ်မှု၊ Diazepam တစ်မှု၊ Tramadol Capsule တစ်မှု (ဆေးတောင့် ၁၈၂၀၀ လုံး) စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၃၁၃ မှုဖြစ်ပြီး အဆိုပါအမှုများမှ ဆက်စပ်တရားခံ အမျိုးသား ၃၁၀ နှင့် အမျိုးသမီး ၅၄ ဦး ဖမ်းမိကြောင်း သိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့က ဖမ်းဆီးရမိသော နှစ်အလိုက် မူးယစ်ဆေးဝါးမှုများမှာ ၂၀၁၁ ခုနှစ်တွင် ဘိန်းဖြူ ၉၃ မှု၊ ဘိန်းစိမ်း ၁၄ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၇ မှု (၅၈၂၀၁) ပြား၊ အဆင့်နိမ့်ဘိန်း ၉၃ မှု၊ ဘိန်းဆီမည်း ၂၆ မှု၊ ဘိန်းရည် သုံးမှု စုစုပေါင်း မူးယစ်ဆေးဝါးမှု ၂၉၇ မှုမှ အမျိုးသား ၃၁၉ ဦးနှင့် အမျိုးသမီး ၉၂ ဦးဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ဘိန်းဖြူ ၁၇၈ မှု၊ ဘိန်းစိမ်း ၂၆ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၈ မှု၊ အဆင့်နိမ့်ဘိန်း ၄၇ မှု၊ ဘိန်းဆီခဲ ကိုးမှု၊ ဘိန်းဆီရည် ခုနစ်မှု စုစုပေါင်း မူးယစ်ဆေးဝါးမှု ၃၆၅ မှု ဖမ်းမိခဲ့ပြီး အမျိုးသား ၄၂၆ ဦးနှင့် အမျိုးသမီး ၈၆ ဦးဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ဘိန်းဖြူ ၂၅၂ မှု၊ ဘိန်းစိမ်း ၇၂ မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု၊ အဆင့်နိမ့်ဘိန်း ၅၁ မှု၊ ဘိန်းဆီမည်း ၁၆ မှုတွင်၊ ဘိန်းရည်နှစ်မှု၊ ဆေးခြောက်မှု နှစ်မှု၊ ဆာလဖျူရစ်အက်စစ် တစ်မှု၊ Tramadol အမှု သုံးမှု စုစုပေါင်း မူးယစ်ဆေးဝါအမှု ၄၆၈ မှုမှ အမျိုးသား ၅၀၂ ဦးနှင့် အမျိုးသမီး ၁၃၀ ဖမ်းဆီးရမိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ဘိန်းဖြူ ၄၅၆ မှု၊ ဘိန်းစိမ်း (၆၆)မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၁ မှု (ဆေးပြား ၁၇၂၃၅၃ ပြား)၊ အဆင့်နိမ့်ဘိန်း ၆၂ မှု၊ ဘိန်းဆီခဲ ၂၇ မှု၊ ဘိန်းရည်မှု ကိုးမှု စုစုပေါင်း မူးယစ်ဆေးဝါးမှု ၇၆၁ မှု ဖြစ်ပွားခဲ့ကာ အဆိုပါအမှုများမှ အမျိုးသား ၈၇၀ နှင့် အမျိုးသမီး ၁၅၁ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# နယ်စုံကြက်သွန်နီ ပိဿာချိန် ၁၅ သိန်းကျော် ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဈေးကွက်သို့ ဖေဖော်ဝါရီ ၁ ရက်မှ ၉ ရက်အတွင်း နယ်စုံမှ ကြက်သွန်နီပိဿာချိန် ၁၅ သိန်းကျော် ဝင်ရောက်လာပြီး ပြီးခဲ့သည့်နှစ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ယခုနှစ်ဈေးနှုန်းက များနေကြောင်း သိရသည်။

ဈေးနှုန်းများမှာ ဖေဖော်ဝါရီ ၉ ရက်တွင် ဆိပ်ဖြူနှင့် မြင်းခြံအမျိုးအစား ကြက်သွန်နီ တစ်ပိဿာလျှင် ၃၀၀-၄၅၀-၅၂၅ ကျပ်ခန့်နှင့် မြစ်သား ကြက်သွန်နီ တစ်ပိဿာလျှင် ၅၇၅-၇၀၀-၇၇၅ ကျပ်နှုန်းခန့် ရှိနေသည်။ ယခင်နှစ်ဈေးနှုန်းမှာ ဆိပ်ဖြူကြက်သွန်နီ ၁၆၀-၂၅၀-၃၀၀ ကျပ်ခန့်နှင့် မြစ်သားကြက်သွန်နီ ၂၇၅-၄၀၀-၄၇၅ ကျပ်နှုန်းရှိခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။

ယခုလအတွင်း ရေလမ်းခရီးဖြင့်လည်းကောင်း၊ မြဝတီ နယ်စပ်ဒေသများမှ တစ်ဆင့်လည်းကောင်း ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုများလည်း ရှိနေကြောင်း သက်ဆိုင်ရာမှသိရသည်။ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း မြဝတီနယ်စပ်မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၄၈၄၀ တန်ဖိုးရှိ ကြက်သွန်နီ တန်ချိန် ၂၂၀ ကို တင်ပို့ခဲ့ကြောင်းနှင့် ဇန်နဝါရီ တစ်လလုံးအနေဖြင့် တင်ပို့မှုမှာ ၆၉၆ တန် ရှိခဲ့သည်။

စင်ကာပူနိုင်ငံသို့လည်း အမေရိကန်ဒေါ်လာ ၈၈၅၀၀ တန်ဖိုးရှိ ကြက်သွန်နီ ကီလိုဂရမ် သုံးသိန်းကို တင်ပို့ရန် သက်ဆိုင်ရာမှ ခွင့်ပြုထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန၏ Commerce ဂျာနယ်တွင် ဖော်ပြထားသည်။

၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်တွင်း၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခဲ့မှုကြောင့် ပြည်ပသို့တင်ပို့မှု ရပ်ဆိုင်းထားခဲ့ရာမှ ယခုအချိန်တွင် ပြည်တွင်းဈေးကွက်အတွင်း ကြက်သွန်နီအဝင်များလာပြီး ဈေးနှုန်းလည်း ကျဆင်းလာသဖြင့် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်း ယခုလပိုင်းတွင် ဝင်ရောက်နေသော ကြက်သွန်နီများသည် လှောင်၍မရသေးဘဲ မတ်လဝန်းကျင်တွင်ထွက်ပေါ်မည့် နွေကြက်သွန်နီများကိုသာ ကြက်သွန်နီပွဲရုံများက လှောင်လေ့ရှိကြောင်းနှင့် ထိုရက်များတွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်လေ့ရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဧပြီ ၆ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ရန်ကုန်သို့ ကြက်သွန်နီပိဿာချိန် ၁၀ သိန်းကျော် ဝင်ရောက်ခဲ့ပြီး ထိုရက်များတွင် ဈေးနှုန်းများလည်း မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

European Union

ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT

Implemented by giz

## အဖွဲ့အစည်း အမှတ်တံဆိပ် ဒီဇိုင်းပြိုင်ပွဲ

ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အတွက် အမှတ်တံဆိပ် ဒီဇိုင်းဆွဲပေးဖို့ဖိတ်ခေါ်ပါတယ်။

ပထမဆု - ကျပ်ငွေ ၅ သိန်း
ဒုတိယဆု - ကျပ်ငွေ ၂ သိန်း
တတိယဆု - ကျပ်ငွေ ၁ သိန်း

အမှတ်တံဆိပ်ဒီဇိုင်း နောက်ဆုံးပေးပို့ရမည့်ရက်စွဲ: ဖေဖော်ဝါရီ ၂၉ ရက်နေ့၊ ၂၀၁၆။

ပြိုင်ပွဲနှင့်ပတ်သက်သော သတင်းအချက်အလက်များအား ဆက်သွယ်ရယူလိုပါက
TDP-Myanmar@giz.de or myat.zin@giz.de
01- 385 327 (Ext: 207) or 09 - 451 308 439 သို့ ဆက်သွယ်နိုင်ပါသည်။
မှတ်ချက်။ ။ ဆုကြေးငွေအား GIZ မှစာချုပ်စာတမ်းပြုလုပ်၍ ပေးအပ်သွားပါမည်။

# မီးဘေးနှင့် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မီးဘေးနှင့် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က မိတ်ဆက်စကားပြောကြားပြီး Kookmin Bank and Korea Disaster Relief Association မှ တာဝန်ရှိသူများက ချင်းပြည်နယ် ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၄၀၀၀၀၊ နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၀၀၀ ကို လည်းကောင်း။ **(ယာပုံ)**

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းများနှင့် မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်းက နမ့်ဆန်မြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၊ လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၅၀ ကို သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများက လည်းကောင်း။

ထို့နောက် နမ့်ဆန်မြို့နှင့် လပွတ္တာမြို့ မီးဘေးသင့်ပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးမှူး(ပထမ)တန်း မိသားစုများက ငွေကျပ် ၂၁၀၀၀၀၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနက ငွေကျပ် ၃၅ သိန်းနှင့် စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဝန်ထမ်းများက ငွေကျပ် ၇၃၄၅၀၀ နှင့် အဝတ်အထည်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများက ငွေကျပ်သိန်း ၅၀၊ ဦးဖုန်းမြင့်၊ ဒေါ်အေးမီသန်း၊ ဦးဝဏ္ဏစိုး၊ ဒေါ်ယုမွန်ဘုန်း မိသားစုက ငွေကျပ် ၁၄၀၀၀၀၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က ငွေကျပ် ၁၀ သိန်း၊ ဦးကျော်သိန်း(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်နှင်းနွယ်အေးတို့က ငွေကျပ် ၂၀၀၀၀၀ တို့ကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။




ဆက်လက်၍ ဖေဖော်ဝါရီ ၁၀ ရက်တွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် ၂၄၉၆၀၀၀ နှင့်အဝတ်အထည်များ၊ ဦးမောင်ဝင်း-ဒေါ်လှလှကြည်က ငွေကျပ် ၁၀၀၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးကြည်လင်း-ဒေါ်ထားထားရီ(မိသားစု)က ငွေကျပ် ၂၀၀၀၀၀၊ ဦးဘစိုး(အငြိမ်းစားတပ်ကြပ်ကြီး)က ငွေကျပ် ၁၀၀၀၀၀၊ ဦးဘူးယို-ဒေါ်လှရီ(မိသားစု)က ငွေကျပ် ၁၂၀၀၀၀၊ ဦးအောင်လင်း-ဒေါ်စန်းစန်းမြင့်က ငွေကျပ် ၄၃၀၀၀၀ နှင့် Winnie Tan က အမေရိကန်ဒေါ်လာ ၂၀၀ တို့ကို လာရောက်လှူဒါန်းသည်။

သို့ဖြစ်၍ ယနေ့ ရရှိငွေမှာ ငွေကျပ် ၃၄၄၆၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀၀ ဖြစ်သဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ မီးဘေးသင့်ပြည်သူများအတွက် စုစုပေါင်းလှူဒါန်းရရှိငွေမှာ ငွေကျပ် ၅၉၂၆၅၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၃၀၂၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် နမ့်ဆန်မီးလောင်ပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၊ အလှူရှင်များ ဆက်လက်လှူဒါန်းလျက်ရှိ

**သီပေါ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သော မီးလောင်ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာလုပ်အားရှင်များနှင့် ပြည်နယ်စည်ပင်သာယာရေးဌာန(လားရှိုး)တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း ဦးဆောင်သော သီပေါ၊ ကျောက်မဲ၊ လားရှိုးမြို့နယ်တို့မှ စည်ပင်သာယာရေးဌာန ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် မီးဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဦးစီးကော်မတီဝင် ဦးစိုးမောင်တို့က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်နေသကဲ့သို့ မီးဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများကိုလည်း နမ့်ဆန်ကယ်ဆယ်ရေးစခန်းသို့ စဉ်ဆက်မပြတ် လာရောက်လှူဒါန်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် တာချီလိတ်မြို့ ငွေတောင်ဦးကမ္ဘဌာန်းကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိရောစန အရှင်သူမြတ် ဦးစီး၍ ခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အနန္တဂုဏ်ရည်ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဖြိုးရှိန်နှင့် အဖွဲ့ဝင်များ၊ စေတနာအလှူရှင်များ၊ ထိုင်းနိုင်ငံမှ အလှူရှင်များ လှူဒါန်းသည့် ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည် အသုံးအဆောင်ပစ္စည်းများကို နမ့်ဆန် မီးဘေးကယ်ဆယ်ရေး စခန်းသို့ လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါ မီးဘေးသင့်ပြည်သူ ၂၀၀၅ ဦးနှင့် အိမ်ထောင်စု ၃၀၀ အတွက် အဝတ်အထည် စားသောက်ဖွယ်ရာများအပြင် ကျန်းမာရေးစောင့်ရှောက်ရန် ဆေးမျိုးစုံ ၁၅ သေတ္တာအပြင် ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်နှင့် အလှူရှင်များကလည်းကောင်း၊ ဦးအုန်းပွင့်-ဒေါ်တင်မေထွန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးထွန်းနေဦး-ဒေါ်ခင်ချိုချို မိသားစုက ငွေကျပ်ငါးသိန်း၊ ဦးမြင့်ဦး-ဒေါ်နန်းသောင်း မိသားစုက ထိုင်းဘတ် ၄၀၀၀၊ ဦးအောင်ဖြိုးရှိန်- ဒေါ်နန်းနွတ် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးတိုးလှိုင် (လက်ထောက်ညွှန်ကြားရေးမှူး)မိသားစု ပြည်တွင်းအခွန်များဦးစီးဌာနက ငွေကျပ် တစ်သိန်း၊ ဦးဇေယျာအောင်နှင့်အဖွဲ့က အလှူငွေကျပ် တစ်သိန်း၊ ဦးအားတိတ်-ဒေါ်နန်းတစ် မိသားစု (ဗွိုင့်-ကားပစ္စည်းဆိုင်)က ထိုင်းဘတ် ၃၀၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

ယခုကဲ့သို့ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များအနေဖြင့် ယာဉ်ကြီး ယာဉ်ငယ်အသွယ်သွယ်ဖြင့် တောင်တန်းကြီးများကို ကျော်ဖြတ်ကာ ဝေးလံသော အရပ်ဒေသများမှ လာရောက်ကူညီ လှူဒါန်းကြသည့်အတွက် မိမိတို့အိမ်ရာများ မီးသင့်သွားလင့်ကစား ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း မီးလောင်ပြင်ကို ရှင်းလင်းနေသည့် အိမ်ရှင် ပလောင်တိုင်းရင်းသူနှစ်ဦးက ပြောသည်။

လက်ဖက် အဓိကထွက်ရှိသော နမ့်ဆန်မြို့နယ်၌ လက်ဖက်ပွဲရုံအချို့သာ မီးလောင်ကျွမ်းခဲ့ပြီး လက်ဖက်ခြံများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိသဖြင့် လက်ဖက်အထွက်ကျဆင်းခြင်းမရှိကြောင်း သိရသည်။

**စိုး(သီပေါ)**

## (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြခန်းများဖွင့်လှစ်

**မုံရွာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်း၌ (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

တိုင်းဒေသကြီး အတွင်းရှိ ဝန်ကြီးဌာနပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ ပြခန်းများ ပြသထားပြီး ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး မည်သူမဆို ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် ညွှန်ကြားရေးမှူး ဦးကျော်ကျော်နိုင် တို့အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်း ခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်**
**ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား ၉-၂-၂၀၁၆ ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက် ဂုဏ်ယူမိပါသည်။

**ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်**
**ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတကာတွင် နိုင်ငံတော်အတွက် ဥပဒေရေးရာနှင့်ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်သည့်အဖွဲ့တွင် ခေါင်းဆောင်၍ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ၉-၂-၂၀၁၆ရက်တွင် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု ချီးမြှင့်ခြင်း ခံရသည့်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး**
**ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊**
**ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊**
**ဦးစီးအရာရှိများ၊ စီမံအရာရှိများ၊ ရုံးဝန်ထမ်းများ။**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ခရေပင်လမ်း၊ အမှတ် ၂၆နှင့် စိန်ဂျွန်း သိုလှောင်ရုံဝင်းအတွင်းရှိ သိုလှောင်ရုံ ၁၃လုံး၊ ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံး၊ အခြားအဆောက်အအုံ ၁၅လုံးတို့အား (မြေမပါ) မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ခရေပင်လမ်း၊ အမှတ် ၂၆ နှင့် စိန်ဂျွန်းသိုလှောင်ရုံဝင်းအတွင်းရှိ သိုလှောင်ရုံ ၁၃လုံး၊ ဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် အခြားအဆောက်အအုံ ၁၅လုံး

- Lot (1) ပေ (၁၂၀×၃၃×၂၀) (သွပ်၊ သွပ်၊ ကွန်)ရှိ အမျိုးအစားတူ၊ အရွယ်အစားတူ (သိုလှောင်ရုံ အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) သိုလှောင်ရုံ ခြောက်လုံး
- Lot (2) ပေ (၉၀×၃၀×၁၅) (သွပ်၊ အုတ်၊ ကွန်)ရှိ အမျိုးအစားတူ၊ အရွယ်အစားတူ (သိုလှောင်ရုံ အမှတ် ၇၊၈၊၉၊၁၀၊၁၁၊၁၂)သိုလှောင်ရုံ ခြောက်လုံး
- Lot (3) ပေ (၁၂၀×၂၁၀×၁၅) (သွပ်၊ အုတ်၊ ကွန်)ရှိ ယာဉ်ပြင်အလုပ်ရုံ ခြောက်ခန်းတွဲ သိုလှောင်ရုံ တစ်လုံး
- Lot (4) ပေ (၄၅×၁၈×၁၆) (ကျောက်ပြား၊ ပျဉ်၊ ပျဉ်) ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာ တစ်လုံးနှင့် အခြားအဆောက်အအုံ ၁၅ခု

(င) **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၁၁-၂-၂၀၁၆ရက်မှ ၁၇-၂-၂၀၁၆ရက်အထိ (ရုံးချိန်အတွင်း)

(စ) **တင်ဒါပိတ်မည့် နေ့ရက်/အချိန်** - ၁၇-၂-၂၀၁၆ရက် ညနေ ၃နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်ရက်** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

(ဇ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်နေ့ရက်/အချိန်** - ၁၈-၂-၂၀၁၆ရက် မွန်းတည့် ၁၂နာရီ

(ဈ) **တင်ဒါတင်သွင်းဖွင့်ဖောက်မည့် နေ့ရက်/အချိန်/နေရာ** - ၁၈-၂-၂၀၁၆ရက် မွန်းလွဲ ၁နာရီ - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေရာတွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ သိုလှောင်ရုံ ၁၃လုံး၊ ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် အခြားအဆောက်အအုံ ၁၅လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာသိုလှောင်ရုံဝင်းသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံရောင်းချ မည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၄၁၀သို့ ဖြစ်စေစုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းဝင်း CDC-46271၏ CDC , Pass Port (မမှတ်မိ) စာအုပ်နှင့် BST, EDH လက်မှတ်များ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၂၉၅၉၇၂၃၊ ၀၉-၄၂၁၀၄၇၃၈၂**

## ဖခင်အမည်မှန်

အထက(၁)၊ ဒဂုံမြောက်ပိုင်း၊ နဝမတန်း(F)မှ မောင်ထိန်လင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းသိန်း ၉/မထလ(နိုင်) ၁၄၀၃၈၉ ဖြစ်ပါကြောင်း။

**ဦးမင်းသိန်း**

## အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးထွန်းစိန် (ဘ)ဦးဝေါင်တိလွင် ၁၂/လမန(နိုင်)၀၃၇၀၇၄ သည် ၂၆-၁-၂၀၁၆ရက်တွင် ကျွန်တော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ကျွန်တော်၏ မှတ်ပုံတင်ကောက်ရသူသည် ကျွန်တော်နှင့်ပတ်သက်၍ စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း အလွဲသုံးစားပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းစိန် ၁၂/လမန(နိုင်)၀၃၇၀၇၄**
**အမှတ် ၅၈၆၊ သုမင်္ဂလာလမ်း၊**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၃၀၀၅၄၁၉၀**

# လှိုင်သာယာတွင် တစ်နေ့တည်းနှစ်ကြိမ် မီးလောင်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

နှစ်စဉ်လူဦးရေများလာသော လှိုင်သာယာမြို့နယ်တွင် ယခုနှစ်ရာသီအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ဆောင်မှုလိုအပ်လျက်ရှိရာ ယနေ့နံနက် ၁၀နာရီခွဲက အမှတ်(၅)ရပ်ကွက် ဒဂုံရွှေမျှားလမ်းနှင့် မဟာဆွေ(၈)လမ်းထောင့်တွင်ရှိသော အိမ်အမှတ်(၁၀၆၈/ဂ) အဆောင်တွင် လျှပ်စစ်ပေါင်းအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါလမ်းထောင့်ရှိ အဆောင်အပေါ်ထပ် ဒုတိယခန်းမှ အဆောင်နေအမျိုးသမီးက ပေါင်းအိုးဖြင့် စွပ်ပြုတ်တည်ထားစဉ် အရည်များခန်းခြောက်ပြီး ပေါင်းအိုးအော်တိုခလုတ်ပြန်မတက်သောကြောင့် အပူလွန်ကဲ၍ မီးလောင်ခဲ့ခြင်းဖြစ်သည်။ အဆောင် အပေါ်ထပ်တွင် ၁၀ ခန်း၊ အောက်ထပ်တွင် ၁၀ ခန်းရှိပြီး ပျဉ်ထောင်၊ သွပ်မိုး၊ ကြိတ်သားပြားဖြင့် ကာထားသောအဆောင်ဖြစ်ရာ အခန်း ၂၀ နှင့် ခေါင်းရင်းဘက်ရှိ အိမ်နှစ်လုံး မီးလောင်ခဲ့သည့်အတွက် အိမ်ထောင်စု ၂၀၊ လူဦးရေ ၅၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါနှင့် မီးသတ်ယာဉ် ကိုးစီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ အရန်မီးသတ် ၆၀၊ ကြက်ခြေနီ ၁၀ ဦး၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းငြိမ်းသတ်မှုကြောင့် ပတ်ဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းနိုင်မှုကို တားဆီးနိုင်ခဲ့ကြောင်း သိရသည်။ အလားတူ ယင်းနေ့နံနက် ၁ နာရီ ၄၅ မိနစ်ကလည်း အမှတ်(၃)ရပ်ကွက် နဝဒေးလမ်းရှိ ကျူးကျော်တဲများမှ ဒေါ်မြင့်နေသည့် အိပ်ခန်းအတွင်း ခြင်ဆေးထွန်းရာမှ ခန်းဆီးကို မီးစတင်ကူးစက်လောင်ကျွမ်းခဲ့သဖြင့် အိမ်တစ်လုံးနှင့် တစ်ခြမ်းမီးလောင်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်ပြည်သူတို့ စုပေါင်းအားဖြင့် မီးကူးစက်လောင်ကျွမ်းနိုင်မှုကို ကာကွယ်နိုင်ခဲ့ရာ ယင်းနေ့တစ်ရက်တည်းတွင် နှစ်ကြိမ်မီးလောင်မှုဖြစ်ပေါ်ခဲ့သည်။ ကျူးကျော်တဲတွင်နေထိုင်သော ဒေါ်မြင့် (၄၃နှစ်)နှင့် အမှတ်(၅)ရပ်ကွက် မဟာဆွေ(၈)လမ်းထောင့်ရှိ အဆောင်မှ မဝါဝါ (၂၆ နှစ်) တို့အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



# ကျောက်ဆည်မြို့နယ် စင်းကွန်းကျေးရွာတွင်မီးလောင်မှုဖြစ်



**ကျောက်ဆည် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် စင်းကွန်းကျေးရွာတွင် ဖေဖော်ဝါရီ ၉ ရက်နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးအောင်ဆွေဦး (၄၃ နှစ်)၏ နေအိမ်၌ ဘုရားမီးပူဇော်ထားသော မီးသီး အပူလွန်ကဲပြီး အနီးရှိမျက်နှာကြက် ထရံမှတစ်ဆင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ ခရိုင် မီးသတ်ဦးစီးမှူး ဦးဇင်ထွန်းနှင့် တပ်ဖွဲ့ဝင် ၃၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ ကျေးရွာသူကျေးရွာသားများက မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် မီးလုံးဝ ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

အဆိုပါ မီးလောင်မှုကြောင့် နေအိမ် လေးလုံးနှင့် နွားစာတဲတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးအောင်ဆွေဦးအား မင်းစုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပုလောမြို့တွင် မီးလောင်မှုဖြစ်ပွား

**ပုလော ဖေဖော်ဝါရီ ၁၀**

မြိတ်ခရိုင် ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက်တွင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၄ နာရီခန့်က မီးလောင်ကျွမ်းမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ်(၁)ရပ်ကွက်ရှိ စေတီတော်ဘုန်းကြီးကျောင်းဝင်း အတွင်းရှိ ဦးပညာ သက်တော်(၇၆ နှစ်) သီတင်းသုံးသော ၁၀ ပေပတ်လည် ဓနိမိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း ဆွမ်းစားကျောင်းဆောင်တစ်ဆောင် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၄ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ထိုက်နှင့် သန္ဓေတပ်ဖွဲ့ဝင်ကိုးဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၃၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရထွန်းလင်းနှင့် ဒေသခံပြည်သူများ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**(ပုလော ပြန်/ဆက်)**



**ချိန်ခါမရွေး သတိပေး မီးဘေး ကင်းဝေးမှာ**


## စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆွေးနွေးပွဲ

စတုတ္ထအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာဆွေးနွေးပွဲအား ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ ရက်များတွင် ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပပါမည်။ ယင်းဆွေးနွေးပွဲတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရှင်များမှ နောက်ဆုံးပေါ်ကုသနည်းများကို ဟောပြောပို့ချကြပါမည်။ စိတ်ပါဝင်စားသူဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် ဆေးကျောင်းသား ကျောင်းသူများ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ကြိုတင်စာရင်းပေးသွင်းနိုင်သည့်နေရာများမှာ-**

(၁) ရန်ကုန်အထူးကုဆေးရုံကြီး အသည်းရောဂါကုသမှုဌာန
(၂) မြောက်ဥက္ကလာပဆေးရုံကြီး အသည်းရောဂါကုသမှုဌာန
(၃) မန္တလေးဆေးရုံကြီး အသည်းရောဂါကုသမှုဌာန
(၄) အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် -၅၀၀) အစာအိမ်အူလမ်းကြောင်း၊ အသည်းရောဂါကုသမှုဌာန
(၅) လမ်း (၃၀) အထူးကုဆေးခန်း

ဆက်သွယ်ရန် ဖုန်း-၀၉-၂၆၂၃၈၅၅၅၈၊ ၀၉-၄၄၂၂၆၀၀၇၇

**သန်းငွေနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**
☆ မန်းရွှေစက်တော် ပါဒခြေတော်ရာဖူးပွဲသို့ (11-2-2016) ထွက်မည်
☆ မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ (21-2-2016) ထွက်မည်
☆ ရွှေစက်တော်၊ စက္ကိန္ဒတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၃)ရက် ဆက်၍-ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက် (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်) (၇)ရက်၊ အားလုံးပါ (၁၁)ရက်။
☆ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ၊ ဖိုလ်ဝင်တောင်၊ ရွှေဘိုတောင်(၅)ရက်။
☆ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
☆ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၈)ရက်။
☆ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
☆ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး)ပါ (၃)ရက်။ Feb 5,12,19,26
☆ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ (၅)ရက်။ Mar 4,11,18,25
☆ ဇလွန်ပြည်တော်ပြန် ☆ နေပြည်တော် ☆ ပြည်-အကောက်တောင်၊ နဂါးရစ် ☆ မဲလ်ဆဲတော်ရှင်(ဝေနေ၊ တနင်္ဂနွေ)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422


### ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး
၂၀၁၅ - ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၉နှင့် ဆက်သွယ်သည့်
၂၀၁၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃

ဒေါ်သီတာဦး နှင့် ဒေါ်နွဲ့နွဲ့ဝင်း
(၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးတင်မောင်ဦး)
တရားနိုင် တရားရှုံး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပညာတန်ဆောင်(၂)လမ်း၊ အမှတ် (၁၈၈)နေ ဒေါ်နွဲ့နွဲ့ဝင်း (ယခုလိပ်စာမသိ)သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၉ တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်သီတာဦး (၎င်း၏အခွင့်ရကိုယ်စားလှယ်ဦးတင်မောင်ဦး)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်သန်းဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E-7859၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/8369, Toyota Belta SW ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြင့် ၁၂/မဂတ(နိုင်)၀၈၀၃၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နေ ဦးအောင်အောင်၏သား အထက (၂) ဒုတိယတန်းမှ မောင်ရဲမျိုးအောင်အား မောင်ခနေအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခနေအောင်**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊
ဗိုလ်တထောင်ဘုရားလမ်းသွယ်(၁)လမ်း၊ အမှတ်(၆)နေ
(ဦးခင်မောင်စိုး)-ဒေါ်ခင်ငွေရီ (ခေတ္တ USA)တို့၏ တစ်ဦးတည်းသောသား

**မောင်ကျော်ရဲသန့် B.Sc (Chemistry)**
**Designer, Hwo Jong Garment Accessories (Vietnam)**

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ်(၆၀)နေ
ဦးခင်မောင်ဖြူ (Radio Officer CDC-30880)-
ဒေါ်ခင်မာကြည်(အလယ်တန်းပြ၊ အထက-၂၊ လသာ) တို့၏
တစ်ဦးတည်းသောသမီး

**မအိဇွန်ဖြူ B.Sc (Zoology)**
**(J.A.S) Green River Construction Engineering Co.,Ltd.**
**(Shwe Taung Group)**

တို့သည် ၉-၂-၂၀၁၆ရက်တွင် ဒေါ်ခင်သန္တာ (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ရှေ့)၌ လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

**မောင်ကျော်ရဲသန့်-မအိဇွန်ဖြူ**


**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
**(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)**
**မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်**

● Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
● တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
● Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာအစား ● လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm

# ကြံခင်း-ပုသိမ် အဆန်ရထားနှင့် နိုင်ငံခြားခရီးသွားယာဉ် တိုက်မှုဖြစ်ပွား

**ပုသိမ် ဖေဖော်ဝါရီ ၁၀**

ပုသိမ်မြို့၌ ဖေဖော်ဝါရီ ၈ ရက်မွန်းလွဲ ၂ နာရီခွဲခန့်က အမှတ်(၁၅)နယ်မြေ ပုသိမ်မြို့အဝင်ဂိတ် ဝဲဘက်ဒိုက်ထူကျေးရွာ ကားလမ်းနှင့် ကြံခင်း-ပုသိမ် ရထားလမ်းဆုံရာ သတိပေးမှတ်တိုင်၌ ရထားနှင့်ကား တိုက်မှုဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ပုသိမ်မြို့မှ ကြံခင်းမြို့သို့ အဆန်လော်ကယ် အမှတ်(၁၈၇)ရထားစက်ခေါင်း DF-1261 သည် ပုသိမ်မြို့မှထွက်ခွာလာစဉ် ဒိုက်ထူကျေးရွာအဝင်ဝ ရထားလမ်းနှင့် ရွာဝင်ကားလမ်းဆုံရာ ဝါနီစိမ်းအချက်ပြမှတ်တိုင်အရောက်၌ ယာဉ်မောင်းရဲမင်းထွဋ် (၂၆ နှစ်) ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၁၄)နေသူမောင်းနှင်ပြီး အိန္ဒိယနိုင်ငံသား ဧည့်သည် Mr. Haunsherief နှင့် Mr. Narasienhagupda တို့ လိုက်ပါ လာသော မိုးပြာရောင်ဟိုင်းလက် 7E/------ သည်ရထားလာသည်ကို မြင်တွေ့သဖြင့် နောက်ဆုတ်ရန်ပြင်သော်လည်း နောက်မှကားနှစ်စီးကပ်ပါလာသောကြောင့် ဘရိတ်ဖမ်းဆွဲလိုက်ရာမှ ရထားစက်ခေါင်းဝဲဘက်ခြမ်းနှင့် ချိတ်၍ ကိုက် ၅၀ ခန့် ပါသွားကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်မောင်းနှင့် ခရီးသွားဧည့်သည်များမှာ ဒဏ်ရာရရှိပြီး ယာဉ်မှာလည်း ကြေမွပျက်စီးသွားကြောင်း သိရသည်။ ယင်းဖြစ်ပွားမှုကို ရထားလုံခြုံရေး လိုက်ပါလာသော ရဲအုပ်စောလွင်က တိုင်တန်းရာ ပုသိမ်မြို့မ ရဲစခန်းက ယာဉ်မောင်းရဲမင်းထွဋ်အား စစ်ဆေးအရေးယူထားကြောင်း သိရသည်။

**ပုသိမ်-လှကြည်**

# မော်တော်ယာဉ်တစ်စီး အရှိန်လွန်ကာ ဆိုင်ကယ်သုံးစီးကို တိုက်မိ

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ နောင်ကွမ်လမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီးက အရှိန်လွန်၍ ယာဉ်ကြောမှားဝင်ကာ မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဆိုင်ကယ်သုံးစီးကို တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၈ ရက် ည ၁၁ နာရီခန့်က လေယာဉ်ကွင်းဘက်မှ မောင်းနှင်လာသော ယာဉ်အမှတ် YGN 7G/---- မတ်တူးယာဉ်သည် လေယာဉ်ကွင်းလမ်းနှင့် နောင်ကွမ်လမ်းဆုံအနီး၌ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောအတွင်းသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှ စိုင်းလုံတစ်မောင်းနှင်၍ စိုင်းစွန်လိုက်ပါလာသော မော်တော်ဆိုင်ကယ်၊ မောင်ဗင်ယာမိန် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်နှင့် စိုင်းနွံကျော် မောင်းနှင်၍ စိုင်းလုံကိန်လိုက်ပါလာသော မော်တော်ဆိုင်ကယ်တို့ကို တိုက်မိခဲ့သည်။ ယာဉ်မောင်းသည် အခင်းဖြစ်နေရာ၌ ယာဉ်ကိုထားပြီး တိမ်းရှောင်သွားကြောင်း သိရသည်။

စိုင်းလုံတစ်၊ စိုင်းစွန်နှင့် မောင်ဗင်ယာမိန်တို့သည် ကျိုင်းတုံဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိပြီး တိမ်းရှောင်သွားသော ယာဉ်မောင်းကို ကျိုင်းတုံမြို့ အမှတ်(၁၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# ပိုင်ရှင်မဲ့တွေ့ရှိသည့် ပိုက်ဆံအိတ်ကို တာဝန်သိပြည်သူက ပြန်လည်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဦးပိန်တံတားရှိ ပါးချိုင့်လေး စားသောက်ဆိုင်ပိုင်ရှင် ဒေါ်တင်တင်ရီသည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၁ နာရီခွဲက ၎င်း၏ ထမင်းဆိုင်၌ ပိုက်ဆံအိတ်တစ်လုံးကို ပိုင်ရှင်မဲ့တွေ့ရှိ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (တံတားဦး)မှ တပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့သည်။

အိတ်အတွင်းမှ မြန်မာငွေကျပ် ၁၇၀၀၀၀၊ ဗီဇာကတ်တစ်ခုတို့ကို တွေ့ရှိရသောကြောင့် ပိုင်ရှင်အား ပြန်လည် ပေးအပ်နိုင်ရေးအတွက် စုံစမ်းရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေစဉ် ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက မန္တလေးမြို့ Eastern Palace Hotel ၌ တည်းခိုနေထိုင်သည့် အီတလီနိုင်ငံသူ Mrs. Fosson Margherita သည် ပါးချိုင့်လေး စားသောက်ဆိုင်သို့ ရောက်ရှိလာပြီး ၎င်း၏ပိုက်ဆံအိတ် ပျောက်ဆုံးနေသဖြင့် လာရောက်အကူအညီတောင်းကြောင်း သိရှိရသဖြင့် တပ်ဖွဲ့စု(တံတားဦး)မှ တပ်ဖွဲ့ဝင်များက ဒေါ်တင်တင်ရီနှင့်အတူ စိစစ်၍ အမရပူရမြို့နယ် ဦးပိန်တံတားရှိ တောင်မင်းကြီး ဘုရားဂေါပကရုံး၌ အီတလီနိုင်ငံသူထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



**ကိုရဲ**

# ခရီးသည်တင်ယာဉ်တိမ်းမှောက် တစ်ဦးသေဆုံး၊ ခုနစ်ဦးဒဏ်ရာရ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာအနီး မကွေး-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ်(၂၈၁/၅) အနီးတွင် ဖေဖော်ဝါရီ ၉ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ယာဉ်မောင်း တိုးကြည် (၄၉ နှစ်) မိချောင်းရဲကျေးရွာနေသူ မောင်းနှင်သည့် ၆က/---- ခရီးသည်တင်ယာဉ်ပေါ်၌ ကုန်စည်များနှင့်အတူ ခရီးသည်များတင်ဆောင်လျက် မောင်းနှင်လာစဉ် ယာဉ်၏ရှေ့ဘီးတိုက်ရေ့ပြုတ်၍ လမ်းဝဲဘက်ခြမ်းရှိ ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ၁၀ ဦးအနက် ဒေါ်စန်း(၅၅ နှစ်) ကွမ်းအုံရွာ မကွေးမြို့နယ်နေသူသည် ဒဏ်ရာဖြင့် နေရာ၌ သေဆုံးခဲ့ပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးငါးဦးတို့ ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ တိုးကြည်အား တောင်တွင်းကြီးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဝ၂၁)**

---

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လူတွေ့နှုတ်ဖြေစစ်ဆေးနိုင်ရေးအတွက် အသိပေးကြေညာခြင်း

ကုသရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အငယ်တန်းအင်ဂျင်နီယာ(၂)နှင့် အငယ်တန်းအင်ဂျင်နီယာ(၃)တို့၏ ၉-၁-၂၀၁၆ ရက်တွင်ပြုလုပ်သော ရေးဖြေစာမေးပွဲအောင်မြင်သူများသည် အောက်ဖော်ပြပါရက်များတွင် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်း၊ မှတ်ပုံတင်မူရင်းများ၊ လိုအပ်သောအထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်အတူ လူတွေ့နှုတ်ဖြေလာရောက်ဖြေဆိုနိုင်ပါရန် အသိပေး အကြောင်းကြားပါသည်။

**၁၈-၂-၂၀၁၆ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီ**
**အငယ်တန်းအင်ဂျင်နီယာ (၂)**

**Civil -** C-001, C-002, C-003, C-011, C-012, C-013, C-014, C-018, C-019, C-021, C-026, C-031, C-033, C-036, C-037, C-039, C-041, C-042, C043, C-044, C-050, C-051, C-052, C-053, C-056, C-058, C-065, C-069, C071, C-073, C-074, C-079, C-084, C-086, C-087, C-090, C094, C100, C-102, C-109, C-115, C-116, C-118, C-125, C-131, C-133, C-135, C-136. C-139, C-145, C-146, C-153, C-156, C-158, C-160, C-165, C-177, C-181, C-182, C-185, C-188, C-195, C-197, C-198, C-203, C-206, C-207, C-210, C-212, C-215, C-222, C-225, C-228, C-229, C-231, C-232, C-236, C-238, C-239, C-249, C-251, C-267, C-268, C-270, C-271, C-274, C-278, C-300, C-303,C-304, C-309, C-310, C-313, C-314, C-319, C-320, C-321, C-322, C-325, C-326 (100) ဦး

**၁၉-၂-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၉:၀၀ နာရီ**
**အငယ်တန်းအင်ဂျင်နီယာ (၂)**

**E.P-** EP-004, Ep-008, Ep-023, EP-035, EP-040, EP052, EP-067, EP-078, EP 087, EP-090, EP-113, EP-114, EP-132, EP-146, EP-152, EP-153, EP-161, EP-165, EP-179, EP-181, EP-194, EP-202, EP-204, EP-208, EP-222, EP-230, EP-247, EP-256, EP-272, EP-287, EP-310, EP-332, EP-360, EP-381, EP-387, EP-396 (36) ဦး

**E.C** EC-043, EC-051, EC-053, EC-075, EC-082. EC-110, EC-113. EC-114, EC-120, EC-140, EC-155, EC-188, EC-190, EC-194, EC-196, EC-211, EC-229, EC-280, EC-294, EC-295, EC-304, EC-313, EC-341, EC-350, EC-379, EC-383, EC-396 (27) ဦး

**M.C** MC-004, MC-018, MC-023 (3) ဦး

**အငယ်တန်းအင်ဂျင်နီယာ (၃)**

**Civil** JC-029, JC-033, (2) ဦး

**EP** JEP-002, JEP-009, JEP-013, JEP-014, JEP-017, JEP-020, JEP-030, JEP-036, JEP-040, JEP-042, JEP-047 (11) ဦး

**MC** JMC-001 (1) ဦး

**ကုသရေးဦးစီးဌာန**

---

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် (သောကြာနေ့) **'ပြည်ထောင်စုနေ့'** သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၀၅/ ၂၀၁၅-၂၀၁၆ ကြိမ်မြောက် သစ်လုံး/သစ်ခွဲသား ဈေးပြိုင်လေလံကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ လားရှိုးဒေသအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်ခရိုင်(မူဆယ်သစ်တောရုံး) မိုးမိတ်ခရိုင်(သစ်ခွဲပင်သစ်ဆိပ်) နှင့် ကျောက်မဲခရိုင်(အုမ္မခါးသစ်ဆိပ်)များရှိ ပုံစံ(၈) သစ်လုံး /ခွဲသား ကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၉-၂-၂၀၁၆ ရက် ၉:၃၀ နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်း/သစ်မာ (သစ်လုံး/တိုင်/ခွဲသား/ဓားရွေ) (၂၇၈)တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - မန်နေဂျာ (ပြည်တွင်းရောင်း/စက်)ရုံး မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့

၂။ ဈေးပြိုင်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍ လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၈၂-၂၃၇၉၆၊ ၀၈၂-၂၃၀၄၀ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံရောင်းချရေးကော်မတီ**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် (၅၁၅)ဟုခေါ်တွင်သော အကျယ်အဝန်း (ပေ၄၀xပေ၆၀)ရှိ မြေကွက်အား အမည်ပေါက် ဦးသန်းစိန်ထံမှ ဝယ်ယူလက်ရှိထားသူ ဒေါ်မြမြဦး ၁၂/အစန(နိုင်) ၁၁၂၄၂၉ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိ သူများမှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၃)**
**အမှတ် ၅၆၅/၅၆၇၊ ဒုတိယထပ်၊ အခန်း (၂၀၃/အေ)**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

---

## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၂)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကလေး-ဂန့်ဂေါလမ်းပေါ်ရှိ ကမ္ဘားနီတံတားပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| ၁။ M.S Rod (A/S) | ၅။ ကျောက်စရစ် |
| ၂။ H.S.D | ၆။ သဲ |
| ၃။ ဘိလပ်မြေ | ၇။ သစ်ခွဲသား(ထု) |
| ၄။ Bentonite | ၈။ Drilling Bucket Teeth |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၂-၂၀၁၆ရက်၊ ညနေ ၄ နာရီ
**တင်ဒါပိတ်ဖွင့်မည့်ရက်/အချိန်** - ၁၆-၂-၂၀၁၆ရက်၊ နံနက် ၉ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မုံရွာမြို့နှင့် ကလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့တွင် ၁၀-၂-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)**
**ဖုန်း-၀၇၁၃၀၄၆၂၊**
**၀၉-၄၃၀၅၆၁၆၅၊ ၀၉-၇၈၁၆၄၁၈၃၉**


ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
ဧပြီ(၃)လနှင့် ပုံမှန်တန်းခွဲများ
ကျောင်းသားများ Letter, Essay, Character ၃၅ မှတ်ဖိုး အလွတ်ကျက်ဖြေခြင်းမှ လွတ်အောင် မတက်မဖြစ်တက်ပါ။ တွေးနည်း/ရေးနည်းကို မူပိုင်နည်းသစ် စာအုပ်ဖြင့် သင်သည်။ အရွယ်မရွေး တက်နိုင်သည်။
၄ တန်းမှ ၆ တန်းထိ နှင့် ၇၊ ၈၊ ၉၊ ၁၀ တန်းများ
ငွေ-March 7,9 စမည် လှကြီး-March 5,7 စမည် Guide များ အိမ်လိုက်သင်သည်
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

# စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် နိုင်ငံတော်ကိုယ်စား အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း သို့မဟုတ် စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့တစ်ခုခုက ထိန်းသိမ်းစောင့်ရှောက်ခွင့်ပြုထားသော မြေတစ်ခုခုအပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံကို ဤဥပဒေနှင့်အညီ တည်ထောင်ဆောက်လုပ်နိုင်သည်။

**အခန်း( ၆ )**

**မှတ်ပုံတင်ခြင်း**

၁၆။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည်။

(ခ) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

(ဃ) စုပေါင်းပိုင်မြေကို မူလပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် အမည်လွှဲပြောင်းရေးအတွက် သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ဆောင်ရွက်ရမည်။

၁၇။ စုပေါင်းပိုင်မြေအဖြစ် သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ပြီးသောမြေသည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၈။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

၁၉။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်း အမှတ်အသားများကိုလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင်လက်မှတ်များကို တည်ထောင်သူအား ထုတ်ပေးပြီး အိမ်ခန်းမှတ်ပုံတင်လက်မှတ်မိတ္တူကို ထိန်းသိမ်းထားရမည်။ တည်ထောင်သူသည် ယင်းအိမ်ခန်းများကို ပုဒ်မ ၂၀ အရ လွှဲပြောင်းသည့်အခါ အိမ်ခန်းလက်ခံရရှိသူသို့ သက်ဆိုင်ရာ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းပေးရမည်။

၂၀။ မှတ်ပုံတင်ထားသော အိမ်ခန်းကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဆောင်ရွက်သည့်အခါ လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်-

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

(ခ) ရောင်းချခြင်း၊

(ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏ အမိန့် သို့မဟုတ် ဒီကရီအရ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းနှင့် လွှဲအပ်ခြင်း။

၂၁။ (က) တည်ထောင်သူသည်သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

(ခ) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းကို လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၂၂။ ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သည့်အခါ-

(က) လွှဲပြောင်းလက်ခံရရှိသော စုပေါင်းပိုင်သူသည် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများကို သီးခြားမှတ်ပုံတင် စာအုပ်ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၃။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းပြီးနောက်လွှဲပြောင်းသည့်စာချုပ်စာတမ်းကို သတ်မှတ်သည့် ကာလထက် ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

**အခန်း( ၇ )**

**တည်ထောင်သူများ၏ အခွင့်အရေးနှင့် တာဝန်များ**

၂၄။ တည်ထောင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပူးတွဲတည်ထောင်သူ ခန့်အပ်ဆောင်ရွက်နိုင်ခြင်း၊

(ခ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်မပြီးမီ အိမ်ခန်းများကို ကြိုတင်ရောင်းချနိုင်ခြင်း၊

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်းထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခြင်း။

၂၅။ တည်ထောင်သူ၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သက်ဆိုင်ရာစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ခြင်း၊

(ခ) သတ်မှတ်ထားသော အနည်းဆုံး မတည်ငွေရင်းရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) စုပေါင်းပိုင်မြေကို သက်ဆိုင်ရာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ စုပေါင်းပိုင် အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(င) စုပေါင်းပိုင်အဆောက်အအုံတည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံ တစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် မူလအချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကို ပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားခြင်း၊

(စ) ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ခြင်း၊

(ဆ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ တည်ဆဲဥပဒေများနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခြင်း၊

(ဇ) ပူးတွဲတည်ထောင်သူနှင့် သက်ဆိုင်သော အကြောင်းအရာများကို စီမံခန့်ခွဲရေးကော်မတီသို့ အကြောင်းကြားခြင်း၊

(ဈ) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် စတင်ရောင်းချသည့်အချိန်တွင် မှတ်ပုံတင် အရာရှိထံ အကြောင်းကြားခြင်း၊

(ည) အိမ်ခန်းကို နိုင်ငံခြားသားအား ရောင်းချလျှင် နိုင်ငံခြားမှတရားဝင်ငွေလွှဲပို့သော နိုင်ငံခြားငွေဖြင့်သာ ရောင်းချခြင်း၊

(ဋ) စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းနှင့် ညီညွတ်စေရန်လည်းကောင်း၊ သတ်မှတ်ထားသည့် အဆောက်အအုံ အစိတ်အပိုင်းများ ပြည့်စုံစွာပါရှိစေရန်လည်းကောင်း ဆောင်ရွက်ခြင်း၊

(ဌ) စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် တည်ဆဲဥပဒေနှင့်အညီ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်း။

**အခန်း(၈)**

**စုပေါင်းပိုင်သူများ၏ အခွင့်အရေးနှင့် တာဝန်များ**

၂၆။ စုပေါင်းပိုင်သူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ အိမ်ခန်းပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံရရှိသူ အမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ပြီးသည့်အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား တည်ဆဲဥပဒေနှင့်အညီ ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်၊ အမွေဆက်ခံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များ ရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား တည်ဆဲဥပဒေနှင့်အညီ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ၄၀ ရာခိုင်နှုန်း ထက်မပိုသော အိမ်ခန်းများကို နိုင်ငံခြားသားများအား ဤဥပဒေနှင့်အညီ ရောင်းချနိုင်ခွင့်ရှိသည်။

(င) အိမ်ခန်းကို ဘဏ်တွင် ပေါင်နှံခွင့်ရှိသည်။

(စ) အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏အတွင်းပိုင်းကို စုပေါင်းပိုင် အဆောက်အအုံ၏မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များ ရှိသည်။

(ဆ) အသင်း၏ ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဇ) စုပေါင်းပိုင်မြေကို အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာရေး နာရေးကိစ္စအတွက် ယာယီအသုံးပြုခွင့်ရှိသည်။

(ဈ) အသင်း၏နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အသင်းသား စုံညီအထူး အစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခုအတွက် မဲပေးခွင့်၊ အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိသည်။

၂၇။ စုပေါင်းပိုင်သူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိ၏မူလ အချိုးသင့်ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့် အိမ်ခန်းကို အငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်းခံရသူနှင့် သီးခြားသဘောတူညီချက်မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ သန့်ရှင်းရေးနှင့် လုံခြုံရေးစနစ် ကောင်းမွန်စေရေးအတွက် လည်းကောင်း စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဂ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ ပေါင်နှံခြင်းနှင့် တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့်ထားခြင်းပြုပါက အမှုဆောင်အဖွဲ့သို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ အမှုဆောင်အဖွဲ့သို့ ကြိုတင်အသိပေးရမည်။

(င) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့်ဖြစ်စေ၊ အိမ်ခန်းကို အပေါင်ခံ၍ လက်ရောက် ရယူထားသူကြောင့်ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူကြောင့်ဖြစ်စေ စုပေါင်းပိုင်အဆောက်အအုံ သို့မဟုတ် စုပေါင်းပိုင်ပစ္စည်း ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

(စ) မိမိ၏ အိမ်ခန်းအတွင်းပိုင်းကို အမှုဆောင်အဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အမှုဆောင်အဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် အိမ်ခန်းကို အခြားနည်းသုံးစွဲခြင်း ပြုနိုင်သည်။

**အခန်း(၉)**

**စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်း**

၂၈။ စုပေါင်းပိုင်အဆောက်အအုံ တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို မိမိတို့၏ဆန္ဒအလျောက် ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်လိုလျှင် အသင်း၏ အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသား စုံညီအထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၂၉။ (က) အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၈ အရ ချမှတ်သော သဘောတူဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ခ) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် တင်ပြချက်ကိုစိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်သူများသိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၃၀။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက အတည်ပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက်မိတ္တူနှင့် အသင်းသား စုံညီအစည်းအဝေး သို့မဟုတ် အသင်းသားစုံညီအထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် မိတ္တူတို့ကို မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင် လိုအပ်သော ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရမည်။

၃၁။ (က) အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင်အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရာတွင် လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံတစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း ယင်းစုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က) အရ တင်ပြချက်နှင့်စပ်လျဉ်း၍ လုံခြုံရေးအတွက် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို ရယူ ဖယ်ရှားနိုင်သည်။

*စာမျက်နှာ ၁၆ သို့*

# နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ တာဝန်ထမ်းဆောင်ခဲ့သူကို ဆိုသည်။

(ခ) **ကိုယ်ရံတော်** ဆိုသည်မှာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်သူကို ဆိုသည်။

(ဂ) **လုံခြုံရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ရံတော် ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သောတပ်ဖွဲ့ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေး ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်စေရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်ပြီး နောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

**အခန်း(၃)**
**နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း**

၄။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာအကွယ်ပေးရန် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူတစ်ဦးကို ကိုယ်ရံတော်အဖြစ် ညှိနှိုင်းခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏ လစာနှင့်စရိတ်များကို ပြည်ထဲရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က)အရ အကြောင်းကြားလျှင် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ ကိုယ်ရံတော်အဖြစ်မှ ရပ်စဲပါက နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏နေရာတွင် ကိုယ်ရံတော်တစ်ဦး ဖြည့်စွက်ခန့်ထားရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမည်စာရင်း တင်သွင်းနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ (က)အရ အမည်စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ် ခန့်အပ်ရမည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူကို လည်းကောင်း၊ ယင်း၏ နေအိမ်နှင့်ပရိဝုဏ်ကို လည်းကောင်း ကာကွယ်စောင့်ရှောက်ရန် လုံခြုံရေးအဖွဲ့ကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်ခဲ့သူ ပြည်တွင်း၌ သွားလာသည့်အခါ မိမိနှင့်အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ်စောင့်ရှောက်ရမည်။

**အခန်း(၄)**
**နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ ဆောင်ရွက်ချက်အပေါ်အကာအကွယ်ပေးခြင်း**

၁၀။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့် ကာလအတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။

**အခန်း(၅)**
**အထွေထွေ**

၁၁။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေ အခန်း (၃)အရ လုံခြုံရေးအကာအကွယ်ပေးခြင်းကို နိုင်ငံတော်သမ္မတရာထူးသက်တမ်း ကုန်ဆုံးသည့် နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ တပ်ဆင်ပေးရမည်။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းရွှေ့နေရာချထားခြင်းပြုနိုင်သည်။

၁၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

---

*စာမျက်နှာ ၁၅ မှ*

၃၂။ (က) စုပေါင်းပိုင်အဆောက်အအုံသည် ဘေးအန္တရာယ်ရှိသောအဆောက်အအုံအဖြစ် သက်ဆိုင်ရာက သတ်မှတ်လာလျှင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ ဖြိုဖျက်ရမည်။

(ခ) ထိုသို့ဖြိုဖျက်ခဲ့သည့် စုပေါင်းပိုင်မြေအပေါ်တွင် စုပေါင်းပိုင် အဆောက်အအုံအဖြစ် ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် အခြားနည်းအသုံးပြုခြင်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၁၀)**
**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက် တစ်ခုခုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ငွေဒဏ်ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၀အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားအနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်နှစ်ဆယ့်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ၃၃ နှင့် ၃၄ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကို ကျူးလွန်သည့်နေ့အသီးသီးအတွက် ထိုပြစ်မှုတွင်ပြဋ္ဌာန်းထားသော အများဆုံး ချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည်။

**အခန်း(၁၁)**
**အထွေထွေ**

၃၆။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံ ယာယီကြီးကြပ်မှုအဖွဲ့နှင့် အသင်းဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်ကော်မတီဖွဲ့စည်းခြင်း ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ စီမံခန့်ခွဲရေးကော်မတီ၏ ရုံးလုပ်ငန်းများကို ဦးစီးဌာနမှ တာဝန်ခံဆောင်ရွက်ရမည်။

၃၈။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို ဝင်ငွေခွန် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)အရ အချိုးကျ သတ်မှတ်ထားသည့် ရန်ပုံငွေကို ထည့်ဝင်ရန် သုံးလထက်မနည်း ပျက်ကွက်လျှင် သို့မဟုတ် ထည့်ဝင်ရန် ငြင်းဆန်လျှင် ပျက်ကွက်သူထံမှ ယင်းရန်ပုံငွေကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၃၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပရဟိတအသင်းများ၏ လူမှုအကျိုးပြုလုပ်ငန်းများ သုံးသပ်ဆွေးနွေး

**ကျိုက်မရော ဖေဖော်ဝါရီ ၁၀**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်ရှိ ပရဟိတအသင်းများ၏ နှစ်ပတ်လည် ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲကို ရှင်စောပုရပ်ကွက် ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဒက္ခိဏာရာမိကဗိမာန်တော်အတွင်း၌ ဖေဖော်ဝါရီ ၆ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှုပ်ရှားဆောင်ရွက်မှု အားကောင်းသော ပရဟိတအသင်းများကို ဂုဏ်ပြုမှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ခါချဉ်နီလူငယ်ပရဟိတ၊ အတ္ထရံလူငယ်ပရဟိတ၊ အဖြူရောင်မေတ္တာပရဟိတ၊ မြတ်စေတနာပရဟိတ၊ မေသရဖူ လူမှုပရဟိတ၊ ရွှေသို့ချီလူငယ်ပရဟိတ၊ နွေးထွေးသောလက်များ၊ စိမ်းလန်းစိုပြည်၊ မေတ္တာရှင်၊ စေတနာရှင်၊ လောကစံအိမ်ပရဟိတ စသဖြင့် လူမှုရေးပရဟိတအသင်းပေါင်း ၉၂ သင်းမှ အဖွဲ့ကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**နိုင်ထွန်း(ပြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဖေဖော်ဝါရီ ၈ ရက်က အမှတ်(၁) ရဲလေ့ကျင့်ရေးကျောင်း၌ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသစဉ်။** အတ်ကလေး(ရမည်းသင်း)

## သုတဝါယမစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ညောင်ဦး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဘစံပြကျေးရွာတွင် ကျေးရွာနေ ပြည်သူများအသိပညာ ဗဟုသုတ တိုးတက်မြင့်မားစေရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ သုတဝါယမ အမည်ဖြင့် စာကြည့်တိုက်ကို ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ရာ ဖေဖော်ဝါရီ ၈ ရက်က အဆိုပါစာကြည့်တိုက် အဆောက်အုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ တောင်ဘစံပြကျေးရွာ သုတဝါယမ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ်သိန်း ၂၀၊ ကျေးရွာပြည်သူနှင့် အလှူရှင်များ စုပေါင်းထည့်ဝင်ငွေကျပ် ၂၅ ဒသမ ၁ သိန်းတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၅ ဒသမ ၁ သိန်းဖြစ်ကြောင်း စာပေဝါသနာရှင်များအတွက် သုတ/ရသစာအုပ်စာစောင်မျိုးစုံ ထားရှိပေးထားသည့်အပြင် အားကစားဝါသနာပါသည့် လူကြီးလူငယ်များအတွက် စာကြည့်တိုက်ဘေးရှိ မြေကွက်လပ်တွင်လည်း ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း ကစားကွင်းများလည်း ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဆင်း

**ကန်ပက်လက် ဖေဖော်ဝါရီ ၁၀**

ကန်ပက်လက်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဆိုင်ကယ်ပြုပြင်ခြင်း သင်တန်းဆင်းပွဲကို မြို့နယ်ဦးစီးမှူးရုံးခန်းမ၌ ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ သင်တန်းကို ကျေးလက်နေ ပြည်သူများ အသက်မွေးဝမ်းကျောင်းတွင် အထောက်အကူပြုရန်နှင့် သဘာဝဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန်ဝန်ကြီးဌာန၏ညွှန်ကြားချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ရွှေက ရှင်းလင်းတင်ပြပြီး ဆုရရှိသူများကို ဆုများချီးမြှင့်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၇ ဦး တက်ရောက်ကာ သင်တန်းကာလ နှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



ညောင်တုန်းမြို့နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟဈေးကြီး ဆန်လှူအသင်း၏ (၂၄) ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကြီးကို ညောင်တုန်းမြို့မ စည်ပင်သာယာ ဈေးကြီးရှေ့ လမ်းမတော်တွင် ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ ညောင်တုန်းမြို့ပေါ် ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များနှင့် သီလရှင်စုစုပေါင်း ၈၀၀ ကျော် ကြွရောက် အလှူခံတော်မူစဉ်။ နေလင်း

# ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ် တောင်တွင်းကြီးမြို့ ဗိုလ်ချုပ်ပန်းခြံသို့ရောက်ရှိ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

တောင်တွင်းကြီးမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်အောင် အဖွဲ့ဝင် ဒေါက်တာသန်းနိုင်တို့ ဦးဆောင်၍ မန္တလေးမြို့မှ ဗိုလ်ချုပ်အောင်ဆန်း ကြေးသွန်းရုပ်တုမော်တော်ယာဉ်အား သယ်ယူခဲ့ရာ ဖေဖော်ဝါရီ ၈ ရက်က နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာအနီး ပျော်ဘွယ်-နတ်မောက်-မြို့သစ်-တောင်တွင်းကြီး ကားလမ်းဆုံမှ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များ၊ ကြေးသွန်းရုပ်ကြိုဆိုရေး အဖွဲ့ဝင်များ၊ ပြည်သူများစုစုပေါင်း ၁၀၀၀ ကျော်တို့က မော်တော်ယာဉ်များဖြင့် သွားရောက် ကြိုဆိုခဲ့ကြသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သံပဝတီရပ်ကွက်ရှိ ချမ်းသာအောင် ကြေးသွန်းလုပ်ငန်းမှ သွန်းလောင်းခဲ့ပြီး ဗိုလ်ချုပ်ကြေးသွန်းရုပ်တု၏ အရပ်အမြင့် ၁၀ ပေ၊ ကြေးပိဿာချိန် ၃၆၀ တန်ဖိုးငွေကျပ်သန်း ၁၅၀ ဖြစ်ကြောင်းနှင့် အဆိုပါကြေးသွန်းရုပ်တုအား ဗိုလ်ချုပ်ပန်းခြံရှိ အသစ်ပြုလုပ်ထားသော အာဇာနည်ရင်ပြင်၌ စိုက်ထူသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၂၁)**

# ပျူမြို့ဟောင်းများသည် မြန်မာနိုင်ငံအတွက် ပထမဆုံးကမ္ဘာ့အမွေအနှစ်စာရင်းဝင်များဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ဖေဖော်ဝါရီ ၆ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်းပျူမြို့ဟောင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဟန်လင်းဌာနစု တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဇံက ဟန်လင်း ကမ္ဘာ့အမွေအနှစ်ဌာနတွင် ဆောင်ရွက်လျက်ရှိသော ပြတိုက်ခင်းကျင်းခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် လက်ရှိ တူးဖော်သုတေသနပြုလျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟန်လင်းရှေးဟောင်းသုတေသန ပြတိုက်တွင် ခင်းကျင်းပြသထားသော ကြေးခေတ်၊ သံခေတ်နှင့် ပျူခေတ်ဆိုင်ရာ ရှေးဟောင်းပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဟန်လင်းမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ်(၁၇) မြို့ဝင်ပေါက်၊ ကြေးခေတ်နှင့် သံခေတ်ဆိုင်ရာ တူးဖော်မှု ကုန်းအမှတ်(၂၆)၊ ပျူတို့၏ ကိုးကွယ်မှုဆိုင်ရာ တူးဖော်မှု ကုန်းအမှတ်(၂၂) နှင့် ဟန်လင်းမြို့ဟောင်းအတွင်း တူးဖော်သုတေသနပြုလျက်ရှိသော ဟန်လင်းမြို့ဟောင်း နန်းတော်ရာမြို့ရိုးဝင်ပေါက်၊ တူးဖော်မှုကုန်းအမှတ်(၃၉)သို့ရောက်ရှိ၍ တူးဖော်သုတေသနပြုမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပျူယဉ်ကျေးမှုသည် ထူးခြားသော လက္ခဏာများဖြင့် ထင်ရှားခဲ့သော ယဉ်ကျေးမှုတစ်ခုဖြစ်ပြီး ပျူမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံရသော မြန်မာနိုင်ငံ၏ ပထမဆုံးဖြစ်သည့် မြို့များဖြစ်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ခိုင်မြဲရေးမှာ မြန်မာနိုင်ငံသားများအားလုံး တာဝန်ရှိသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြဋ္ဌာန်းထားကြောင်း ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**



# ခရမ်းချဉ်စိုက်ပျိုး ဝင်ငွေတိုး

**ခရမ်း ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ မိုးအကုန် ဆောင်းရာသီအကူးတွင် ဥယျာဉ်ခြံမြေများ၊ မြေလွတ်မြေကွက်များ၊ ပဲစိုက်ပျိုးမှ မအောင်မြင်သည့် လယ်မြေများတွင် အပိုဝင်ငွေရရှိရန် စိုက်ပျိုးထားရှိသည့် ထိုင်ဝမ်ခရမ်းချဉ်များ ယခုအခါ လှိုင်လှိုင်ထွက်ရှိလျက်ရှိပြီး ယခုနှစ်စိုက်ပျိုးသူ များပြားသော်လည်း အထွက်နှုန်းများပြားလျက်ရှိပြီး အဝယ်ဒိုင်များက အလုံးအနေ အထားအရွယ်အစားပေါ် မူတည်၍ ဈေးနှုန်း သတ်မှတ်ဝယ်ယူလျက်ရှိသည်။



ယခုနှစ်တွင် ခရမ်းစိုက်တောင်သူ များပြားပြီး အသီးမပေါ်ခင် တစ်ပိဿာ ငွေကျပ် ၈၀၀ မှ ၁၀၀၀ အထိ ဈေးကောင်းခဲ့ရာ ယခုလှိုင်လှိုင်ပေါ်ချိန်တွင် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀ မှ ၁၂၀ အထိ ဈေးကျဆင်းသွားသော်လည်း စိုက်ပျိုးသူများမှာ အရှုံးမရှိသေးသဖြင့် အပြိုင်အဆိုင်ခူးဆွတ်၍ ဈေးကောင်းမီစေရန် ရောင်းချလျက်ရှိကြောင်းနှင့် ခရမ်းမြို့အတွင်း ခရမ်း ချဉ်သီးအဝယ်ဒိုင် ၃၀ ကျော်ခန့်ရှိပြီး အမျိုးအစားခွဲ၍ ရန်ကုန်၊ ပဲခူး၊ မော်လမြိုင်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ခရမ်းချဉ်စိုက်ပျိုးသူအများစုမှာ အသီးထွက်စောရန်နှင့် စိုက်ချိန်စောရန်လိုအပ်ပြီး လာမည့်ရာသီစိုက်ပျိုးရန် ကြိုတင်ရှာဖွေရကြောင်းနှင့် မျိုးကောင်း မျိုးသန့်များဖြစ်ရန်လိုကြောင်း၊ ယခုအခါ ခရမ်းမြို့နယ် အတော်များများတွင် ထိုင်ဝမ်ခရမ်းချဉ် စိုက်ပျိုးသူနှင့် ထွက်ကုန်သီးနှံများ ဆွတ်ခူးသူ၊ သေတ္တာသွင်းသူ၊ ဒိုင်အရောက်ပို့ဆောင်ပေးသည့် ကယ်ရီများ၊ ဂွန်ဒေါင်းများ အလုံးအကြီး အသေး ရွေးချယ်သူများမှာ လုပ်ငန်းကိုယ်စီရရှိကြသဖြင့် ဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

## သတင်းတိုများ

### စလင်းမြို့နယ် ဇယ်တွင်းကျေးရွာတွင် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇယ်တွင်းကျေးရွာတွင် ဖေဖော်ဝါရီ ၇ ရက်က လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ ထို့နောက် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်ဝင်းက လျှပ်စစ်မီး အသုံးဝင်ပုံနှင့် လျှပ်စစ်အန္တရာယ်အကြောင်းကို ပညာပေးဟောပြောခဲ့သည်။ ဇယ်တွင်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေမှ ၁၄၅ ဒသမ ၂၂ သန်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၇၈ သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အသိပညာပေးရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၈ ရက်က ခန္တီးမြို့ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်ဆရာဝန်ကြီးက မြို့နယ်အတွင်းရှိ ရပ်ကွက် သုံးခုနှင့် ကျေးရွာပေါင်း ၇၃ ရွာရှိသည့်အနက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ ၄၄ ရွာကို လစဉ်ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ကျန် ၂၉ ရွာကို လျှပ်တစ်ပြက် ကာကွယ်ဆေးထိုးအစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ **ချန်လော(ပြန်/ဆက်)**

### စိန်ပုံကျင်း ရေပိုက်သွယ်မြောင်းသံကြိုးတံတားဖွင့်

ကန်ပက်လက်မြို့နယ် ခေါက်ပုံကျင်းကျေးရွာ မုန်းချောင်းပေါ်မှ သွယ်တန်းသော စိန်ပုံကျင်းလယ်မြေရေပိုက်သွယ်မြောင်း သံကြိုးတံတား ဖွင့်ပွဲကို အဆိုပါ တံတားမြောင်းဦး၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။ အဆိုပါတံတားသည် မုန်းချောင်းရေဘေးဒဏ်ကြောင့် ပျက်စီးသွားသဖြင့် ခေါက်ပုံကျင်းရွာရှိ တောင်သူလယ်သမားများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ချပေးသော ရန်ပုံငွေအနက်မှ ငွေကျပ် ၁၃၅ သိန်းဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

### တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာသင်တန်းဖွင့်

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ သင်တန်းတွင် ကျွဲ၊ နွား ၊ သိုး၊ ဆိတ်၊ ကြက်နှင့်ပတ်သက်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ကာကွယ်ကုသရေးအပိုင်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့မှ ပေါင်းစည်းလယ်ယာသင်ခန်းစာများကို သင်တန်းသား ၃၇ ဦးတို့အား စာတွေ့ လက်တွေ့ သင်တန်းကာလ ၁၀ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

### ပြည်ထောင်စုနေ့ကို ကြိုဆို၍ လမ်းဖွင့်

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၆၁ သန်းဖြင့် တိမ်ညိုသျှင်ကျော် ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပခဲ့သည်။ အဆိုပါလမ်းကို အသုံးပြု၍ ရခိုင်ပြည်နယ်၏ မုနိလေးဆူဘုရားအနက် တစ်ဆူဖြစ်သော သျှင်ကျော် မုနိဘုရားသို့ ဘုရားဖူး ပြည်သူများလွယ်လင့်တကူ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၅၇)**

### လူမှုရေးအသင်းသို့ အလှူငွေများပေးအပ်

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အခြေစိုက် မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်၊ မိုးကုတ်၊ စစ်ကိုင်း၊ မုံရွာ၊ ရန်ကုန်မြို့များရှိ တပ်မတော်(ကြည်း) ဆက်သွယ်ရေးတပ်ဖွဲ့ (အငြိမ်းစား) ညီအစ်ကိုမောင်နှမများ အဌမအကြိမ်မြောက် တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မန္တလေးမြို့ ကျုံးတောင်ဘက်ရှိ ဆုတောင်းပြည့်ဘုရား အောင်မင်္ဂလာ ဓမ္မာရုံ၌ ကျင်းပသည်။ မန္တလေးအခြေပြု ဆက်သွယ်ရေးတပ်ဖွဲ့ (အငြိမ်းစား)များ ကျန်းမာရေးစောင့်ရှောက်မှု လူမှုရေးအသင်းသို့ တတိယအကြိမ် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

### နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး စည်းဝေး

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်ခန်းမ၌ကျင်းပသည်။

နွေရာသီကာလတွင် သောက်သုံးရေးခက်ခဲမှုမရှိစေရန် ရွာပုလဲလေးကျေးရွာ၊ သဲပုတ်ကုန်းကျေးရွာ၊ ရောက်ရိုးကျေးရွာ၊ ကြာဘက်ကုန်းကျေးရွာ၊ ယင်းမရိုးကျေးရွာ၊ ကန်ရှည်ကျေးရွာ၊ အုတ်ဖိုကျေးရွာ၊ ဆင်သေကျေးရွာ၊ ငှက်မင်းကုန်းကျေးရွာ၊ အောင်မြင်သာကျေးရွာ၊ ရွာပုလဲကြီးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ တမာကျေးရွာ၊ ကျောက်ပုံကုန်းကျေးရွာ၊ ရွာကုန်းကြီးကျေးရွာ၊ ကျီတိုင်ကုန်းမြောက်ကျေးရွာ အစရှိသောကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် တစ်ပတ်လျှင်သုံးကြိမ်နှုန်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်း(သာစည်)**

# ချောကလက် ယဉ်ကျေးမှု

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့ဒေသအနှံ့အပြားရှိ စားသောက်ဆိုင်များ၊ စူပါမားကက်များ၊ ဟိုတယ်များ၊ စတိုးဆိုင်များနှင့် ဈေးဆိုင်များတွင် အရွယ်အစားမျိုးစုံ၊ ပုံစံမျိုးစုံ၊ အရသာမျိုးစုံ၊ ထုပ်ပိုးမှုမျိုးစုံဖြင့် တွင်တွင်ကျယ်ကျယ်ရောင်းချနေကြသော စားသောက်ကုန်တစ်မျိုးကို ပြပါဟုဆိုလျှင် ကိုကိုးစေ့ကိုအခြေခံ၍ ဖန်တီးပြုလုပ်ထားသော ချောကလက်မုန့်မျိုးစုံကို ညွှန်းဆိုရပေလိမ့်မည်။

တစ်ချိန်က မင်းစိုးရာဇာအနွယ်ဝင်များနှင့် ကြေးရတတ် လူကုံထံတို့ကသာ စားသုံးနိုင်ခဲ့ကြသော၊ တစ်နည်းဆိုရသော် တန်ဖိုးထား၍ စားသုံးခဲ့ကြသော ချောကလက်သည် ယနေ့အချိန်တွင် လူတန်းစားမရွေး လက်တစ်ကမ်း၌ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်သော အစားအစာတစ်မျိုးအဖြစ်သို့ ပြောင်းလဲရောက်ရှိလာခဲ့ပြီဖြစ်သည်။ ချောကလက်သည် စွဲမက်နှစ်ခြိုက်ဖွယ်ရာ အရသာနှင့် ပြည့်စုံလှသည့်အတွက် လူမျိုးဘာသာမရွေး၊ အသက်အရွယ်မရွေး၊ သဘောတွေ့လက်ခံကြသော အစားအစာတစ်မျိုးလည်း ဖြစ်သည်။

ချောကလက်သည် ကိုကိုးပင်မှထွက်ရှိသော ကိုကိုးစေ့များမှ ရယူထုတ်လုပ်သော အစားအစာတစ်မျိုးဖြစ်သည်။ နတ်သုဒ္ဓါဟု အဓိပ္ပာယ်ရသည့် Theobroma Cacao သည် ကိုကိုးပင်၏ သိပ္ပံအခေါ်အဝေါ်ဖြစ်သည်။ ကိုကိုးပင်မှ ထုတ်လုပ်ရရှိသော ချောကလက်ကို လွန်ခဲ့သော ထောင်စုနှစ်များစွာကပင် နှစ်ခြိုက်စွာဖြင့် တန်ဖိုးထားစားသုံးခဲ့ကြသည်။ လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာက ကိုကိုးသီးဖြင့် ရောစပ်ပြုလုပ်ထားသော အရက်တစ်မျိုးကို ရှေးခေတ်လူတို့က နှစ်ခြိုက်စွာသောက်သုံးခဲ့ကြကြောင်း သိပ္ပံသုတေသီတို့က လေ့လာတွေ့ရှိခဲ့ကြသည်။

သုတေသီတို့သည် သက်တမ်းနှစ်ပေါင်း သုံးထောင်ကျော်ရှိခဲ့ပြီဖြစ်သော ရှေးခေတ်မြေအိုးများကို သုတေသန ပြုလုပ်ခဲ့ကြသည်။ ယင်းမြေအိုးများ၏ နံရံတွင်ကပ်ငြိနေသော ဓာတုပစ္စည်းတစ်မျိုးကို ဓာတ်ခွဲကြည့်သည့်အခါ ကိုကိုးသီးဖြင့် ရောစပ်ချက်လုပ်ထားသော အရက်တစ်မျိုး၏ ဓာတုဓာတ်ကြွင်းဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ ဤသည်မှာကား လွန်ခဲ့သော နှစ်ထောင်ပေါင်းများစွာ ကတည်းကပင် ကိုကိုး၏ ခါးသက်သောအရသာကို အရက်ချက်လုပ်ရာ၌ ထည့်သွင်းအသုံးပြုခဲ့ကြခြင်း၏ ခိုင်မာသောအထောက်အထားများပင် ဖြစ်သည်။

ကမ္ဘာ့လူသားတို့၏ ယဉ်ကျေးမှုတစ်ခေတ်ကို မှတ်ကျောက်အဖြစ်တင်နိုင်ခဲ့ကြသည့် မာယန်လူမျိုးတို့၏ ယဉ်ကျေးမှုသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က ထွန်းကားခဲ့သည်။ ၂၀၁၂ ခုနှစ်အထိကိုသာ ရေးဆွဲအဆုံးသတ်ခဲ့ကြသော မာယန်လူမျိုးတို့၏ ပြက္ခဒိန်ကြောင့် ၂၀၁၂ ခုနှစ်ကုန်တွင် ကမ္ဘာကြီးပျက်သုဉ်းတော့မည်ဟူသော ကောလာဟလသည် တောမီးပမာ ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့သွားခဲ့ရသည်။

ယင်းကောလာဟလကြောင့် ကမ္ဘာကြီးပျက်သုဉ်းသည့်အခါ ထွက်ပြေးလွတ်မြောက်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူတို့က မိမိတို့တတ်စွမ်းသမျှဖြင့် ကြံဆအားထုတ်ခဲ့ကြခြင်းသည် ကမ္ဘာ့လူသားတို့၏အပေါ်တွင် မာယန်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် မာယန်လူမျိုးတို့၏ ပြက္ခဒိန်က မည်မျှလွှမ်းမိုးထားခဲ့ကြောင်း သိရှိနိုင်သည်။

ထိုမျှ ယဉ်ကျေးမှုတစ်ခေတ်ကို ထူထောင်နိုင်ခဲ့ကြသော မာယန်လူမျိုးတို့၏ အနုပညာလက်ရာများတွင် ကိုကိုးပင်များ၏ပုံကို အထင်အရှားတွေ့မြင်နိုင်သည်။ ဗဟိုအမေရိကဒေသ၌ အခြေချနေထိုင်ခဲ့ကြသော မာယန်လူမျိုးများသည် ကိုကိုးပင်များကို စီးပွားဖြစ် စိုက်ပျိုးခဲ့ကြရုံမျှမက ၎င်းတို့၏ နေအိမ်ပတ်ဝန်းကျင်များ၌လည်း အမြတ်တနိုး စိုက်ပျိုးခဲ့ကြကြောင်းကို လေ့လာတွေ့ရှိရသည်။

သုတေသနပြုတွေ့ရှိချက်တို့က မာယန်လူမျိုးတို့၏ ယဉ်ကျေးမှုခေတ်တစ်လျှောက်လုံးတွင် ကိုကိုးပင်များ၏ အခန်းကဏ္ဍ မည်မျှအရေးပါခဲ့ကြောင်း ဖော်ပြလျက်ရှိနေသည်။ မာယန်လူမျိုးတို့သည် ကိုကိုးပင်မှရရှိသော ကိုကိုးစေ့များကို အနှစ်ကျသည်အထိ ကျိုချက်ပြီး ချောကလက်ရည်အဖြစ် ဖန်တီးပြုလုပ်ခဲ့ကြသည်။ ကိုကိုးစေ့အနှစ်များကို ဟင်းခတ်အမွှေးအကြိုင်တို့ဖြင့် ရောစပ်ပြီး အနံ့နှင့် အရသာတို့ကို စိတ်ကြိုက်ဖန်တီးခဲ့ကြသည်။

ထိုစဉ်ကာလက မင်းစိုးရာဇာအနွယ်ဝင် မာယန်လူမျိုးတို့သည် အခမ်းအနားများတွင် အထူးစားသောက်ဖွယ်တစ်ခုအဖြစ် ချောကလက်ရည်ကို တန်ဖိုးထားသောက်သုံးခဲ့ကြသည်။ ထို့အတူ လက်ထပ်မင်္ဂလာပွဲများ၌လည်း သတို့သားနှင့် သတို့သမီးတို့က အစဉ်အလာတစ်ရပ်အဖြစ် ချောကလက်ရည်ကို သောက်သုံးခဲ့ကြသည်။ ချောကလက်ရည် သောက်သုံးမှုသည် မင်္ဂလာမောင်နှံ သတို့သားနှင့် သတို့သမီးတို့ ဘဝတစ်သက်တာပေါင်းစည်းမှုသင်္ကေတအဖြစ် မာယန်ယဉ်ကျေးမှုခေတ်၏ ဓလေ့ထုံးတမ်းတစ်ရပ် ဖြစ်ခဲ့သည်။

ပေ၊ ပုရပိုက် မှတ်တမ်းများနှင့် သက်ကြီးစကား သက်ငယ်ကြားခဲ့ရသော တစ်ဆင့်စကားတို့ကြောင့် မက္ကဆီကိုဒေသ၌လည်း ချောကလက်ရည်ကို တန်ဖိုးထားသောက်သုံးခဲ့ကြကြောင်း သိရှိရသည်။

ချောကလက်၏ ကုန်ကြမ်းပစ္စည်းဖြစ်သော ကိုကိုးပင်များသည် ထိုစဉ်ကာလများက မက္ကဆီကိုဒေသ၌ သဘာဝအလျောက် ပေါက်ရောက်ခဲ့ခြင်းလည်း မရှိ၊ စိုက်ပျိုးမည့်သူလည်း မရှိ ဖြစ်ခဲ့ရသည်။ သို့ရာတွင် ဒေသထွက်ပစ္စည်းများကို ကုန်သွယ်မှုပြုကြရာ၌ ကိုကိုးစေ့များကို ငွေကြေးသဖွယ် တန်ဖိုးထားပြီး ကုန်သွယ်ခွန်အဖြစ် ပေးဆောင်စေခဲ့သည်။

အခွန်အဖြစ် ကောက်ခံရယူခဲ့သော ကိုကိုးစေ့များကို စမ်းသပ်စိုက်ပျိုးရာမှ ကိုကိုးပင်များသည် မက္ကဆီကိုမြေပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လာခဲ့သည်။



ကိုကိုးပင်များမှရရှိသော ကိုကိုးစေ့များကို ဒေသခံ မက္ကဆီကိုလူမျိုးတို့က ကျိုချက်သောက်သုံးခဲ့ကြခြင်းဖြင့် ချောကလက်သောက်သုံးမှုဓလေ့သည် မက္ကဆီကိုဒေသ၌ ခေတ်စားလာခဲ့သည်။ ထိုခေတ်ကာလများ၏ မက္ကဆီကိုဘုရင်များနှင့် မိဖုရားများ၊ မင်းမျိုးမင်းနွယ်များက ချောကလက်ရည်ကို နေ့စဉ်သောက်သုံးခဲ့ကြသည်။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် မက္ကဆီကိုဒေသနှင့် မက္ကဆီကိုလူမျိုးတို့၏ ဓလေ့ထုံးတမ်းများထဲတွင် ချောကလက်စားသုံးခြင်း အလေ့အထသည် မည်မျှခမ်းနားထည်ဝါခဲ့ကြောင်း သိရှိနိုင်သည်။

နယ်မြေသစ်စွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ် (Christopher Columbus)က ၁၅၀၂ ခုနှစ်တွင် ဗဟိုအမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ကိုလံဘတ်စ် ဗဟိုအမေရိကတိုက်သို့ ရောက်ရှိချိန်တွင် ဗဟိုအမေရိကတိုက်တစ်ခွင်၌ စနစ်တကျစိုက်ပျိုးထားသော ကိုကိုးပင်များသည် ဒေသတစ်ခွင်တစ်ပြင်လုံး၌ ကျယ်ကျယ်ပြန့်ပြန့် ပေါက်ရောက်လျက်ရှိနေသည်။ ကိုကိုးပင်များမှထွက်ရှိသော ကိုကိုးစေ့များ၏ အဖိုးထိုက်တန်မှုကို ကောင်းစွာသိရှိလိုက်သော ကိုလံဘတ်စ်သည် ကိုကိုးစေ့အမြောက်အမြားကို စပိန်နိုင်ငံသို့အပြန်တွင် တစ်ပါတည်းယူဆောင်သွားခဲ့သည်။

ကိုလံဘတ်စ်ကဲ့သို့ပင် စပိန်လူမျိုး နယ်မြေသစ်ရှာဖွေသူ ဟာနန်ဒိုကော့စ် (Hernando Cortes) သည်လည်း ၁၅၁၉ ခုနှစ်တွင် မက္ကဆီကိုသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်က ချောကလက်ရည် သောက်သုံးမှုဓလေ့သည် မက္ကဆီကို၌ အလွန်ခေတ်စားနေပြီဖြစ်သည်ကို ကိုယ်တိုင်ကိုယ်ကျတွေ့မြင်ခဲ့သော ဟာနန်ဒိုကော့စ်က စပိန်နိုင်ငံသို့အပြန်တွင် ကိုကိုးစေ့များကိုသာမက အသင့်သောက်သုံးနိုင်သော ချောကလက်ရည်များကိုပါ ယူဆောင်သွားခဲ့သည်။

နယ်မြေစွန့်စားရှာဖွေသူ ခရစ္စတိုဖာကိုလံဘတ်စ်နှင့် ဟာနန်ဒိုကော့စ်တို့၏ စွမ်းဆောင်မှုကြောင့် စပိန်နိုင်ငံတွင် ကိုကိုးပင်များ စိုက်ပျိုးခြင်း၊ ကိုကိုးထွက်ကုန်များအား ရောင်းဝယ်ခြင်း၊ ချောကလက်ချက်လုပ်ခြင်း၊ ချောကလက်ရည်သောက်သုံးခြင်းစသော ချောကလက်ယဉ်ကျေးမှု ထွန်းကားပြန့်ပွားသည့်ခေတ်တစ်ခေတ် ဖြစ်ပေါ်လာခဲ့သည်။ မက္ကဆီကိုနိုင်ငံ၏ ပထဝီသွင်ပြင်အနေအထား၊ ရေမြေတောတောင် သဘာဝနှင့် ကိုကိုးပင်များ စိုက်ပျိုးခြင်းလုပ်ငန်း၊ ချောကလက်ထုတ်လုပ်သည့်လုပ်ငန်း စသည်တို့ကို မျက်စိကျသွားခဲ့သော စပိန်တို့သည် နောက်ပိုင်းတွင် မက္ကဆီကိုနိုင်ငံကို သိမ်းပိုက်ခဲ့သည်။

စပိန်၏ကိုလိုနီဘဝသို့ ရောက်ရှိသွားခဲ့ရသော မက္ကဆီကိုနိုင်ငံသည် ကိုကိုးထွက်ကုန်ဖြန့်ဖြူးမှု လုပ်ငန်းတစ်ရပ်လုံးကိုပါ သိမ်းယူခံခဲ့ရပြီး မက္ကဆီကိုနိုင်ငံက ထွက်ရှိသော ကိုကိုးထွက်ကုန်အများစုကို စပိန်နိုင်ငံသို့ တင်ပို့ပေးခဲ့ရသည်။ မက္ကဆီကိုမှတင်ပို့ပေးသော ကိုကိုးထွက်ကုန်ပစ္စည်းများကြောင့် စပိန်နိုင်ငံတွင် ကြီးမားသော ချောကလက်ဈေးကွက်ကြီး ဖြစ်ပေါ်လာခဲ့သည်။ စပိန်နိုင်ငံတစ်ဝန်းရှိ လူကုံထံသူဌေးများအကြားသို့ ချောကလက်ရည်သောက်သုံးမှုဓလေ့သည် ကျယ်ကျယ်ပြန့်ပြန့် စိမ့်ဝင်ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် စပိန်နိုင်ငံသို့လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များ၊ စပိန်နိုင်ငံမှ အခြားနိုင်ငံများသို့ သွားရောက်လည်ပတ်ကြသော ခရီးသွားလူကုံထံများမှတစ်ဆင့် ချောကလက်ရည်သောက်သုံးမှုဓလေ့သည် ဥရောပတစ်ခွင်သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့သည်။

အင်္ဂလိပ်၊ ပြင်သစ်နှင့် ဒတ်ချ်လူမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီးများသည်လည်း စပိန်လူမျိုးများကဲ့သို့ပင် ၎င်းတို့၏ ကိုလိုနီနယ်မြေများ၌ ကိုကိုးပင်များကို အကြီးအကျယ်စိုက်ပျိုးခဲ့ကြသည်။ ကိုကိုးထွက်ကုန်များ၊ ကိုကိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားခဲ့ကြသည်။ ချောကလက်ထုတ်လုပ်မှု နည်းပညာကိုလည်း အဆင့်မြှင့်တင်ခဲ့ကြသည်။

ထို့ကြောင့်ပင် ၁၈ ရာစု ကုန်ဆုံးသည့် အချိန်ကာလအထိ ကြေးရတတ်လူတန်းစားတို့ကသာ သောက်သုံးနိုင်ခဲ့ကြသော ချောကလက်ရည်ကို ၁၉ ရာစု အရောက်တွင် ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များအသုံးချကာ ကုန်ကျစရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်ခဲ့သည်။ ဤသို့ဖြင့် ၁၉ ရာစု ကာလတွင် လူလတ်တန်းစားတို့ကပါ ချောကလက်ရည်ကို သောက်သုံးနိုင်ခဲ့ကြသည်။

ယနေ့ကာလတွင် အလယ်ပိုင်းအမေရိကဒေသ၊ တောင်အမေရိကဒေသနှင့် အာဖရိကဒေသများ၌ ကိုကိုးပင်များကို အမြောက်အမြား စိုက်ပျိုးလျက်ရှိနေကြသည်။ အီကွေတာနှင့်နီးကပ်သော မိုးသစ်တောများသည် ကိုကိုးပင်များ ပေါက်ရောက်ဖြစ်ထွန်းနိုင်သည့်နယ်မြေများဖြစ်ကြသည်။ သို့ရာတွင် မြေဆီသြဇာ၊ ရေ၊ အပူဓာတ်နှင့် အရိပ်အာဝါသ အကာအကွယ်တို့ ကောင်းမွန်ပြည့်စုံစွာ ရရှိမှသာလျှင် ငါးနှစ်သားအရွယ်၌ အသီးစတင်သီးနိုင်သော ကိုကိုးပင်၏သဘာဝကြောင့် ကိုကိုးစေ့ထုတ်ယူနိုင်သည့်အဆင့်အထိ ဖြစ်ထွန်းလာရန်ကမူ ထင်သလောက် မလွယ်ကူလှပေ။

ကိုကိုးပင် မျိုးစိတ်များစွာရှိသည့်အနက် ကမ္ဘာတစ်ဝန်းလုံး၌ စားသုံးနေသည့် ချောကလက်အများစုကို Forastero ကိုကိုးမျိုးစိတ်မှ ထုတ်လုပ်ကြသည်။ Criollo နှင့် Trinitario ကိုကိုးမျိုးစိတ်များသည် ဒုတိယအများဆုံး စိုက်ပျိုးထုတ်လုပ်ကြသော ကိုကိုးပင်အမျိုးအစားများ ဖြစ်ကြသည်။ ကိုကိုးပင်များ၏ သဘာဝအရ သီးသန့်စိုက်ပျိုးသောအပင်များသည် သဘာဝအလျောက်ပေါက်ရောက်သော ကိုကိုးပင်များထက် ရောဂါဘယထူပြောသည့်အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် အလွန်ပင်ပန်းကြသည်။

ထို့ပြင် ကိုကိုးထွက်ကုန်များ၏ ထူးခြားချက်တစ်ရပ်မှာ Commodity Future ဟုခေါ်တွင်သည့် ဈေးကွက်သို့ ကြိုတင်ရောင်းချထားရခြင်းပင်ဖြစ်သည်။ ပဲပိစပ်၊ အုန်းသီးဆံခြောက်တို့ကဲ့သို့ပင် ပစ္စည်းမထွက်မီ ကြိုတင်အရောင်းအဝယ်ပြုလုပ်ရသည့် ကုန်ပစ္စည်းဖြစ်သည်နှင့်အညီ ကိုကိုးစိုက်ပျိုးလုပ်ကိုင်သူတို့၏ စီးပွားရေးအခြေအနေကို အမှန်တကယ်ရောင်းဝယ်ဖောက်ကားသည့် ဈေးကွက်အခြေအနေက ထင်ဟပ်နိုင်ခြင်းမရှိပေ။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထိပ်တန်းဦးစားပေးအဖြစ် ရှေ့တန်းတင်လာကြသည့် ၂၁ ရာစုခေတ်တွင် ကိုကိုးစိုက်ပျိုးသည့် လုပ်ငန်းရှင်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ သိပ္ပံသုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် လက်တွဲကာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စိုက်ပျိုးနည်းလမ်းသစ်များဖြင့် ပြောင်းလဲဆောင်ရွက်နေကြပြီဖြစ်သည်။

ကိုကိုးပင်မှရရှိသော ကိုကိုးစေ့များကို ရွေးချယ်သန့်စင်ခြင်း၊ အစေ့ခွံကိုခွာပြီး Nibs ဟုခေါ်သည့် အတွင်းသားကို ချောကလက်အနှစ်ရည်ဖြစ်သည်အထိ ချက်လုပ်ခြင်း၊ ထိုသို့ချက်လုပ်ရာမှ ကိုကိုးအခဲနှင့် ကိုကိုးအဆီတို့ကိုခွဲထုတ်ခြင်း စသည့် ထုတ်လုပ်မှုလုပ်ငန်းစဉ်သည် ရင်းနှီးမြှုပ်နှံမှု ကိန်းဂဏန်းပမာဏ ကြီးမားသည့်အပြင် စနစ်တကျရှိရန်လည်း အထူးလိုအပ်သည်။ ချောကလက်အနှစ်ရည်ထဲသို့ သကြား၊ နို့နှင့် ကိုကိုးအဆီတို့၏ ရောစပ်မှုဖော်မြူလာအပေါ် မူတည်ပြီး အနံ့နှင့် အရသာကွဲပြားသော ချောကလက်စားသောက်ဖွယ်မျိုးစုံကို ချောကလက်လုပ်ငန်းရှင်များက ထုတ်လုပ်ပေးလျက် ရှိကြသည်။

ချောကလက်ရည်ကို နေ့စဉ် ခွက်ငါးဆယ်မျှသောက်သုံးခဲ့သော မက္ကဆီကိုဘုရင် မွန်တေဇူးမားကို အစွဲပြု၍ အမည်ပေးခဲ့ကြသော မွန်တေဇူးမားချောကလက်၏ ထူးခြားချက်မှာ ဗီယက်နမ်နိုင်ငံမှထွက်ရှိသော သစ်ကြံပိုးခေါက်ကို ထည့်သွင်းပြုလုပ်ထားသည့်အတွက် စူးရှသည့် အပူဓာတ်ကို ခံစားရသည်ဟု ချောကလက်ချစ်သူများက မှတ်ချက်ပေးကြသည်။

စွဲမက်ဖွယ် အစားအသောက်တစ်မျိုးအနေဖြင့် နှစ်ခြိုက်စွာစားသုံးရန်သာမက အမှတ်တရလက်ဆောင်အဖြစ်၊ မွေးနေ့လက်ဆောင်အဖြစ်၊ ချစ်သက်လက်ဆောင်အဖြစ်ပါ ဝယ်ယူလေ့ရှိကြသည့် ချောကလက်မုန့်မျိုးစုံတို့၏ ကုန်ကြမ်းဖြစ်သော ကိုကိုးသီးနှံများ၏ ကမ္ဘာ့ကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်အထိပင် ရှိနေသည်။

ကမ္ဘာ့ဒေသအနှံ့အပြားက ထွက်ရှိသော ဈေးအလွန်ကြီးသည့် ချောကလက်များကို ရောင်းချသည့်ဆိုင်များသည် လူအများစားသုံးနိုင်သော ချောကလက်အရောင်းဆိုင်များမှာကဲ့သို့ ချောကလက်မုန့်များကို အခြားစားသောက်ဖွယ်ရာများနှင့် ရောနှောရောင်းချလေ့မရှိဘဲ ချောကလက်တစ်မျိုးတည်းကိုသာ သီးသီးသန့်သန့် ရောင်းချလေ့ရှိကြပြီး ထိုဆိုင်များသည် ချောကလက်ချစ်သူတို့အကြား အလွန်ရေပန်းစားလျက်၊ ချောကလက်ယဉ်ကျေးမှုကို လက်ဆင့်ကမ်းရာ မဟာဗျူဟာမြောက်သည့် ချောကလက်စင်တာများအဖြစ် ရပ်တည်လျက်ရှိနေကြပေသည်။ ။

## ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကွန်ကရစ်လမ်းသစ်များဖွင့်

**မြဝတီ ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် မြဝတီမြို့၌ မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်ခင်းပြီးသော အမှတ်(၁)ရပ်ကွက် သန္တာလမ်း၊ အမှတ်(၄)ရပ်ကွက်ရှိ နတ်သျှင်နောင်လမ်းနှင့် အေးချမ်းသာယာလမ်းများ ဖွင့်ပွဲကို (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။

လမ်းများဖွင့်ပွဲတွင် ကရင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးသံဒိုင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက စည်ပင်သာယာရေးဆိုင်ရာ အချက်အလက်များနှင့် လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

သန္တာလမ်းသစ်သည် အရှည် ပေ ၇၂၀၊ အကျယ် ၂၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၄၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေ ကျပ် ၁၉၉ သိန်း စုစုပေါင်းငွေကျပ် ၄၃၉ သိန်းဖြင့်လည်းကောင်း၊ နတ်သျှင်နောင်လမ်းနှင့် အေးချမ်းသာယာလမ်းများကို ကျပ်သိန်း ၃၆၀ အကုန်ကျခံ၍လည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



# ပုလဲဖောင်ဒေးရှင်း ပြင်ဦးလွင်(ရုံးခွဲ) နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၀**

"ငါသည် ပရဟိတအတွက်ဖြစ်စေရမည်။ ပရဟိတသည် ငါ့အတွက်မဖြစ်စေရ"ဟူသော ဆောင်ပုဒ်ဖြင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် ပုလဲပရဟိတဖောင်ဒေးရှင်း ပြင်ဦးလွင်(ရုံးခွဲ)၏ လေးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ ဦးဆောင်ဆရာတော် ဘဒ္ဒန္တပညာဝံသ ပုလဲဆရာတော်က ဩဝါဒစကားမိန့်ကြားခဲ့ပြီး အလှူရှင်များက ဂုဏ်ပြုလွှာများပေးအပ်ခြင်း၊ အမှုဆောင်အဖွဲ့ခေါင်းဆောင်များအား မေတ္တာလက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်း၊ HIV ဝေဒနာရှင်တစ်ဦးက ရင်တွင်းခံစားချက်တို့ကို တင်ပြပြောကြားခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပုလဲပရဟိတဖောင်ဒေးရှင်း ပြင်ဦးလွင်(ရုံးခွဲ)သည် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မြို့နယ်အတွင်းရှိ သားဦးသမီးဦးမွေးဖွားရန် အခက်အခဲရှိသည့် မိခင် ၁၇ဦး၊ ရိုးရိုးမွေး ခြောက်ဦး၊ ခွဲစိတ်မွေး ကိုးဦးနှင့် HIV ပိုးတွေ့မိခင် တစ်ဦးတို့အား မိခင်နှင့်ကလေးပါ အသက်ရှင်နိုင်စေရန်အတွက် ကူညီထောက်ပံ့ခြင်း၊ အသက်ခြောက်လ အောက်ဆီဂျင်လိုအပ်လျက်ရှိသော လူနာများအတွက် လေအိုးကြီး ၂၁၀၄ လုံး၊ လေအိုးသေး ၂၀၃ လုံးတို့ဖြင့် ၂၄ နာရီ ကူညီစောင့်ရှောက်ပေးခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ခြေထောက်ဖြတ်ခဲ့ရသော လူနာ နှစ်ဦးတို့အား ခြေတုတပ်ဆင်လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် HIV နှင့် AIDS ကူးစက်ရောဂါခံစားနေရသော လူနာများကိုလည်း လိုအပ်သည်များကို အထူးကူညီဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# အရေးပေါ် ကယ်ဆယ်ရေးနှင့် အသက်ကယ် သင်တန်းဆင်းပွဲကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ရွှေမြင့်မိုရ်နာရေးကူညီမှုအသင်းနှင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မြဝတီ)တို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်ကယ်သင်တန်းဆင်းပွဲကို ရွှေမြင့်မိုရ်တောင်ကျောင်း၌ ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ရွှေမြင့်မိုရ်တောင်ဆရာတော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားပြီး သင်တန်းတွင် အဖွဲ့လိုက်ဆုရရှိသူများ၊ အမျိုးသားအကောင်းဆုံးဆု၊ အမျိုးသမီး အကောင်းဆုံးဆု၊ အကောင်းဆုံးနည်းပြဆုနှင့် သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

သင်တန်းတွင် သဘာဝဘေးအန္တရာယ်နှင့် ယာဉ်တိုက်မှုဖြစ်ပွားလာပါက အချိန်မီ အသက်ကယ်ဆယ်နိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အရေးပေါ် အသက်ကယ်ဆယ်ရေးနည်းများကို မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့မှ သင်တန်းနည်းပြ ၂၅ ဦးက ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းသား/သူ ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထူးအိမ် (ပြန်/ဆက်)**



# အောင်လံမြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**အောင်လံ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ ကန်ကြီးရပ်ကွက် လမ်းမတော်လမ်းရှိ မြို့နယ်စည်ပင်၏သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၈ ရက်က မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခဲ့သည်။



သရုပ်ပြလေ့ကျင့်မှု အစီအစဉ်အရ မြို့မဈေးကြီးတွင် မီးလောင်မှုသတင်းရချိန်မှ မီးသတ်ကားများဈေးသို့ရောက်ချိန်အထိ သတ်မှတ်ချိန်အတွင်း ရောက်ရှိရန်နှင့် မီးငြိမ်းသတ်နိုင်ရန် မီးသတ်ကား ၁၀ စီး အသုံးပြု၍ လေ့ကျင့်ခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်း၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးစောဝင်းနှင့် ဦးမြင့်ဝင်းတို့ ကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းလေ့ကျင့်ခဲ့ကြသည်။

သရုပ်ပြလေ့ကျင့်ရာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဌေးမောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမင်းထက်နှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့သည်။ **သိန်းလွင်(ပြန်/ဆက်)**

# ပရိဘောဂထုတ်လုပ်မှုအဆင့်အတန်း နောက်ကျမကျန်စေရန် ကြိုးစားဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံ၏ ပရိဘောဂထုတ်လုပ်မှု အဆင့်အတန်းကို အာဆီယံအသိုက်အဝန်းရှိ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်၍ များစွာနောက်ကျမကျန်စေရန်အတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံရှိ ပရိဘောဂလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းနှင့် သစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်၍ မြန်မာအင်တာနေရှင်နယ်ပရိဘောဂပြပွဲ (Myanmar International Furniture Expo 2016)ကို ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)မှ ၁၅ ရက်အထိ နိုင်ငံတကာအဆင့်မီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်သူက "ဒီပြပွဲဟာ ဒီနှစ်အတွက် ပထမဆုံးပြုလုပ်မယ့် ပရိဘောဂပြပွဲပါ၊ ပြပွဲမှာပြသတဲ့ ပရိဘောဂပစ္စည်းများဟာလည်း အများပြည်သူဝယ်ယူနိုင်တဲ့ ဈေးနှုန်းအတိုင်းဖြစ်မှာပါ။ နိုင်ငံရပ်ခြားက ကုန်ပစ္စည်းတင်သွင်းတာထက်စာရင် ဒီနိုင်ငံမှာပဲ ထုတ်လုပ်ရောင်းချကြမယ့် မြန်မာနိုင်ငံမှာရှိနေကြတဲ့ ပရိဘောဂလုပ်ငန်းရှင်များ ပိုမိုများပြားလာကြမယ်ဆိုရင် ပြည်သူများဝယ်ယူရာမှာလည်း ဈေးနှုန်းပိုမိုသက်သာလာပါလိမ့်မယ်။ လာမယ့် မတ်လအတွင်းမှာလည်း စင်ကာပူနိုင်ငံမှာပြုလုပ်မယ့် အာဆီယံ Furniture ပြပွဲအတွက်လည်း ကျွန်တော်တို့ အသင်းသုံးသင်းပူးပေါင်းပြီး မြန်မာနိုင်ငံကထွက်ရှိတဲ့ သစ်၊ ဝါး၊ ကြိမ်ပစ္စည်းများနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂတွေပြဖို့ စီစဉ်ထားပါသေးတယ်"ဟု ပြောသည်။

ပြသသည့် ကုမ္ပဏီများအတွက်လည်း ဆိုင်ခန်းနေရာများကိုလည်း ဈေးနှုန်းသက်သာအောင် စီစဉ်ပေးထားကြောင်း၊ ပရိဘောဂဆိုင်များအတွက် ဆိုင်ခန်းငှားရမ်းခများ အဆမတန်မြင့်မားနေခြင်းကို ယခုပြပွဲက တစ်ဖက်တစ်လမ်းမှ အဖြေရှာပေးလိုက်ခြင်းဖြစ်ကြောင်း၊ ကုမ္ပဏီများအတွက်လည်း ကနဦး Booking ဆောင်ရွက်ထားလျှင် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိကို ဈေးလျှော့ပေးထားသည့် အစီအစဉ်များဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲအနေဖြင့် လာမည့် စက်တင်ဘာလ၌ နိုင်ငံတကာအဆင့် ကုန်စည်ပြပွဲများ ကျင်းပနိုင်ရန်အတွက် စင်ကာပူနိုင်ငံမှ Singapore Furniture Industry Council နှင့် MoU လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

ပြပွဲကို ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ပထမဆုံးအကြိမ် စတင်ပြသခဲ့ပြီး ကုမ္ပဏီပေါင်း ၃၃ ခုခင်းကျင်းပြသခဲ့ကာ လာရောက်ကြည့်ရှုသူ ၅၀၀၀ ကျော်ရှိခဲ့ကြောင်း၊ စက်တင်ဘာလတွင် ဒုတိယအကြိမ်ပြသခဲ့ပြီး ကုမ္ပဏီပေါင်း ၃၆ ခုခင်းကျင်းပြသခဲ့ကာ ဝင်ရောက်ကြည့်ရှုသူ ၆၀၀၀ ကျော်အထိ မြင့်တက်ခဲ့ကြောင်း၊ ယခုထပ်မံကျင်းပမည့် ပြပွဲတွင် ကုမ္ပဏီပေါင်း ၃၆ ခုက ပြခန်းပေါင်း ၁၆၄ ခန်းဖြင့် ပြသသွားမည်ဖြစ်ပြီး ဝင်ရောက်ကြည့်ရှုသူ ပိုများလာရန် မျှော်မှန်းထားကြောင်း သိရသည်။

**စိုးဝင်း(SP)**

# ပြည်ထောင်စုနေ့ဂုဏ်ပြု စက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်ဖွင့်

**ပြည် ဖေဖော်ဝါရီ ၁၀**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဓမ္မသော် ကျေးရွာအုပ်စု ပေပင်ကုန်းကျေးရွာ၌ Golden Hours ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်ပြီးစီးခဲ့သည့် စက်ရေတွင်း၊ ရေစက်ရုံ၊ အုတ်ရေကန်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်လူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်မောင်၊ Golden Hours ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တွင်းနက်ခြောက်တွင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တွင်းနက် ၂၆ တွင်း၊ မြေသားရေလှောင်ကန် နှစ်ကန်၊ တွင်းတိမ်နှစ်တွင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တွင်းနက်ကိုးတွင်း၊ မြေသားရေလှောင်ကန် ၁၀ ကန်၊ တွင်းတိမ်နှစ်တွင်း၊ လက်တူးတွင်း လေးတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၃၈ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ရေပေးရေးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးမောင်မောင်ကြည်က ရှင်းလင်းတင်ပြခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# (၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကတ္တရာလမ်းဖွင့်

**သာယာဝတီ ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့နယ် သုံးဆယ်မြို့ မြို့ပတ်လမ်း (ရွှေဟသ်ာ၊ ဘောလုံးကွင်းလမ်း၊ တောင်သစ်တန်းလမ်း၊ ရတနာပုံလမ်း) ကတ္တရာလမ်းဖွင့်ပွဲကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၈၈ ဒသမ ၆၃ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စုစုပေါင်း အရှည်ပေ ၅၁၅၀ ရှိသည့် ရပ်ကွက်ချင်းဆက် ကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်လွင်ဦး၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဥက္ကဋ္ဌ ဦးဇော်ညီညီစိန်၊ မြို့နယ်စည်ပင်သာယာအမှုဆောင် အရာရှိ ဦးထင်အောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သန့်ဇော်(ပြန်/ဆက်)**

# မင်းလှမြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**မင်းလှ ဖေဖော်ဝါရီ ၁၀**

ပွင့်လင်းရာသီသို့ရောက်ရှိလာပြီဖြစ်၍ သာယာဝတီခရိုင် မင်းလှမြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

လေ့ကျင့်မှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ခြောက်စီးဖြင့် မီးဘေးအချက်ပေးခေါင်းလောင်းသံများနှင့် ဥသြဆွဲပြီး မြို့မဈေးကြီးကို မီးသတ်ပိုက်များဖြင့် ရေပက်ဖျန်းခြင်း၊ မီးဘေးလူနာအား ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးလူနာပြုစုပြီး လူနာတင်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ခြင်းတို့ကို သရုပ်ပြလေ့ကျင့်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းလတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစောဝေ၊ မီးသတ်တပ်ဖွဲ့မှူး ဦးဇင်ဦးချို၊ စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ စည်ပင်အမှုဆောင်အရာရှိ ဒေါ်အေးအေးမြင့်နှင့် ဈေးကော်မတီဝင်များ၊ ဈေးသူ/ဈေးသားများ ပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

# သဘော်သီးအစိမ်း၏ ထူးခြားသောအာနိသင်များ

ကြည်လွင်မြင့် (မှဒြာ)

သဘော်သီးအစိမ်းတွင် ထူးခြားသောအာနိသင်များရှိသည်။ အစာအိမ်နှင့် အူလမ်းကြောင်းကို ကောင်းစေသည်။ အစာအိမ်အနာကိုကျက်စေသည်။ ဆီးလမ်းကြောင်းရောင်ရမ်းခြင်းကို သက်သာစေသည်။ လေနာနှင့်လည်း တည့်သည်။ အညှာမှထွက်သော အစေးသည် ပိုးကိုသေစေနိုင်သည်ဟု အာယုဗေဒကျမ်းများတွင် ဆိုသည်။ အစေးနှင့် တို့ပေးခြင်းဖြင့် ကင်းဆိပ်၊ မြွေဆိပ်များကိုပင် ပြေစေနိုင်သည်ဟု ဆိုသည်။

ယခုတလော အင်တာနက် Facebook ပေါ်တွင် သဘော်သီးအစိမ်းဖြင့်ပြုလုပ်သော ရေနွေးကြမ်းဖြင့် ဆီးချိုရောဂါ ပျောက်ကင်းနိုင်ကြောင်း ပါလာသည်။ (အမှန်ကတော့ ဆီးချိုရောဂါသည် ဖြစ်ပြီးလျှင် ပျောက်ကင်းနိုင်သော ရောဂါမျိုးမဟုတ်ပါ။ အခိုက်အတန့်သက်သာပြီး အစားအသောက်မဆင်ခြင်လျှင် ဆီးချိုပြန်တက်လာတတ်ပါသည်။) ပျောက်ကင်းကြောင်း ကြားရလျှင်ပင် စိတ်ဝင်တစားလေ့လာရပါသည်။ သို့သော် ဆီးချိုရောဂါ ပျောက်ကင်းသည်ဆိုသူများကို မေးမြန်းကြည့်သောအခါတွင် နေ့စဉ်သွေးဖောက်မတိုင်းဘဲ မှန်းခြေနှင့်ပြောခြင်း၊ ဆီးအိုးကို ပုရွက်ဆိတ်မတက်ရုံဖြင့် ဆီးချိုမရှိတော့ဟု ထင်နေခြင်းမျှသာဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထိုသူများ အထူးသတိထားသင့်သည်မှာ ဆီးတွင် ပုရွက်ဆိတ်အုံနေသော အဆင့်ရောက်လျှင် သွေးချို အဆင့် ၁၂ ကျော်နေတတ်သည်။ အတော်ပင်မြင့်နေပြီ ဖြစ်သည်။

မကြာသေးမီရက်က ဆီးချိုရောဂါရှိသူ လူနာ ဦးလေးကြီးတစ်ဦးရောက်လာပြီး သူများညွှန်သဖြင့် သူကိုယ်တိုင်စမ်းသပ်ပြီး သဘော်သီးရေနွေးကြမ်း သောက်နေကြောင်း ပြောပါသည်။ မည်ကဲ့သို့ ပြုလုပ်သနည်းမေးရာ ပြုလုပ်နည်းမှာ သဘော်သီးအစိမ်း ကြီးကြီးတစ်လုံးကို အညှာရှိသောအပိုင်းမှ လက်နှစ်ဆစ်ခန့်ခွာပြီး လှီးဖြတ်လိုက်သည်။ အတွင်းမှ အခေါင်းပေါက် ပေါ်လာသောအခါ အစေ့များကို ဇွန်းဖြင့်နှိုက်ထုတ်သည်။ အစေ့များကုန်သောအခါ အတွင်းသို့ လက်ဖက်ခြောက် အနည်းငယ်ထည့်သည်။

ထို့နောက် ရေနွေးအဖြူလောင်းထည့်သည်။ ဖြတ်ထားသောအညှာဖြင့် အဖုံးပြန်ပိတ်ပြီး ထောင်လျက်ထားသည်။ နာရီဝက်ခန့်ကြာသောအခါ သဘော်သီးစိမ်းထဲမှာ နှပ်ထားသော ရေနွေးကြမ်းကို ငှဲ့ယူပြီး ရေနွေးကြမ်းသောက်သကဲ့သို့ သောက်သည်ဟု ပြောပါသည်။ ထူးခြားချက်မှာ ယခင်က သူညတိုင်း ငါးကြိမ်၊ ခြောက်ကြိမ် ဆီးထသွားရသည်မှ ယခုအခါ သုံးရက်သောက်ပြီးနောက် ည နှစ်ကြိမ်သာ ထရတော့သည်ဟု ဆိုပါသည်။

အမှန်တော့ သွေးဖောက်စစ်ပြီး မှတ်တမ်းထားလျှင် ပိုကောင်းပါမည်။

သဘော်ရွက်ကို ပြုတ်သောက်လျှင် ကင်ဆာရောဂါပျောက်သည်ဟု မနှစ်ကခေတ်စားခဲ့ပါသေးသည်။ ဂျာနယ်များတွင် ဖတ်ရှုသောအခါ ထိုသတင်းသည် မြန်မာနိုင်ငံမှမဟုတ်၊ ဩစတြေးလျနိုင်ငံမှ သုတေသီအချို့ကစခဲ့သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင်လည်း စာရေးဆရာကြီးတစ်ဦးက ဖြန့်ဝေခဲ့သဖြင့် သဘော်ရွက်ပြုတ်သောက်သူတွေ များစွာရှိသည်ဟု သိရသည်။ (လက်တွေ့တိုက်တိုက်ဆိုင်ဆိုင် ကင်ဆာရောဂါပျောက်သူကိုတော့ မတွေ့ရသေးပါ။ မတွေ့ရခြင်းမှာလည်း ကင်ဆာလူနာများသည် အနောက်တိုင်းဆေးနှင့် ဓာတ်ကင်ကုသမှု ခံယူနေကြသူများဖြစ်ကြပြီး ကြားအချိန်တွင်လည်း မြန်မာဆေးမြီးတိုကို စမ်းသပ်သုံးစွဲသူများလာသဖြင့် သီးသန့် သဘော်ရွက်ပြုတ်ရည်တစ်ခုတည်း သုံးစွဲကုသနေသူကို မတွေ့ရခြင်းဖြစ်ပါလိမ့်မည်။)

သဘော်သီးအစိမ်းတွင် ဖြစ်နိုင်ခြေအတော်ရှိသည်မှာ အညှာမှထွက်သောအစေးနှင့် သဘော်သီးစိမ်းတွင်ရှိသော အစေးဓာတ်တို့သည် အဆိပ်ကို နိုင်သည်ဟု အာယုဗေဒကျမ်းစာများတွင် တွေ့ရှိဖတ်ဖူးသောကြောင့်ဖြစ်ပါသည်။ အဆိပ်သည် သဘော်အစေးနှင့် ပြယ်နိုင်သဖြင့် ဆေးဖက်ဝင်သော အစေးဖြစ်သည်ဟု ယူဆနိုင်ပါသည်။

ဂေါက်ရောဂါ (အဆစ်ရောင်ရောဂါ) ရှိသူတစ်ဦးက သဘော်သီးအစိမ်းကို ထိပ်ဖွင့်ပြီး အတွင်းမှအစေ့များကို ကော်ထုတ်ယူပြီး အတွင်းခေါင်းထဲတွင် တောကြက်ဥ (သဘာဝကြက်ဥ)ကို ထည့်ပြုတ်စားလျှင် သက်သာသည်ဟုဆို၍ စမ်းသပ်စားကြည့်နေကြောင်းပြောသည်။ အချို့ကလည်း မီးဖုတ်စားလျှင် အာနိသင်ပိုကောင်းသည်ဟု ပြောသည်။ ကြက်ဥအနှစ်သည် ဂေါက်ရောဂါနှင့်မတည့်။ Uric Acid တက်စေသော အစာဖြစ်သည်။ သို့သော် ကြက်ဥကို သဘော်သီးအစိမ်းတွင်ထည့်၍ ပြုတ်စားလျှင် ဂေါက်ရောဂါသက်သာစေသည်ဟု ဆိုပြန်သည်။ သဘော်သီးအစိမ်းများအတွင်းမှ အစေးဓာတ်သည် Uric Acid တက်ခြင်းကို ပယ်ဖျောက်နိုင်သည့်သဘောဖြစ်သည်။

အာယုဗေဒ ဆေးပညာအရ အချိုဓာတ်ကိုပျက်စေရန် အစပ်ဓာတ်ပေးရမည်ဟု ဆိုပါသည်။ အခါးကို အရသာအားဖြင့် ဆန့်ကျင်ဘက်ဖြစ်သော်လည်း အစာကြေကျက်ပြီးနောက်ဖြစ်ပေါ်သော ရသရည်တွင် အခါးသည် ချိုကျက်တတ်သည်ဟု ဆိုပါသည်။ ဆီးချိုသမားသည် သွေးထဲမှာ အချိုဓာတ်များသဖြင့် ပျက်စေလိုလျှင် အစပ်ဓာတ်ပေးရသည်။ သဘော်သီးအစိမ်း၏ အစေးတွင် အစပ်ဓာတ် ပါဝင်သည်။

စာရေးသူတို့အကြိုက် နည်းလမ်းမှာ သဘော်သီးအစိမ်းကို ဟင်းချက်လျှင်(ဘူးသီးဟင်းခါးချက်သကဲ့သို့) အတုံးများတုံးပြီး ဟင်းချက်ပါ။ ဟင်းမချက်မီ သဘော်သီးအပြင်မှ အစိမ်းရောင်အခွံများကို ခြစ်ပစ်ပါ။

အခွံနှင့် အသီးကြားမှ အစေးများသည် ဆေးဖက်ဝင်သည်။ ဟင်းကျက်ပြီးနောက် ငရုတ်ကောင်းအမှုန့်ဖြူးပြီး ဟင်းခါးအဖြစ် သောက်နိုင်ပါသည်။ ငရုတ်ကောင်းမှုန့်သည် ဆီးရွှင်စေသည်။

ဤဓာတ်စာသည် ဆီးချိုသမားများနှင့် သင့်သည်။ ဆီးချိုရောဂါရှိသူများသည် သဘော်သီးအမှည့် (အဝါရောင်)နှင့် မသင့်သော်လည်း အစိမ်းနှင့်တည့်သည်။ သဘော်သီးဟင်းခါးသည် ဆီးချို၊ သွေးတိုး၊ လေနာ၊ အစာအိမ်ရောင်ရောဂါများအတွက် ကောင်းသည်။ တစ်ပတ်လျှင်တစ်ကြိမ် ချက်စားပါ။ အစာအိမ်လေနာရောဂါ လက်တွေ့ပျောက်သည်။ ဈေးဖိုးအကုန်အကျမများဘဲ ကျန်းမာရေးအတွက်လည်း အကျိုးရှိသော ဓာတ်စာဟင်းတစ်ခွက် ဖြစ်ပေသည်။ ။



# ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လင်းယောစမ်းကျေးရွာ၌ ဒေသခံပြည်သူများ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့သော ဆိုလာမီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် See Best Myanmar ကုမ္ပဏီမှ ဦးသိန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးကအမှာစကားပြောကြားကာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုလာစနစ်ဖြင့် မီးအလင်းရောင်ရယူသုံးစွဲနည်းများကို ဒေသခံပြည်သူများအား လက်တွေ့ရှင်းလင်းပြသခဲ့သည်။

လင်းယောစမ်းကျေးရွာ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ရန်ပုံငွေကျပ် ၂၂ သန်းဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းကပင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလကပင် လုပ်ငန်းအားလုံးပြီးစီးကာ အိမ်ထောင်စု ၁၁၀ တွင် မီးအလင်းရောင် ရရှိနေပြီဖြစ်ကြောင်း၊ ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်ပွဲကို ယခု ဖေဖော်ဝါရီလတွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## သတင်းတို

### ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာစာအောင်ဆုနှင်းသဘင်ကျင်းပ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာ သစ္စာရွှေပြည်မဟာစည်ရိပ်သာ၌ မတ္တရာမြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် ဗုဒ္ဓဓမ္မယဉ်ကျေးလိမ္မာစာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် မတ္တရာမြို့ ရွှေအုန်းပင်ဆရာတော်၊ ရွှေသိမ်တော်တောင်ကျောင်းဆရာတော်နှင့် သစ္စာရွှေပြည် မဟာစည်ဆရာတော်များက ဩဝါဒပေးပြီး ဆုနှင်းသဘင်ကို ဆက်လက်ကျင်းပရာ အဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဘုရားဆင်းတုတော်တစ်ဆူ၊ ဆုတံဆိပ်နှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကာ စာအောင် ကျောင်းသား ကျောင်းသူများအား အောင်လက်မှတ်နှင့် ဓမ္မစကူးလ်အင်္ကျီများကို ချီးမြှင့်ခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**



**သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီ ၁၂၊၁၃၊၁၄၊ (၅၈)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဖေဖော်ဝါရီလ (၁၂၊၁၃၊၁၄)ရက်များတွင် ၅၈-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနအထူးအစီအစဉ်ကို ကရင်ပြည်နယ်၊ ဘားအံမြို့ ပြည်နယ်ဆေးရုံကြီး၌ ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ကျိုက္ကဆံဘုရားပါဝင်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသီရိလင်္ကာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အစည်းအဝေးဖိတ်ကြားလွှာ

ပထမအကြိမ် ပန်းမြောင်းတိုက်နယ် လူမှုရေးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍ တိုက်နယ်သူတိုက်နယ်သားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက် - ၂၀၁၅ခုနှစ် တက္ကသိုလ်ဝင်တန်း ပညာသင်နှစ်တွင် ဂုဏ်ထူးရကျောင်းသားများ ဆက်သွယ်ပါ။ (ဦးကျော်စိုး-အတွင်းရေးမှူး ဖုန်း-၀၉-၇၉၉၈၄၂၉၆၉)

**အစီအစဉ်**

**နေ့ရက်** - ၂၁-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)

**အချိန်** - နံနက် ၉ နာရီ

**နေရာ** - ရခိုင်ပြည်နယ် ဓမ္မာရုံ၊ ရွှေတိဂုံစေတီအရှေ့ဘက်မုခ် (နံနက်စာထမင်းဖြင့် ဧည့်ခံကျွေးမွေးပါမည်)

**အလုပ်အမှုဆောင်အဖွဲ့**
**ပန်းမြောင်းတိုက်နယ်လူမှုရေးအသင်း(ရန်ကုန်)**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ ဒေါက်တာဌေးမြင့်ဦး-(ဒေါက်တာနီနီအေး)
တို့၏သား

**မောင်သက်ဇင်မောင် B.E (Naval Architecture)**

**နှင့်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ ဦးသူရ-ဒေါ်တင်မေလတ်
တို့၏သမီး

**မခင်မေသူ M.Sc (Computer Science)**

တို့သည် နှစ်ဖက်မိဘများသဘောတူညီချက်အရ ၉-၂-၂၀၁၆ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**မောင်သက်ဇင်မောင်-မခင်မေသူ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပျော်ဘွယ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးအမှုအမှတ်-၁၀၈**

ဒေါ်ဝေဝေထွန်း **နှင့်** ၁။ ဦးထင်ကျော်ဇေယျ
၂။ မောင်အောင်ဇေယျကျော်

**တရားလို** **တရားပြိုင်များ**

ပျော်ဘွယ်မြို့၊ မြို့မရပ်ကွက်နေ မောင်အောင်ကျော်ဇေယျ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝေဝေထွန်းက ကတိပြုထားသောလူမှုရေးထောက်ပံ့ငွေ ကျပ်သိန်း ၆၀ တိတိရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၈ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းနု)**
**မြို့နယ်တရားသူကြီး**
**ပျော်ဘွယ်မြို့**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၄၁**

ဒေါ်သိန်းဌေး **နှင့်** ၁။ တပ်သားမြင့်ဦး
၂။ ဦးဝင်းမြင့်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရွှေညောင်မြို့၊ အမှတ် (၆၄၆)၊ စစ်လက်နက်ပစ္စည်းတပ်နေ (၁) တရားရှုံး တပ်သားမြင့်ဦး (ကပ-၄၇၇၅၀၃) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သိန်းဌေး(တရားနိုင်)က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့် အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝွန်ဂျာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

**အမှတ်(၁) ဒေသကောလိပ် (ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ် (၁၉၇၆ မှ ၁၉၉၉)ထိ**

## ကျောင်းသား/သူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ

ပဉ္စမအကြိမ်ဆရာကန်တော့ပွဲကို ၂၀၁၆ ခုနှစ် မတ်လ ၂၇ ရက် (တပ်မတော်နေ့) တနင်္ဂနွေနေ့ နံနက် ၉း၀၀ နာရီတွင် ယခင်အမှတ် (၁) ဒေသကောလိပ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများကို အောက်ပါပုဂ္ဂိုလ်များနှင့် ကမ္ဘောဇဘဏ်ငွေစာရင်း ၀၀၂၁၂၂၀၀၄၅၂၁၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| ၁။ | ဒေါက်တာ ဦးတင့်လွင် | ဖုန်း-၀၉-၅၀၀၇၃၃၇ | ၁၈။ | ဦးအောင်သင်း | ဖုန်း-၀၁-၃၈၉၃၇ |
| ၂။ | ဦးမြင့်သူ | ဖုန်း-၀၉-၇၃၀၀၈၇၁၉ | ၁၉။ | ဒေါ်မော်မော်ထွန်း | ဖုန်း-၀၉-၈၆၃၀၅၅၇ |
| ၃။ | ဦးစိန်မြ | ဖုန်း-၀၉-၄၂၁၀၀၆၂၆၁ | ၂၀။ | ဦးသူရ | ဖုန်း-၀၉-၅၁၇၆၃၀၂ |
| ၄။ | ဦးကိုကိုစိုး | ဖုန်း-၀၉-၅၁၃၉၉၆၀ | ၂၁။ | ဒေါ်နန္ဒာဝင်းလတ် | ဖုန်း-၀၉-၃၁၅၅၁၄၇၂ |
| ၅။ | ဒေါက်တာဒါဌေးဌေးကြည် | SSC ဆေးရုံ | ၂၂။ | ဒေါက်တာရွှေဝါ | ဖုန်း-၀၉-၇၃၂၀၇၆၉၀ |
| ၆။ | ဦးမြင့်သန်း | ဖုန်း-၀၉-၅၁၄၄၁၈၁ | ၂၃။ | ဒေါ်သန်းသန်းဆင့် | ဖုန်း-၀၉-၇၃၂၂၃၆၉၉ |
| ၇။ | ဦးကြည်မင်း | ဖုန်း-၀၉-၅၁၅၁၄၆၈ | ၂၄။ | ဒေါ်ခင်မိမိချို | ဖုန်း-၀၉-၄၃၁၈၀၉၃၈ |
| ၈။ | ဦးဒေးဇစ်ထွန်း | ဖုန်း-၀၉-၄၃၀၁၅၄၇၁ | ၂၅။ | ဒေါက်တာတင်အိခင် | ဖုန်း-၀၉-၇၃၁၇၇၉၄၉ |
| ၉။ | ဦးဗညားဇော် | ဖုန်း-၀၉-၄၅၀၀၁၈၈၈၈ | ၂၆။ | ဒေါ်စောစန္ဒာဌေး | ဖုန်း-၀၉-၄၄၈၅၄၂၁၅၆ |
| ၁၀။ | ဦးကျော်ဦးမော် | ဖုန်း-၀၉-၅၀၀၇၆၂၁ | ၂၇။ | ဒေါ်စန်းယုမော် | ဖုန်း-၀၉-၂၅၃၈၇၃၅၃၅ |
| ၁၁။ | U Winston Thein Toe | ဖုန်း-၀၉-၄၂၁၁၆၁၂၇၅ | ၂၈။ | ဒေါ်အေးအေးကျော် | ဖုန်း-၀၉-၅၁၂၆၃၈၄ |
| ၁၂။ | ဦးတင်ဦး (ရှုပ) | ဖုန်း-၀၉-၈၆၃၁၈၂၉ | ၂၉။ | ဒေါ်ဥမ္မာခင် | ဖုန်း-၀၉-၉၇၄၀၇၆၀၂၃ |
| ၁၃။ | ဒေါက်တာဇော်နိုင် | ဖုန်း-၀၉-၅၄၀၁၀၇၈ | ၃၀။ | ဒေါ်သီရိအောင် | ဖုန်း-၀၉-၃၁၄၈၀၅၆၉ |
| ၁၄။ | ဒေါ်နုနုအေး | ဖုန်း-၀၉-၄၂၁၀၀၅၄၉၆ | ၃၁။ | ဒေါ်မြင့်မြင့်ဝေ | ဖုန်း-၀၉-၅၁၂၂၈၆၇၆ |
| ၁၅။ | ဒေါ်ကြည်ကြည်မြင့် | ဖုန်း-၀၉-၅၀၉၁၈၅၈ | ၃၂။ | ဒေါ်ဝိုင်းနန္ဒာကျော် | ဖုန်း-၀၉-၄၀၁၅၆၃၆၅၁ |
| ၁၆။ | ဦးစံလှ | ဖုန်း-၀၉-၂၅၀၀၇၉၇၄၇ | ၃၃။ | ဒေါ်လှလှဆန်း | ဖုန်း-၀၉-၅၁၉၃၆၆၄ |
| ၁၇။ | ဦးဇော်ကိုကိုဖေ | ဖုန်း-၀၉-၅၂၀၂၆၃၆ | | | |

- ၁၄-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယခင်အမှတ် (၁) ဒေသကောလိပ်ခန်းမ၌ ကျင်းပမည့် ၃/၂၀၁၆ ညှိနှိုင်းအစည်းအဝေးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
- ၁၉၇၆ မှ ၁၉၉၉ ထိအချိန်ပြည့် (တစ်နှစ်)တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)ပြည့်ပြီး ဆရာကြီး/ဆရာမကြီးများ၊ အောက်ပါနာယက ဆရာ/ဆရာမများထံသို့ ၄-၃-၂၀၁၆ ရက်နောက်ဆုံးထား၍ ဆက်သွယ်ကြပါရန် ၁။ ဒေါက်တာတင့်လွင် ဖုန်း-၀၉-၅၀၀၇၃၃၇၊ ၂။ ဦးကျော်ဝင်း ဖုန်း-၀၉-၄၂၁၀၄၄၉၄၄၉၊ ၃။ ဦးစံလွင် ဖုန်း-၀၉-၂၅၀၀၂၄၉၂၊ ၄။ ဦးချိုထွန်း ဖုန်း-၀၉-၅၀၁၂၅၇၈၊ ၅။ ဒေါ်ခင်ဝင်းမြင့် ဖုန်း-၀၁-၂၀၉၂၇၀၊ ၆။ ဒေါ်သိန်းသိန်းညွန့် ဖုန်း-၀၉-၅၁၂၈၅၀၆၊ ဒေါက်တာဖွေးဖွေး ဖုန်း-၀၉-၅၃၄၃၁၈၇

**ပဉ္စမအကြိမ်ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

**မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း နှစ်ပတ်လည်အထွေထွေ အစည်းအဝေးဖိတ်ကြားလွှာ**

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ တတိယအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၀း၃၀နာရီ

**ကျင်းပမည့်နေရာ** - မြန်မာကွန်ဗင်းရှင်းစင်တာ (MCCခန်းမ)၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

**မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း**

## အမြန်ငှားမည်

၁။ လှိုင်မြို့နယ်၊ ရွှေဟသ်ာကွန်ဒို Tower (A) 2100 Sqft 1MB, 2SB 5A/C ကျွန်းပါကေးခင်းအဆင့်မြင့်ပြင်ဆင်ပြီး ပရိဘောဂအစုံအလင်ဖြင့် အသင့်နေနိုင်

၂။ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်းမပေါ် အောင်ချမ်းသာအိမ်ရာ Tower (A) Plot-C ပထမထပ် ၂၅'×၅၀' 1MB၊ 2SB 4A/C ပြင်ဆင်ပြီး ဝါးပါကေးခင်း Lift ပါ ကားပါကင်ပါ

၃။ မြောက်ဒဂုံ၊ ရွှေပင်လုံအိမ်ရာ ခြံအကျယ် ၁၀၀'×၉၀' အိမ်အကျယ် ၄၀'×၄၅' 2 Living Rooms၊ 3MB၊ 1SB 6A/C ကျွန်းပါကေးခင်း အဆင့်မြင့်ပြင်ဆင်ပြီး ကားဂိုဒေါင်ပါ

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၁၁၂၂၄၂၊ ၀၉-၅၀၇၃၂၉၁၊ ၀၉-၅၁၃၈၄၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ တော်ဝင်လမ်းသွယ်(၁)လမ်း၊ အမှတ် ၁၃၂၊ (၃)ရပ်ကွက်ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် ၁၅၊ မြေကွက်အမှတ် ၁၃၂ အကျယ်ပေ (၆၀×၆၀)ဧရိယာ ၀ဒသမ ၀၈၃ဧကေတွင်တည်ရှိသည့် မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံများအား ရောင်းချပိုင်ခွင့်ရှိသူ ဦးလင်းထက် ၁၂/မရက(နိုင်)၁၃၀၀၀၂ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံများ၏ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးလွင်ဦး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၂၃၅)**
**အမှတ်(၁၀၁)၊ လေးလွှာ၊ အရိုးကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၅၀၇၉၉**

## ရောင်း/ငှား

ဂိုဒေါင် ၈၀'×၅၀'
လှိုင်သာယာဇုန်(၅)
ရေ၊ မီး၊ ဖုန်း-၀၉-၄၂၁၀၂၈၉၀၀
၀၁-၅၇၁၉၂၅

## တာဝန်ထမ်းဆောင်လိုသည်

ရွှေ (Quality control) ရွှေတွင်းများတွင်
ရွှေအရည်အသွေးစစ်ဆေးပေးခြင်း
ရွှေပါဝင်မှုပမာဏဓာတ်ခွဲပေးခြင်း
လုပ်သက်အနှစ်(၃၀)ရှိသည်။
မျှော်မှန်းလစာ-ရန်ကုန် - ၅ သိန်း
Field- ၇ သိန်း၊
အငြိမ်းစားအရာထမ်း။
**ဖုန်း-၀၉-၅၁၃၁၈၃၁၊**
**၀၉-၄၂၁၁၄၈၃၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်(၅၂၁၁)၊ မြေကွက်တည်နေရာအမှတ် (၅၂၁၁)၊ သုနန္ဒာလမ်း ဦးတင်မြင့် ၁၂/ဥကမ(နိုင်) ၁၃၁၁၁၀ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့်ဖြစ်ပြီး ဦးတင်မြင့်၊ ဒေါ်စောစိန် (တရားရှိုး)များကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ဘိလစ်ခေါ်သူဇာ ၆/ထဝန(နိုင်)၀၂၆၃၄၃ က တရားရုံးဘိလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ် (၆၅/၁၅)စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၄၄/၁၅) တရားရုံးနေ့စဉ်မှတ်တမ်းတို့တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၅၆**

၁။ ဦးဇော်မင်းနိုင် **နှင့်** ဒေါ်ခင်ဆွေဝင်း
၂။ ဒေါ်သန်းသန်းဌေး

**တရားနိုင်များ** **တရားရှုံး**

မန္တလေးခရိုင်တရားရုံးတော် ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၂၉၆အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၆ ခုနှစ် မတ် ၇ ရက် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ရက်) နံနက် ၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်၊ အကွက် (၁၈၈)၊ ဦးပိုင် (၃)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ နှစ်လုံးတို့၏ (၂)ပုံ (၁)ပုံ၏တစ်ဝက် (၄)ပုံ (၁)ပုံ(မြောက်ဘက်ခြမ်း)။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀(ကျပ်သိန်းတစ်ထောင့်ငါးရာ)တိတိ**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက်လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့ ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်သွင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ညိုမီစံ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မန္တလေးခရိုင်တရားရုံး**







## ခြံရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးအနီး ရွှေနံ့သာသစ်ခွ ပါမစ် တစ်ဧက ခြံခတ်ပြီး အဆောက်အအုံပါ မီတာပါ (ဂရန်ပြုလုပ်ဆဲ)

**ရောင်းစျေး သိန်း-၁၃၀၀**

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၀၅၈၁၄၊ ၀၉-၇၉၅၉၅၁၀၅၈၁၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅/သာဇီအနောက်၊ မြေကွက်/ဦးပိုင်အမှတ်(၁၅က)၊ ဧရိယာ ၀.၁၁၃ဧကရှိ ဦးမောင်လွင်(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအောင်ထူးမြင့် ပါ(၄) ၉/ပမန(နိုင်)၁၃၄၅၇၉ (ဘ) ဦးမောင်လွင်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နေရာကောင်း လမ်းမကြီးပေါ်မြေကွက် အမြန်ရောင်းမည်

ဒဂုံမြို့သစ်(မြောက်ပိုင်း) အစည်ကားဆုံး ၇/၈ လမ်းဆုံအနီး၊ ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိသည်။ မျက်နှာစာ ပေ(၄၀)၊ ရှေ့နောက် ပေ(၁၀၀) မြေဖို့ပြီး၊ တစ်ထပ်အိမ် အသေးတစ်လုံး၊ မြောက်ဒဂုံ၏အကျယ်ဆုံး(၁၂၀'ကျယ်)နှင့် အလှပဆုံးလမ်းမကြီး (ဝေဇယန္တာလို လမ်းလယ်ကျွန်းနှင့် လေးလမ်းသွားလမ်းမကြီး)ပေါ် မေးတင်ထားသောမြေကွက်။

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ညှိနှိုင်းစျေး။**

**ဖုန်း-၀၉-၇၇၇၅၇၇၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက်၊ ဦးပိုင်အမှတ်(၃၁ခ/၂)၊ ဧရိယာ ၀.၁၁၃ဧကရှိ ဦးမိုးသော်မြင့် အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးမိုးသော်မြင့် ၁၂/စခန(နိုင်)၀၇၅၂၆၅ (ဘ) ဦးမြင့်သိန်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၁၅၄၆)၊ ဧရိယာ ၀.၁၁၃ဧက၊ ဦးထွန်းကြည်အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၃၂၈/၂၀၁၁ ဖြင့် ဦးထွန်းကြည်၏ အထူးကိုယ်စားလှယ် ဦးဇော်မိုး ၇/သကန(နိုင်)၁၉၄၅၆၁ (ဘ) ဦးလှရွှေမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကိန္နရီ

## အဆင့်မြင့်ချည်ချောလုံချည်မှအသိပေးကြေညာခြင်း

ကိန္နရီအဆင့်မြင့်ချည်ချောလုံချည်များ ဖြန့်ချိရောင်းချလျက်ရှိသော ယခင်အဆင့်မြင့် မင်္ဂလာဈေးရှိ ဆိုင်ခန်းများသည် အောက်ပါ ဆိုင်ခန်းလိပ်စာသစ်များသို့ ပြောင်းရွှေ့ရောင်းချလျက်ရှိကြောင်း မိတ်ဟောင်းမိတ်သစ်များအား အသိပေးကြေညာအပ်ပါသည်။

| ယခင်ဆိုင်ခန်းနေရာ | ယခုပြောင်းရွှေ့ဖွင့်လှစ်သည့်နေရာ | ယခင်ဆိုင်ခန်းနေရာ | ယခုပြောင်းရွှေ့ဖွင့်လှစ်သည့်နေရာ | ယခင်ဆိုင်ခန်းနေရာ | ယခုပြောင်းရွှေ့ဖွင့်လှစ်သည့်နေရာ |
|---|---|---|---|---|---|
| ပထမထပ် ၆၅၀<br>စိန်ခြူးအထည်ဆိုင် | (၁၃၇)လမ်း၊ အိမ်အမှတ်(၁၂)<br>စိန်ခြူးအထည်ဆိုင်<br>ဖုန်း-၀၉-၂၅၀၀၂၄၉၃၄၊ ၀၉-၇၃၀၀၆၇၈၆ | မြေညီ ၇၁၅<br>မြတ်ဆုခိုင် | မင်္ဂလာမွန်ဈေး မြေညီ ၄၀<br>မြတ်ဆုခိုင်အထည်ဆိုင်<br>ဖုန်း-၀၉-၅၀၁၃၁၇၂ | မြေညီ ၂၅၅<br>ရွှေဇီးကွက်အထည်ဆိုင် | ရွှေမင်္ဂလာဈေး မြေညီ ၁၄၇<br>ရွှေဇီးကွက်အထည်ဆိုင်<br>ဖုန်း-၀၉-၅၁၅၄၄၀၈ |
| ပထမထပ် ၂၂၇၊<br>နေဝင်းနှင်းဆီ | မင်္ဂလာမွန်ဈေး မြေညီ ၂၂၇<br>နေဝင်းနှင်းဆီ<br>ဖုန်း-၀၉-၈၅၀၁၈၁၁၊ ၀၉-၂၅၀၁၇၁၇၉၂ | ပထမထပ် ၇၇၈<br>ဆန်းယဉ်ယဉ် | ရွှေမင်္ဂလာဈေး ဒုတိယထပ် ၄၁<br>ဆန်းယဉ်ယဉ်<br>ဖုန်း-၀၉-၅၄၁၆၇၀၀ | မြေညီ ၇၆၃<br>ခန့်ချောကြီးအထည်ဆိုင် | ရွှေမင်္ဂလာဈေး ပထမထပ် ၁၆၆<br>ခန့်ချောကြီးအထည်ဆိုင်<br>ဖုန်း-၀၉-၅၄၁၁၆၇၄ |
| မြေညီ ၁၃၉<br>မြတ်အိန္ဒြေ | မင်္ဂလာမွန်ဈေး မြေညီ ၁၅၄<br>မြတ်အိန္ဒြေ<br>ဖုန်း-၀၉-၅၁၀၉၂၈၆ | မြေညီ ၈၀၆<br>ရွှေဟင်္သာအထည်ဆိုင် | ရွှေမင်္ဂလာဈေး ပထမထပ် ၉၄<br>ရွှေဟင်္သာအထည်ဆိုင်<br>ဖုန်း-၀၉-၇၃၁၇၇၇၃၀၊ ၀၁-၂၀၁၆၁၂ | မြေညီ ၆၉၅<br>ရွှေကံဆင့်အထည်ဆိုင် | ယုဇနပလာဇာ S-38<br>ရွှေကံဆင့်အထည်ဆိုင်<br>ဖုန်း-၀၉-၇၃၀၇၈၀၁၇ |
| မြေညီ ၁၄၉<br>ရွှေအုန်းပင် | မင်္ဂလာမွန်ဈေး မြေညီ ၁၉၆<br>ရွှေအုန်းပင်<br>ဖုန်း-၀၉-၅၀၇၆၈၂၄၊ ၀၉-၇၇၉၀၀၄၇၂၄ | မြေညီ ၂၃၄<br>ကိုဝင်းသန်း | ရွှေမင်္ဂလာဈေး ပထမထပ် ၉၇<br>ကိုဝင်းသန်း<br>ဖုန်း-၀၉-၇၃၂၀၃၇၉၄ | မြေညီ ၇၁၈<br>ရွှေအိန္ဒြေအထည်ဆိုင် | ယုဇနပလာဇာ N-41<br>ရွှေအိန္ဒြေအထည်ဆိုင်<br>ဖုန်း-၀၉-၅၀၀၂၂၃၀ |
| မြေညီ ၂၀၉<br>ထွန်းမိသားစု | မင်္ဂလာမွန်ဈေး မြေညီ ၂၆၅<br>ထွန်းမိသားစုအထည်ဆိုင်<br>ဖုန်း-၀၉-၂၅၀၂၃၇၅၇၆၊ ၀၉-၇၃၁၀၅၃၈၇ | မြေညီ ၃၂၀<br>လေပြေလှိုင်းအထည်ဆိုင် | ရွှေမင်္ဂလာဈေး ပထမထပ် ၉၁<br>လေပြေလှိုင်းအထည်ဆိုင်<br>ဖုန်း-၀၉-၅၁၀၀၂၁၄၊ ၀၉-၂၅၄၁၇၈၈၆၄ | မြေညီ ၇၄၁<br>ခရအထည်ဆိုင် | ယုဇနပလာဇာ O-8<br>ခရအထည်ဆိုင်<br>ဖုန်း-၀၉-၅၁၅၄၄၀၈ |
| မြေညီ ၂၁၅<br>စိန်ရတနာဝင်း | မင်္ဂလာမွန်ဈေး မြေညီ ၄၂<br>စိန်ရတနာဝင်း<br>ဖုန်း-၀၉-၅၀၂၀၉၇၂၊ ၀၉-၇၃၁၀၂၀၆၅ | မြေညီ ၃၄၂<br>ကောင်းစတားအထည်ဆိုင် | ရွှေမင်္ဂလာဈေး ပထမထပ် ၈၅<br>ကောင်းစတားအထည်ဆိုင်<br>ဖုန်း-၀၉-၅၁၀၂၈၁၈ | ပထမထပ် ၅၁<br>ရွှေပင့်ကူအထည်ဆိုင် | ယုဇနပလာဇာ စ-၂<br>ရွှေပင့်ကူအထည်ဆိုင်<br>ဖုန်း-၀၉-၄၂၂၅၄၈၁၅၀ |
| မြေညီ ၇၁၇<br>ထူးရွှေရည်အထည်ဆိုင် | မင်္ဂလာမွန်ဈေး မြေညီ ၆၉<br>ထူးရွှေရည်အထည်ဆိုင်<br>ဖုန်း-၀၉-၇၃၁၅၃၈၂၂၈ | မြေညီ ၃၈၇<br>ကိုမောင်မောင်ချို | ရွှေမင်္ဂလာဈေး ပထမထပ် ၂၅<br>ကိုမောင်မောင်ချို<br>ဖုန်း-၀၉-၅၀၄၆၃၄၉ | မြေညီ ၄၀၅<br>ရတနာမင်းအထည်ဆိုင် | ယုဇနပလာဇာ ဒုတိယထပ် D-27<br>ရတနာမင်းအထည်ဆိုင်<br>ဖုန်း-၀၉-၇၃၀၀၈၈၇၂ |
| မြေညီ ၅၂၄<br>အိန္ဒြေဦး | မင်္ဂလာမွန်ဈေး မြေညီ ၁၇၂<br>အိန္ဒြေဦး<br>ဖုန်း-၀၉-၅၁၇၂၃၁၅၊ ၀၉-၅၁၇၂၃၁၆ | မြေညီ ၄၄၇<br>တော်ဝင်မြန်မာအထည်ဆိုင် | ရွှေမင်္ဂလာဈေး ပထမထပ် ၄၉<br>တော်ဝင်မြန်မာအထည်ဆိုင်<br>ဖုန်း-၀၉-၇၃၀၃၈၁၉၀ | မြေညီ ၂၃၂<br>မိုးသောက်ပန်းအထည်ဆိုင် | မင်္ဂလာမွန်ဈေး မြေညီ ၉၂၊ ၉၃<br>မိုးသောက်ပန်းအထည်ဆိုင်<br>ဖုန်း-၀၉-၇၉၅၁၆၁၀၂၁ |
| မြေညီ ၂၆၃<br>မသန်းသန်းနီ | မင်္ဂလာမွန်ဈေး မြေညီ ၂၀၄<br>မသန်းသန်းနီ<br>ဖုန်း-၀၉-၅၁၇၆၂၇၈၊ ၀၉-၂၅၄၁၉၉၈၂၅ | မြေညီ ၄၇၉<br>ရွှေပွင့်သစ်အထည်ဆိုင် | ရွှေမင်္ဂလာဈေး မြေညီ ၁၆၅<br>ရွှေပွင့်သစ်အထည်ဆိုင်<br>ဖုန်း-၀၉-၇၃၂၄၄၂၀၀၊ ၀၁-၅၄၀၉၁၃ | | |

**ကိန္နရီအဆင့်မြင့်ချည်ချောလုံချည်**
**မိသားစု မှ မိတ်ဟောင်း မိတ်သစ်များအား**
**အထူးကျေးဇူးတင်ရှိပါသည်။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**တပ်ကုန်းမြို့နယ်တရားရုံး၊ ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၀၃**

မအေးအေးမွန် **နှင့်** ကိုမြတ်ဝင်းလှိုင်

**တရားလို** **တရားပြိုင်**

**ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်၊ ကိုမြတ်ဝင်းလှိုင် (ဘ) ဦးအုန်းရှိန်(ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ **မအေးအေးမွန်က လင်မယားကွာရှင်းပြတ်စဲလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး၊ တပ်ကုန်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ နတ်မော်လမ်း၊ အမှတ်(၂၄၀/က)ဟုခေါ်တွင်သော အကွက်အမှတ်(၄၉)၊ ဥယျာဉ်မြောက်၊ ဦးပိုင်အမှတ် (၉၄)၊ ဧရိယာ ၀ဒသမ ၀၇၁ဧကေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေးဦး ၁၄/ဟသတ(နိုင်)၀၁၀၅၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံတို့နှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲညွန့်**
**H.G.P, DL (101) I.P WIPO (Switzerland)**
**ဘဏ်ဥပဒေအကျိုးဆောင်နှင့် အထက်တန်းရှေ့နေ (စဉ်-၉၆၄၁)**
**၅၄၂၊ ပထမထပ်၊ (AI) May Shopping Centre**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁၁၄၅၇၅**

## ဝန်ထမ်းအလိုရှိသည်

**စာရင်းကိုင် ၃ ဦး** **(ကျား/မ)**
- LCCI Level 3 အောင် (Computerized Accounting ကျွမ်းကျင်သူ ဦးစားပေးမည်။)
- Microsoft Office [Word, Excel, Powerpoint] ကျွမ်းကျင်ပိုင်နိုင်ရမည်။
- Microsoft Office Excel ကျွမ်းကျင်ပိုင်နိုင်ရမည်။ ဘွဲ့ရဖြစ်ရမည်။

**ရုံးစာရေး ၃ ဦး** **(ကျား/မ)**
- အနည်းဆုံး အထက်တန်းအောင်
- Microsoft Office [Word, Excel, PowerPoint] ကျွမ်းကျင်ပိုင်နိုင်ရမည်။

**Marketing Supervisor** **၃ ဦး(ကျား)**
- ဘွဲ့ရ(သို့)Marketing သင်တန်းပြီးသူ
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့်အထက်
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(အနက်)
- ဘီလပ်မြေအရောင်းတွင် စနစ်တကျဦးဆောင်၍ Planning လုပ်နိုင်သူ
- Marketing အဖွဲ့သားများကို Plan အတိုင်းဆောင်ရွက်နိုင်ရန် ညွှန်ပြနိုင်သူ

**Marketing Assistant** **၅ ဦး(ကျား)**
- Marketing သင်တန်းပြီးသူ
- လုပ်ငန်းအတွေ့အကြုံ ၃ နှစ်
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(အနက်)
- ဘိလပ်မြေအရောင်းတွင် ကျွမ်းကျင်သူဦးစားပေးမည်။

**Driver ယာဉ်မောင်း** **၃ ဦး(ကျား)**
- နယ်ခရီးထွက်နိုင်သူ၊ ယာဉ်မောင်းလိုင်စင်(င)လိုင်စင်
- အရက်သေစာအသောက်အစားကင်းရှင်းသူ
- လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ ၂ ပုံ၊ ရဲစခန်း/ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေ စာရင်းမိတ္တူတို့နှင့်အတူ Ninja Trading Company Limited No.35J, Thiti Yeik Thar Street, 7 miles (Pyay Rd), Mayangone Township Yangon ဖုန်း-၀၁-၆၅၅၉၄၀၊ ၆၅၂၀၁၉ တို့သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၂၃/ဗလီရှေ့)၊ ဦးပိုင်အမှတ်(၂၃၉၀)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၁၁ဧကရှိ ဦးဆန်မှတ် ၁၃/တယန(နိုင်)၀၀၁၇၆၉ အမည်ပေါက် မြေဂရန်အမှုတွဲအမှတ် ၇၂-၅/၁၉၉၅-၁၉၉၆(အေ)သည် ပျောက်ဆုံးသွားပါသဖြင့် မြေဂရန်မိတ္တူမှန် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဆန်မှတ် ၁၃/တယန(နိုင်)၀၀၁၇၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/2222 Hyundai STAREX Mini Bus (4x2) L ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၁၂/ဒဂမ(နိုင်)၀၃၁၆၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေလင်ပန်း/၂၂)၊ မြေကွက်အမှတ် ၁၀၄၉၊ အကျယ်အဝန်း(အလျားပေ ၄၀×အနံပေ ၆၀)ရှိ ဦးတင်စိုး ၁၂/ဒဂန(နိုင်) ၀၁၂၁၆၇ အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဇော်ဝင်း ၁၂/အစန(နိုင်)၀၆၈၃၆၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း (LL.B,D.B.L) အထက်တန်းရှေ့နေ**
**အမှတ်၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃**

## ကြော်ငြာစာ


မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၈)၊ ဦးပိုင်အမှတ် ၃၈၊ ၅၁လမ်းနှင့် ၅၂ လမ်းကြား၊ အနော်ရထာလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၆၆၈/၉၁-၉၂)အရ ဦးခင်မောင်ဝင်း AE-၂၄၃၇၈၀ အမည်ပေါက်သို့မြေရာဇဝင် (၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးခင်မောင်ဝင်း ၉/မရတ(နိုင်) ၀၆၈၇၅၄ က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။


**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် (မမ-၈)၊ ဦးပိုင်အမှတ်(၇၄)၊ ၄၆×၄၇ လမ်းကြား၊ ခေတ္တာလမ်းနှင့် ဂန္ဓမာလမ်းကြားရှိ တပ်သား ဝင်းဦးအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသန့်ဇင် ၇/ဖမန(နိုင်) ၂၃၄၇၅၂မှ မြေချထားမိန့်မူရင်းငွေသွင်း ပြေစာမူရင်းများ ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




**ရွှေနဂါး ကျိုက်ထီးရိုး(နေ့စဉ်)**
**❖ချောင်းသာ/ငွေဆောင်(နေ့စဉ်)**
ဟိုတယ်/စရိတ်ငြိမ်း စီစဉ်ပေးသည်။ ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

ဘတ်၊ ဟိုတယ်၊ စတိုးဆိုင်နေရာ
**ရောင်းမည်**
၁။ ၅၅'×၇၀'(မ/ဉ)(ဆေး-၂)
၂။ လိုင်စင်ရဟိုတယ်(ပုဂံ/ညောင်ဦး)
၃။ ၁၀'ကြိုပြတ်တုစလောင်း+စက်
စုံစမ်းရန် ဖုန်း-09 5010196

ကိုသန့်ဇင် **CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ်
လချုပ် အချိန်ပိုင်း ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁

**ပေါ်ဆန်းမွှေးသစ်ရပြီမျို့**
ဈေးချိုတဲ့ပေါ်ဆန်းမွှေးသစ်များရပြီမို့ 12ပြည်
အိတ်များဆောင်ပို့ပေးနေပါပြီ။
09-43334111 ☎01-682844
09-43334222 ☎01-682944
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၄၁၈၄၀ YUNDE-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၅/မရန(နိုင်)၁၅၇၈၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၂၈၄၆ Jialing, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ဝင်း ၁၀/မဒန(နိုင်)၀၂၀၉၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/6774, Honda F/T GE6 Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူသိန်း ၉/မရတ(နိုင်)၁၂၁၈၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၇၅၄၅၃ Yamaha DT 125 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီမောင် ၉/စကတ(နိုင်)၀၆၁၉၃၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ထီဆုကြီးပေါက်မည့်နေ့နှင့် ထီနံပါတ်တိကျစွာသိလိုလျှင်
(K.P) နက္ခတ်ပါရဂူ **ထီဘုရင် မြတ်ဆွေဦး** နှင့်တိုင်ပင်ပါ။
ကလေး၊ ဆိုင်၊ ကုမ္ပဏီအမည်ရွေး၊ အိမ်၊ ကား၊ ရာထူး၊ စီးပွားတက်ယတြာရလိုလျှင်
**နိုင်ငံခြားပြန် ဆရာမင်းငြေအောင်** နှင့် တွေ့ဆုံပါ။
ထိုက်စစ်-၁၀၀၀ကျပ်၊ ထီးဂဏန်း-၅၀၀၀ကျပ်၊ နယ်မှဖုန်းဖြင့်မေးနိုင်သည်၊ငွေကြိုပို့ပါ
ယ/၂၀၉၊ ဒေဝမာသီလမ်းမ (ဝေပုလ္လ)အနီး၊ မ/ဥက္ကလာ၊ ရန်ကုန်။
☎ 01-691492 📱 09-5010196

**ခရုသင်း** -အသားရောင်ဖြစ်စေရန်သောက်ဆေး/ရောင်ခြည်နှင့်အထူးကုသည်။
**လျှာ/ရင်သား/သားအိမ်ကင်ဆာ** - ခွဲ/ဖြတ်စရာမလိုဘဲ အထူးကုပေးသည်။
**ခုခံအားကျတီဘီ၊ ရက်ရှည်ဖျား-CD₄**တက်ပြီး**Negative**ဖြစ်အောင်ကုသည်။
**ရေဖျဉ်း[ဘီ][စီ]အသဲရောဂါ**- ရက်ပိုင်း/လပိုင်းနှင့်ကောင်းအောင်ကုပေးသည်။
**ဆီးချို/ဆီးကြိတ်/ကျောက်ပေါင်း**- အထူးသောက်ဆေးလပိုင်းနှင့်အပြီးကုသည်။
**(ဖုန်းဆက်မှာလျှင်အိမ်/နယ်အရောက် ဆေးပို့ပေးသည်)**
ဂမ္ဘီရဘုခဆေးတိုက် (ဝေပုလ္လလမ်းအနီး)☎-၀၁၆၉၁၄၉၂
ယ/၂၀၉ဒေဝမာသီလမ်း မ/ဥက္ကလာ၊ ရန်ကုန်။ 📱၀၉-၅၀၁၀၁၉၆

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဂ/၆၇၀၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(နေပြည်တော်)**

### ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၁-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ(ခ) ကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒိုဘီလိုင်း ၁လမ်း၊ အမှတ်(၁၉)နေ အစား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒိုဘီလိုင်း(၃)လမ်း၊ အမှတ်(၆)နေဟု အမှန်ဖတ်ရှုပါရန်။

### ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ရေနံချောင်းမြို့၊ အောင်ဆန်းသာယာအေးရပ်နေ ကျွန်တော် ကိုနောင်နောင်စိုး ၈/ရနခ(နိုင်)၀၉၇၃၀၂ ၏ဇနီးဖြစ်သူ မအေးမြင့်ထွေး(ခ)မအိအိမွန် ၈/ရနခ(နိုင်)၁၁၆၂၀၀သည် ကျွန်တော့်အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၂၀-၈-၂၀၁၅ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ကိုနောင်နောင်စိုး ၈/ရနခ(နိုင်)၀၉၇၃၀၂**

# တပ်မတော်လေယာဉ်တစ်စင်း စက်ချွတ်ယွင်းပြီး နေပြည်တော်လေဆိပ်အနီး၌ ပျက်ကျ



တပ်မတော် (လေ) မှ BEECH-1900 D အလတ်စားသယ်ယူပို့ဆောင်ရေး လေယာဉ်ပျက်ကျပြီးနောက် အပျက်အစီးများအား တာဝန်ရှိသူများက စစ်ဆေးနေမှုကိုတွေ့ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တပ်မတော် (လေ) မှ BEECH - 1900 D အမျိုးအစား အလတ်စား သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် ပုံမှန်စမ်းသပ်ပျံသန်းမှု (Flight Check) ပြုလုပ်ရန် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်လေဆိပ်မှ ပျံတက်စဉ် စက်ချွတ်ယွင်း၍ နေပြည်တော် လေဆိပ်အနီး၌ ပျက်ကျပြီး မီးလောင်ပျက်စီးခဲ့သည်။

အဆိုပါ လေယာဉ်သည် နေပြည်တော်လေဆိပ် လေယာဉ်ပြေးလမ်း၏ မြောက်ဘက်ထိပ်မှ ပေ ၂၀၀၀ ခန့်အကွာ လယ်ဝေးမြို့နယ် သဲကောကျေးရွာနှင့် ကြံခင်းကျေးရွာအနီးရှိ လယ်ကွင်းအတွင်းသို့ ပျက်ကျ၍ မီးလောင်ကျွမ်းခဲ့သဖြင့် နေပြည်တော် လေဆိပ်မှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များသည် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး လေယာဉ်မီးလောင်ပျက်စီးမှု

*စာမျက်နှာ ၃ ကော်လံ ၄* ❐

# မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်မှု ထပ်မံပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀** **သတင်း-ရဲရင့်ရှိုင်း**

၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲနောက်ဆုံးပွဲစဉ်အတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းက လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ပြိုင်ပွဲနှင့်ဝေးကွာနေသောကြောင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့များတွင် လေ့ကျင့်နေခြင်းဖြစ်ပြီး ဒုတိယမြောက်လေ့ကျင့်ခြင်းလည်း ဖြစ်သည်။ ဒုတိယမြောက် လေ့ကျင့်ခန်းအစီအစဉ်တွင် ကစားသမားအများစု လာရောက်လေ့ကျင့်ခဲ့ပြီး ရွေးချယ်ထားသော ပဏာမကစားသမား ၂၉ ဦးအနက် ၂၇ ဦးအထိ လာရောက်လေ့ကျင့်ခဲ့သည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**

မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့မှုများ ဂျပန်တိုးမြှင့် စာ » ၄
ကြံခင်း-ပုသိမ် အဆန်ရထားနှင့် နိုင်ငံခြားခရီးသွားယာဉ် တိုက်မှုဖြစ်ပွား စာ » ၁၄

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့် ဂုဏ်ပြုအစီအစဉ်တွင် နာမည်ကျော်အဆိုတော်များ ပါဝင်ဆင်နွှဲရန် ပွဲမဝင်ခင်ကြိုတင်ပြင်ဆင်

**သတင်းဆောင်းပါး ရီရီမြင့်၊ ဥမ္မာသန့် ဓာတ်ပုံ-လှမိုး**



အဆိုတော် နီနီခင်ဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ နာမည်ကျော်တေးသံရှင်များဖြစ်ကြသည့် ဝေလ၊ ချမ်းချမ်းနှင့် နီနီခင်ဇော်တို့၏ တေးသံသာများက ဖေဖော်ဝါရီ ၉ ရက်က ရန်ကုန်မြို့ ကိုးမိုင်ရှိ အင်ပါယာ တေးဂီတအဖွဲ့ စတူဒီယို၌ ပျံ့လွှင့်နေသည်။**

လာမည့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်မည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှစ်(၇၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်အဖြစ် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမြက်ခင်းပြင်၌ကျင်းပမည့် ဖျော်ဖြေပွဲအတွက် ပွဲမဝင်ခင်အပြင်က လေ့ကျင့်နေကြခြင်းဖြစ်သည်။

အဆိုပါ ဂုဏ်ပြုအစီအစဉ်တွင် အင်ပါယာတေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် ဇော်ဝင်းထွဋ်၊ ရင်ဂို၊ ဇော်ပိုင်၊ ဝေလ၊ ချမ်းချမ်း၊ ဆုန်သင်းပါရ်နှင့် နီနီခင်ဇော်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ပြီး အဆိုပါဖျော်ဖြေပွဲကို ညနေ ၄ နာရီမှစ၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"MRTV က ဟိုးအရင်ကတည်းက အများရဲ့ ရှေ့ပြေး

*စာမျက်နှာ ၅ ကော်လံ ၁* ❖



အဆိုတော် ချမ်းချမ်း

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNEWS




ဝင်းယူနတီရီဆော့ ဟိုတယ်(မုံရွာမြို့) တွင်
အခန်း(၁)ခန်းကို ကျပ် ၂၅,၀၀၀၊ ကျပ် ၃၀,၀၀၀ မှ စပြီး နံနက်စာ ဘူဖေး(Breakfast)
အပါအဝင် သင့်တင့်သော ဈေးနှုန်းမျိုးစုံတို့ဖြင့် လာရောက်တည်းခိုနိုင်ပါသည်။







Win Unity Resort Hotel (Monywa)
Bogyoke Road, Yone Gyi Quarter,
Kantharyar, Monywa Township,
Sagaing Division, Myanmar.
Tel & Fax : 95-71-22438, 22013,
23225, 23226

Sales & Reservation Office (Yangon)
C(1), Ground Floor, Thiriningalar Garden House,
Strand Road, Ahlone Township, Yangon, Myanmar.
Tel : 95-1-227389, 228448, 226755
Fax : 95-1-211932
Email : winunity.monywa@gmail.com
Website : www.winunityhotels.com



Win Unity Hotel (Pyin Oo Lwin)
8(B/3), Nandar Road, Quarter 6,
Pyin Oo Lwin (Near Kandawgyi Garden)
Mandalay Division, Myanmar.
Tel : 95-85-23079, 23080, 22775
Fax : 95-85-22775